www.burmeseclassic.com

# ပိပိုးနှင်း

# ကာမသိဒ္ဓိ

# ကျမ်း

BURMESE CLASSIC .com



စကြာအောင်စာပေ

ဆဋ္ဌမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## သတိပေး ကြေညာချက်

ကျွန်ုပ်အမှုသည်ဖြစ်သော ဆရာကြီး ပီမိုးနင်းသားများ စာပေမှ ဆရာကြီး၏ ကျမ်းစာအုပ်အမျိုးမျိုးနှင့် ဗဟုသုတပညာပေးစာအုပ်၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ဂဏန်းဗေဒင်၊ ဘာသာရေး၊ စုံထောက်ဝတ္ထု၊ သူရဲကောင်း စွန့်စားခန်းစာအုပ်များနှင့် စာတို ပေစများကို ထုတ်ဝေပြုစုခဲ့ပါသည်။ ၎င်းစာအုပ်များကို ပီမိုးနင်းသားများ စာပေမှသာလျှင် အမြဲထုတ်ဝေ၍ စကြာအေးစာပေ ဒေါ်အေးတင်နှင့်သားများက တစ်ဦးတည်း ဖြန့်ချိလျက်ရှိပါသည်။ တစ်ဦး တစ်ယောက်က ဆင်တူရိုးမှား ပုံတူကူးယူခြင်း တွေ့ရှိပါက တရားဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ သို့မဟုတ် ပုံတူကူး၍ ပုံနှိပ်ခြင်းကို တွေ့ရှိပြီး တရားစွဲဆိုနိုင်သည်အထိ လျှို့ဝှက်သတင်းပေးပါက ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပါမည်။

ဦးမင်းဆွေ ဘီ၊ အေ၊ အာရ်အယ်
ဗဟိုတရားရုံးရှေ့နေ
မှတ်ပုံတင် - ၁၇၇၀
၁၃/အခန်း (၁၄)၊ ပန်းဆိုးတန်း၊
ရန်ကုန်မြို့။ ဖုန်း - ၂၉၆၁၅၄။

ဆေးပညာမိုဠ်ငြိမ်းပြု

# ကာမသိဒ္ဓိလမ်းညွှန်ကျမ်း

ပ၊ ဒု - နှစ်တွဲပေါင်း (မူပိုင်)

ဒေါ်အေးတင် နှင့် သားများ
စကြာအေးစာပေ

ဖြန့်ချိရေး

ဒေါ်အေးတင်နှင့် သားများ
စကြာအေးစာပေ

www.burmeseclassic.com

# မာတိကာ

နိဒါန်း
၁။ အမျိုးသားတို့ တိုးပွားရေး ၁
၂။ ရောဂါများနှင့် ဆေးနည်းများ ၆
၃။ အဂါသေးငယ်နေခြင်းအတွက် ၃၀
၄။ ဆန္ဒအား မမျှသောသူများ ၃၆
၅။ ပထမပေါင်းသင်းခြင်း ၃၈
၆။ ကာမရောဂါများအကြောင်း ၄၃
၇။ ဂေါ်နော်ရောဂါ ၄၅
၈။ ဆစ်ဖလစ်ရောဂါ ၅၄
၉။ သားမွှားခြင်း ၅၈
၁၀။ သန္ဓေပျက်သောရောဂါ ၆၄
၁၁။ သန္ဓေတားမြစ်ခြင်း ၆၉
၁၂။ ရာသီမပေါ်ဘဲနေခြင်း ရာသီသွေးလွန်ခြင်း ၇၇
၁၃။ မိန်းမလှည့်နည်း ၈၀
၁၄။ မိန်းကလေး၏ အချစ်ကို သိနည်း ၈၃
၁၅။ လအလိုက် သုက်တည်ရာဌာနေများ ၈၅
၁၆။ ရင်ကို နှပျိုစေခြင်း ၈၇
၁၇။ ယောက်ျားကို ရအောင်ကြံနည်း ၈၉
၁၈။ လင်မယားအချစ်ကို တိုးတက်မြဲစေသောနည်း ၉၁
၁၉။ အရွယ်နှင့်ကာမ ၉၆
၂၀။ သုခချမ်းသာနှင့် ပြည့်စုံသော အိမ်ထောင်များ ၉၈
၂၁။ ယောက်ျားလေးမျိုး၊ မိန်းမလေးမျိုး ၁၀၃
၂၂။ ရာသီအကြောင်း ၁၀၈
၂၃။ အသက်ရာကျော်ရှည်နည်း ၁၁၁
၂၄။ ချစ်သူလက်စွဲကျမ်း ၁၁၆
– မိန်းမပျင်း ၁၂၁
– ဂုဏ်ကြီးရှင် ၁၂၂
– မိန်းမပေါ ၁၂၃
၂၅။ မသက်ာစိတ် ၁၂၅
– ဣန္ဒြေရှင် ။
– မယ်မငြင်းနှင့် မိန်းမမြတ် ၁၂၆
၂၆။ လူပိုထားခြင်း ၁၃၆
၂၇။ အိမ်လည်ခြင်း ၁၄၁
၂၈။ လူဝင်လူထွက် ၁၄၄
၂၉။ ယောက်ျားဝတ္တရား ၁၄၈
၃၀။ လင်နိုင်မိန်းမ ၁၅၀

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဤကျမ်းသည် စိတ်ကူးနှင့် ထင်ရာကို ရေးသော ကျမ်းမဟုတ်၊ ဥရောပ ပညာရှိကြီးများ ရေးသော ကျမ်းများစွာတို့ကို ဖတ်ရှုစုံစမ်းရေးသားခြင်းဖြစ်ရာ အချို့က ကြမ်းသည်ဟု ပြောကြပေလိမ့်မည်။ သို့သော် အိမ်ထောင်သည်တို့၏ ချမ်းသာရေးအတွက် မပြောလျှင်မပြီးသော အကြောင်းအရာများမှာကာမနှင့် သက်ဆိုင်လေရာ၊ ကြမ်းသလိုဖြစ်၍ နေ၏။ ရေးသူစိတ်၌ ကား ကြမ်းခြင်း၊ နူခြင်းကို အပထား၍ စာဖတ်သူများ၏ အကျိုးခံစားကြစေရန် ရည်ရွယ်ချက် တစ်ခုသာ ရှိလေရာ၊ အပြစ်တင်ကဲ့ရဲ့သူများရှိချေက အဘယ်သို့မျှ သဘောထားလိမ့်မည် မဟုတ်ပါကြောင်း။

ဤလောက၌ အရေးကြီးဆုံးသောကိစ္စသည် ကာမကိစ္စဖြစ်၏။ ၎င်းကိစ္စသည် လူမှန်သမျှ၌ မကင်းနိုင်သောကိစ္စ ဖြစ်လေရာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း၏အကြောင်းဖြစ်သဖြင့် သိလျှင်ချမ်းသာခြင်းအကျိုး၊ မသိလျှင် ဆင်းရဲခြင်းအကျိုး အမျိုးမျိုးတို့နှင့် တွေ့ကြုံလေသည်။ ဤအကြောင်းအရာများကို မသိခြင်းသည် စိတ်နှလုံး မြင့်မြတ် စင်ကြယ်ခြင်းကို ဖြစ်စေသည်မဟုတ်၊ အပြစ်ကိုသာ ဖြစ်စေနိုင် သည်ဟု အယူရှိအပ်လေသည်။ ထိုပညာနှင့်ဆိုင်ရာ ကျမ်းစာများကို ရှန့်ရှင်းကြမ်းတမ်းသည်ဟု မှတ်ထင်၍ ရက်စနိုး အမှုအရာဖြင့် ရှောင်ရှားခြင်းထက် အကြီးဆုံးသော အမှားသည် မရှိချေ။ ထိုအကြောင်းအရာတို့ကို သိနားလည်ခြင်း မရှိဘဲ အရွယ်သို့ ရောက်သူတို့မှာ မြေပုံမပါ၊ အိမ်မြှောင်မရှိ ကမ်းလမ်းကို မသိသော ပင်လယ်ပြင်သို့ လှေငယ်တစ်စင်းနှင့် ရောက်လာရသည်ထက် ကြောက်မက်ဖွယ်ကောင်းလေရာ ဤအရာ၌ နားရှိ၍နေရန် အမျိုးသား မြန်မာလူမျိုးတို့ အကျိုးငှာ၊ ဤကျမ်းကို အမျိုးမျိုးသော အင်္ဂလိပ် – ဟိန္ဒူကျမ်းတို့မှ ပြန်ဆိုလိုက်ရပေသတည်း။

**ပီမိုးနင်း**

၁၉၃၁ –ခု၊ မတ်လ ၁၂–ရက်၊
ရန်ကုန်မြို့။

❖ ❖ ❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၁၁/၉၇ (၂)
အဖုံးခွင့်ပြုချက်အမှတ် – ၁၆၇/၉၇ (၄)
အကြိမ် ............... ဆဌမ
အုပ်ရေ ............... ၁၀၀၀

၁၉၉၇–ခုနှစ် မေလ

ထုတ်ဝေသူ – ဦးကျော်ညွန့် (မြ–၀၂၅၅၁)
မကျီးကုန်း၊ ကန္တာရလမ်း၊
သုံးဆယ်မြို့။

ပုံနှိပ်သူ – နေမင်းအောင်ဆက်
(မြ – ၀၅၁၂၉)
၂၁၊ ရတနာလမ်း၊ (၁၆) ရပ်ကွက်
အပိုင်း ၂၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် – ဒေါ်နွဲ့နွဲ့ရီ (၀၂၉၃၄)
ပွင့်ဦးပုံနှိပ်တိုက်၊
အမှတ်–၆၅ (၁၃) လမ်း၊
လမ်းမတော်၊ ရန်ကုန်မြို့။



## ၁။ ချိုးသားတို့ ထိုးမွှားရေး

ဤကျမ်းငယ်၌ပါသော အကြောင်းအရာများကို အချို့က ကြမ်းသည်ဟု ဆိုကြပေလိမ့်မည်။ စင်စစ်မှာကား၊ မသိလျှင်မပြီး၊ အရေးကြီးသော အချက်ကြီးများ ဖြစ်သဖြင့် ကြမ်းသည်ဟု မှတ်ထင်သော်လည်း သေချာစွာ ဖတ်ရမည့် စာပိုဒ်များကို မကျော်လေနှင့်။

အိမ်ထောင်မှုအရာ၌ လိုလားတောင့်တချက် မပြည့်ဝက ဆင်းရဲခြင်း ဖြစ်တတ်လေ၏။ ရောဂါများ၍ အသက်ကိုတို စေတတ်လေသည်။ နှစ်ဦးလုံး အလိုပြည့်ဝသောအခါမှာကား အသက်ရှည်ဆေးကြီးပေတည်း။

မေထုန်ကိစ္စ၌ ယောကျာ်းသည် လုံ့လစိုက်သူဖြစ်၏။ မိန်းမမှာ အားမစိုက်ရချေ။ အားစိုက်သူမှာ စိတ်အားသန်သဖြင့် မိမိ၏အလိုသို့ ရောက်လွယ်၏။ လျင်မြန်စွာ ကိစ္စချောမောတတ်၏။ ငြိမ်သက်စွာနေရသူ မိန်းမမှာ ထိုကဲ့သို့ ရောက်ခါနီး ဆဲဆဲ၌ ယောကျာ်းဖြစ်သူမှာ ကိစ္စ ကုန်လွန်ပြည့်ဝပြီးလျှင် ချမ်းသာစွာ အိပ်စက်၍ ပျော်လေရာ၊ မပြည့်ဝသူမိန်းမခမျာမှာ ထိုစိတ်ကြောင့် အိပ်မပျော်ရုံမက လင်ဖြစ်သူကို မုန်းထားတတ်လေသည်။

ထိုကဲ့သို့ မကျေနပ်အားကြီးသောအခါ ဖောက်ပြန်ချင်သော စိတ်သည် ပေါ်ပေါက်၍ လာတတ်လေသည်။ မဖောက်ပြန်လျှင်လည်း မကျေနပ်သောစိတ်ကြောင့် အအိပ်အစားပျက်၍ ကိုယ်ရော, စိတ်ရော ဆင်းရဲပိန်ချုံးပြီး မကျန်းမမာ ဖြစ်တတ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တက်တတ်ခြင်း၊ စုန်းပယောဂ ပူးသကဲ့သို့ လည်းကောင်း၊ ဝက်ရူးနာကဲ့သို့လည်းကောင်း ဖြစ်တက်ခြင်း၏အစသည် ထိုအရေးကြီးသော ကိစ္စ၌ အလိုမပြည့်ဝခြင်းပင် ဖြစ်လေသည်။

မသိ မလိမ္မာသော လင်မယောက်ျားသည် ဤအရာ၌ ကစ်ကိုယ်ကောင်းပြုကျင့်ကာ အိမ်ထောင်မှု၌ ယောက်ျားမှာ တစ်ဖက်သတ် ခံစား,စံစားလျက် မိန်းမများမှာ ဆင်းရဲဒုက္ခကို ခံကြရလေသည်။ အများအားဖြင့် တွေ့ကြုံရသော အိမ်ထောင်သည်တို့အနက် ထိုကဲ့သို့သော တစ်ဖက်သတ်တစ်ကိုယ်ကောင်း လင်ယောက်ျားတွေ များသဖြင့်၊ ဆင်းရဲ ငြိုငြင် မရွှင်မသာ မှောင်ကျ၍နေသော အိမ်ဂေဟာများစွာပင် ရှိကြလေသည်။

အိမ်ထောင်ပြုပြီးနောက် စိတ်ကျေနပ်လောက်အောင် ရည်ရွယ်ချက် မပြည့်ဝဘဲ သေဆုံးရသော မိန်းမတို့သည်လည်း များစွာ ရှိကြလေသည်။

မိန်းမတစ်ယောက်သည် ယောက်ျားရပြီးသောအခါ မိမိ၏ အရီးဖြစ်သူအား "ကြီးကြီးရယ်၊ ကြီးကြီးတို့ ပြောတာတွေဟာ ဘာမှလဲ မဟုတ်ပါလား၊ အလကား အလုပ်ပါကလား" စသည်ဖြင့် ပြောဖူးလေသည်။ ထိုမိန်းမမျိုး၏ လင်ယောက်ျားသည် မသိမလိမ္မာသူဖြစ်သည်ဟု ဆိုရပေမည်။

ထိုသို့ မိန်းမများမှာ မကျေမနပ် မပြည့်ဝသောကြောင့် ပဋိသန္ဓေကိုယ်ဝန် မဖြစ်နိုင်ဟု မဆိုရချေ၊ မိန်းမများမှာ အလိုမပြည့်ဝဘဲလျက်လည်း ပဋိသန္ဓေ ဖြစ်နိုင်၏။

ပဋိသန္ဓေမှာ ယောက်ျား၏ သွေးနှင့်မိန်းမ၏ သားအိမ်၌ အသင့်ရှိသော သန္ဓေဥရောစပ်မိခြင်းကြောင့် ဖြစ်လေရာ၊ မိန်းမမှာ အလိုပြည့်ဝခြင်းတည်းဟူသော ကိစ္စ၏ ဆုံးခန်းသို့ မရောက်စေကာမူ၊ တောင့်တသော စိတ်ကြောင့် ပွင့်၍နေသော သားအိမ်က ယောက်ျား၏သွေးကို ခံယူပြီးလျှင် အတွင်း၌ရှိသော



သန္ဓေဥနှင့် ရောစပ်စေသဖြင့် သန္ဓေကို ဖြစ်ဖြောက်စေနိုင်လေသည်။

ထိုကဲ့သို့ မလိမ္မာသော ယောက်ျားနှင့် ပေါင်းဖက်ရသဖြင့် အလိုပြည့်ဝအောင် ခံစားရခြင်းမရှိဘဲလျက် ဝန်လေးသည့်အခါ ဇနီးသည်ခမျာ၏ စိတ်မှာ အဘယ်မျှလောက် စက်ဆုပ် မုန်းထားမည်ကို ဆင်ခြင် သိရှိနိုင်လေသည်။

အခါများစွာ မိန်းမသည် မသာကြည် ငြိုငြင်စိတ်ညစ်ရုံမက မဖြီးနိုင်၊ မလိမ်းနိုင်ဖြစ်ကာ ကြိတ်၍ပင် မျက်ရည်ကျတတ်လေရာ လင်ဖြစ်သူကိုလည်း ဖွင့်၍ မပြောရဲရှာသဖြင့် အထင်လွဲခံရပြီး၊ လင်မိုက်၏ နှိပ်စက်ခြင်းကို ခံကြရတတ်လေသည်။

ဒင်း ဘာမကျေနပ်စရာ လိုသလဲ၊ ကျုပ်မှာ တစ်နေ့လုံး ပင်ပင်ပန်းပန်းရှာရ ကျွန်ခံရပါတယ်၊ လက်ဝတ်လက်စား အပြည့်အစုံနဲ့ပါ။ အဝတ်ချို့ငဲ့ရသလား၊ အစားမှာ ချို့ငဲ့ရသလား။ ဒင်း–ဘာမသာမကြည်စရာရှိသလဲ၊ ကျုပ်ကို တမင်သက်သက် နှောင့်ယှက်တဲ့ မိန်းမယုတ်ပါပဲ စသည်ဖြင့် မိန်းမအပေါ်မှာ အပြစ်ကို ပုံ၍ ချလိုက်ကြလေသည်။

သို့ဖြစ်လေရာ အထင်ကြီးနှင့် ခုတင်ကြီးပေါ်၌ အိပ်မရှာသူ ဇနီးသည်ခမျာမှာ အထင်ကြီးရခြင်း၏ အကျိုးကို မခံစားရ၊ အပျိုဖြစ်စဉ်က တွေးတောသမျှ မုန်းဆစိတ်ကူး ကြိတ်ကြိတ်ပြီး ရှုံးခဲ့ရသမျှတွေဟာ ထူးကဲတာ မဟုတ်ပါကလား။ ဘာမဟုတ် ညာမဟုတ်နဲ့ နဂိုကလိုမနေမိလို့ အပျိုရည်ပျက်ရုံ ရှိပါကလား၊ ဗန္ဓုရသရက်၊ လက်ဖက်နှင့်ဝက်၊ မြိန်ရှက်တဲ့ အရသာတွေဟာ မင်္ဂလာဆောင်ရတာနဲ့စာလျှင် ပြာမှုန့်လောက် အရသာ မရှိ–ဆိုတဲ့ စကားတွေဟာ အလကား စကားတွေပါကလား။ "သွား အရသာ၊ ခါးဟာဝါ၊ ဩဇာဆီးနဲ့ လဲရီးလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စကားတွေဟာ ဦးပုညမသိလို့ပြောတာ ထင်ပါရဲ့၊ အစ်မကြီး လင်ယူမှ သိရမယ်ဆိုတဲ့ သင်္ဂဇာဆရာတော် ဘုရားကြီးရဲ့ စကားဟာလဲ အတော်ပင် မှားပါကလား စသည်ဖြင့် "အပျိုလို မနေမိလို့ ကိုယ်ရိတယ်လေး"ဆိုသည့်စကားလို၊ ကိုယ်ရိရှုံ မှုရှိသဖြင့် ယူကြီးမရဖြစ်၍ နေရသည့်အတွင်းမှာ "မယားနေစ၊ ကြောင်သေမှ"ဟူသောစကားမျိုးအရ လင်အ၊ လင်နှ၊ လင်ခွ သမားက မကြည်သာသည့် မယားအပေါ်မှာ ဒေါပွတာ စိတ်ပျက်ပြီး နှိပ်စက်ခြင်း ပြုတတ်လေရာ၊ စိတ်ပျက်သူ မယားချော မှာ ကဗျာကရာ အထုပ်ကို ပိုက်ပြီး အမေ့ထံ ပြန်၍ ပြေးချင်သောစိတ် ပေါ်ပေါက်လာတတ်လေသည်။

သို့ဖြစ်လေရာ နတ်ပြည်နှင့်တူသော လူ့ဘဝ အခြေအနေကို မိသေမိ အစွမ်းကုန်ခံစားကာ နှစ်ဦးနှစ်ဝ ကျေနပ်ပြီး လောကနိဗ္ဗာန်သို့ ကပ်ကြရအောင် ဤကျမ်းစာအုပ်၌ ပါရှိသော အချက်ဟူသမျှကို မလစ်ဟင်းစေဘဲ သတိနှင့်ဖတ်ခြင်းဖြင့် ထူးမြတ်သော အိမ်ထောင်အဖြစ်ကို ချင်းလက်သို့ ရောက်သော ကျောက်ရတနာကဲ့သို့ မဖြစ်စေဘဲ အစကနဦးကပင် အသေအချာ တတ်သိနားလည်ခြင်းဖြင့် အဖိုးတန်သော အချိန်များကို အလဟဿ မဖြစ်စေရအောင် လမ်းဖွင့်၍ပြလိုက်ရပေကြောင်း။

လောက၌ အိမ်ထောင်ပြုခြင်းသည် အရေးကြီးဆုံး ဖြစ်၏။ ရှက်သင့်သောအရာ၌ အရှက်လွန်လျှင် ဆင်းရဲတတ်၏။ သိသင့်သော အချက်ကြီးများကို မသိက၊ ဤဘဝသည် ငရဲနှင့် တူလှပေမည်။

ဤအရေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မသိဘဲ ထိမ်းမြားမင်္ဂလာပြုခြင်းသည် လမ်းပန်းမသိသော တောတောင်ခရီး



ကို မှောင်ထဲမှာ သွားသည်နှင့်တူသဖြင့် သုခစည်းစိမ်ကို မခံစားရရုံမက ဘေးဒုက္ခနှင့်ပင် တွေ့တတ်ကြလေသည်။

သို့ဖြစ်၍ အမျိုးသားတို့ တိုးပွားရေး၌ ကျန်းမာ သန်စွမ်းရေးနှင့် ပြည့်စုံစိမ့်သောငှာ မထိမ်မဝှက် အလင်းကိုပြသည်ကို အပြစ်ဆိုချေက ဆူးငြောင့်ကိုပြသူအား ငြောင့်ထောင်မှုနှင့် စွပ်စွဲသကဲ့သို့သာ ဖြစ်ဖို့ရှိလေရာ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပမာန မထားဘဲ အမျိုးသား၏ တိုးပွားချမ်းသာ ကျန်းမာရေးကို မျှော်ကိုးခါမှန်ရာကို အတိအလင်း ရေးသားလိုက်ရခြင်း ဖြစ်ပေကြောင်း။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ရောဂါများနှင့် ဆေးနည်းများ

ကျန်းမာသော သူတို့၌ (မအားမ) ခေါ် အိတ်သည် အလျား ၂-လက်မမှ ၃-လက်မရှိ၏။ ကြီးလွန်းလျှင် မကျန်းမာဟု သိရမည်။ အမြဲတွဲလျက်နေသောအိတ်သည် အားအင်နည်းပါး ပျော့ညံ့ခြင်း၏ အမှတ်ဖြစ်လေသည်။ ယောကျ်ားတို့၏ အင်္ဂါမှာ နဂိုအားဖြင့် ပျော့၍ သေးငယ်၏။ ၃-လက်မသာသာမျှသာ အလျားရှိ၏။ နဂို အနေအထားဖြင့် ပျော့၍ တွဲကျလျက်ရှိ၏။ ထကြွသောအခါ မာ၍လာ၏။ အလျား ၆-လက်မ၊ ၇-လက်မ သို့တိုင် ရောက်၏။ အရင်းဘက်၌ အဖျားဘက်ထက် အနည်းငယ် ပို၍ကြီးတတ်၏။ (ခြွင်းချက်များလည်း ရှိနိုင်လေသည်။)

မိန်းမများမှာ အပြင်၌ရှိသော နှုတ်ခမ်း၊ လမ်းပေါက်၊ သားအိမ်၊ ဥအိမ်ဟု ရှိလေသည်။ နှုတ်ခမ်းမှာ အကြီးအငယ် နှစ်မျိုးရှိ၏။ ၎င်းပြင် ကလိုတိုရစ်ခေါ် အသားဒုတ် (အစေ့လည်း ရှိလေသည်။)

နှုတ်ခမ်းမှာ ဝဲယာ တစ်ဖက်တစ်ချက် အလျား တစ်လျှောက်လုံးဖြစ်၏။ ပေါင်နှစ်ဘက်ကို ခွလိုက်သောအခါ အပြင် နှုတ်ခမ်းများသည် အတွင်းနှုတ်ခမ်းများပေါ်၌ ခေါက်၍ နေ၏။

ကလီတိုရစ်ခေါ် အသားဒုတ်ကို (အစေ့)ဟု ခေါ်သည်။

၎င်းအစေ့သည် နှုတ်ခမ်း၏ အပေါ်ပိုင်း၌ နှုတ်ခမ်း နှစ်ဘက် ထိစပ်သောနေရာတွင် ရှိ၏။ ထိုအစေ့သည် ယောကျ်ား အင်္ဂါ၏အဖျား ဦးခေါင်း၏ သဏ္ဌာန်မျိုးအတိုင်း အလားတူ ဖြစ်သည်။



လမ်းကြောင်းလမ်းပေါက်မှာ သားအိမ်သို့ ရောက်၏။ ယောကျ်ားအင်္ဂါ လုံးပတ်အလျားနှင့် ပမာဏအနက် အကျယ်မှာ တူညီတတ်၍ ၆ လက်မ၊ ၇ လက်မ အနက်ရှိ၏။ သားအိမ်၌ အဆုံးသတ်လေသည်။

သားအိမ်သည် ပိုင်းလျားသော သဏ္ဌာန်ရှိ၏။ အထက်မှ ကြိုးများနှင့် ဆိုင်းဆွဲ၍ထားသလို အကြောများနှင့် ဆိုင်းဆွဲ၍ ထား၏။ လည်ပင်းမှာ အောက်ဘက်၌ ရှိ၏။ နဂိုနေမှာ အထက် ပိုင်း၌ ကန့်လန့်ဖြတ် ၂-လက်မခွဲခန့် ရှိ၏။ အောက်လည်ပင်း ပိုင်းသို့ ရှူး၍ ဆင်း၏။ အခေါက်မာ၍ အတွင်း၌ သိမ်မွေ့သော အာရုံကြော များစွာရှိလေသည်၊ အောက်ပိုင်းအဝသည် အပြင်မှ လမ်းကြောင်းပေါက်နှင့် ဆက်၍နေလေသည်။

အော်ဘားရစ်ခေါ် ဥအိမ်မှာ ၂-ခု ရှိ၏။ သားအိမ် အထက် ထိုဥအိမ်များသည် တစ်ဖက်တစ်ချက်မှာ တည်နေကြ လေသည်။ ၎င်းတို့ သဏ္ဌာန်မှာ သေးငယ်၍ ယပ်တောင်ပုံ အကျိတ်များ ဖြစ်ကြလေသည်။ ၎င်းဥအိမ်များသည် မြွှန်ငယ် ကလေးများဖြင့် သားအိမ်နှင့် ဆက်လျက် ရှိကြ၏၊ ၎င်းမြွှန်များ ကို "ဖက်လိုပီယမ်း" မြွှန်များဟု ခေါ်သည်။

ကွက္ကိုလိင်၊ ပုလ္လိင်ရှိခြင်း၏ အကြီးဆုံးသော ရည်ရွယ် ချက်သည် ပေါက်ပွားခြင်း၏အတွက် ဖြစ်လေသည်။ သစ်ပင် တိရစ္ဆာန် လူ ဤသုံးဦးမှာ ဤအရာ၌ သဘာဝချင်းတူလေ သည်။ ပေါင်းဖက်ခြင်းဖြင့် ပွားများခြင်း ဖြစ်ရလေသည်။

အသက်ဟူသမျှသည် ဥက စ၏။ ထိုဥမှာ အဖိုမှ ဖြစ် သော (စပမ်း)ခေါ်သော သုက်နှင့်တွေ့မှသာ အသက်ကိုဖြစ် စေနိုင်လေသည်။ မိမိဘာသာ ဥသက်သက်က အသက် မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချေ။ ထိုသုက်သည် ကြဲဇာဓါတ်ဖြစ်၏။ ဥသည် မျိုးဖြစ်လေသည်။ သစ်ပင်များမှာလည်း ဥရှိ၏။ ပန်းများ၌ ကြည့်လျှင် ဝတ်မှုန်သည် သုက်နှင့် တူလေသည်။

မိန်းမများမှာ အမွေးအမျှင် လွှမ်းအုပ်စအရွယ်၌ ဥသည် စ၍ ပေါ်၏။ သို့သော်လည်း ဒေသအားလျော်စွာ ၁၀-နှစ်နှင့် ၁၅-၁၆ နှစ်စပ်ကြား၌ ၎င်းဥများ ဖြစ်ပေါ်တတ်လေသည်။ အိန္ဒိယ တိုင်းသူများမှာ အများအားဖြင့် ၁၂-နှစ် အရွယ်၌စ၍ ပေါ်တတ်လေသည်။

ထိုအရွယ်ကစ၍ သန္ဓေတည်သောအခါနှင့် နို့တိုက်သောအခါများမှ တစ်ပါး၊ နှစ်ပေါင်း ၃၀-ခန့်တိုင်အောင် ၂၈-ရက်လျှင် တစ်ကြိမ်ခန့် ထိုဥများ ဖြစ်ပေါ်တတ်လေသည်။

ထိုဥများရသောအခါ အဆိုပါပြွန်များဖြင့် သားအိမ်သို့ ဆင်းကြ၏။ ဆင်းသောအချိန်မှာ ၂၈ ရက်လျှင် တစ်ကြိမ်ဖြစ်သည်။ ထိုအခါ ရာသီသွေး ဆင်းလေသည်။ ထိုရာသီသွေးများသည် ဥများကို ဥအိမ်များမှ သားအိမ်သို့ ပို့ဆောင်သောသွေးများဖြစ်လေရာ တစ်ခါဆင်းလျှင် ၅-ရက်ခန့် ကြာလေသည်။

ဥများ သားအိမ်သို့ ရောက်သောအခါ တနင်္ဂနွေ နှစ်ပတ်လောက် နေ၏။ ထို့နောက် သန္ဓေမဖြစ်လျှင် အပြင်သို့ သက်ရောက်ကြလေသည်။ထိုဥများသားအိမ်သို့ ဆင်းလာသောအချိန်နှင့် အပြင်သို့ သက်ရောက်သော အချိန်စပ်ကြားယောကျ်ား၏ သုက်သွေးနှင့်တွေ့လျှင် သန္ဓေဖြစ်လေသည်။

ယောကျ်ား၏သုက်ရည်သည် ဝှေးစေ့အိတ်၌ စ၍ ဖြစ်၏။ ထိုသုက်သွေး၌ သုက်ကောင်ပေါင်း ထောင်သောင်းများစွာရှိရာ ၎င်းများစွာသော သုက်ကောင်များအနက် တစ်ကောင်ကောင်နှင့် ဥများတွေ့လျှင် သန္ဓေဖြစ်လေသည်။



သုက်ကောင်များမှာ မှန်ဘီလူးနှင့်ကြည့်မှ မြင်နိုင်လေသည်။ ထိုသုက်ကောင်တို့သည် ကြက်ဥအကာရည်နှင့် တူသော 'ပရော့စတိတ်' ခေါ် အရည်နှင့်ရောစွက်နေ၏။ ထိုအရည်မှာ ယောကျ်ားအင်္ဂါကို ပတ်လျက်ရှိသော လက်စွပ်ကြီးနှင့်တူသော ဂလန်းခေါ် အကျိတ်မှ ထွက်လေသည်။ထိုအကျိတ်အနီး၌ အိတ်ငယ်တစ်ခု ရှိ၏။ ထိုအိတ်ငယ်ထဲသို့ အရည်များ စုဝင်ကြပြီးလျှင် အသုံးဝင်ရန် အသင့်ရှိကြရလေသည်။

ဝှေးစေ့မှလာသော ပြွန်ချောင်းများဖြင့် သုက်သည် ထိုအိတ်ငယ်ထဲသို့ ဝင်ရောက်လေသည်။

အဖိုနှင့်အမ ပေါင်းသင်းကြ၍ သုက်သည် သားအိမ်သို့ ဝင်ရောက်ရာ၌ သုက်ကောင်နှင့်ဥ ပေါင်းသင်းကာ သန္ဓေဖြစ်ရလေသည်။

တိရစ္ဆာန်များ၌ သားအိမ်တွင် ဥရှိမှသာ အမသည် အဖို၏ နှီးနှောခြင်းကို ခံ၏။ သို့မဟုတ်လျှင် ငြင်းဆန်ကြလေသည်။ လူမှာမူ ထိုကဲ့သို့မဟုတ် အခါမရွေးချေ။

တိရစ္ဆာန် အမမှာမူ သားအိမ်၌ ဥအသင့်မရှိက ဆန္ဒစိတ် ကင်းပျောက်သလို နေလေသည်။

အချို့သော မိန်းမများမှာ ရာသီလာပြီးစအခါ၌ သိသိသာသာ တောင့်တတတ်၏။ ထိုအခါ၌ သားအိမ်အတွင်း ဥများရှိနေတတ်လေသည်။

အလွန်အကြူးမဟုတ်သော မေထုန်ကိစ္စသည် နှစ်ဦးစလုံးမှာ ကျန်းမာခြင်းကို ဖြစ်စေ၏။ ထိုကိစ္စသည် စားခြင်း သောက်ခြင်းနှင့် မခြားနားလှချေ။ စည်းစနစ်မကျ မှားယွင်းလွန်ကြူးသောအခါ၌ အန္တရာယ်ကို ဖြစ်စေသဖြင့် ကျန်းမာခြင်းကို ရေး၍ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းခြင်း၌ အထူးအရေးကြီးသော အချက်သည် အလျင်မလိုသင့်ခြင်း၊ လောမကြီးသင့်ခြင်း ဖြစ်လေသည်။ အများအားဖြင့် ယောကျ်ားများသည် စိတ်ကို ချုပ်တီးခြင်းမပြု၊ အစာကို မြင်သော ကျားလို ကျင့်တဘ်လေရာ များစွာ မှားယွင်းလေသည်။

ပေါင်းသင်းခြင်းပြုလိုသောအခါ ယောကျ်ား၏အင်္ဂါမှာ ထကြွသန်မာ၍လာ၏။ မိန်းမမှာလည်း ထိုအတူ ဖြစ်စေရမည်။ သို့မဟုတ်ချေက အကျိုးယုတ်တတ်လေသည်။ ယောကျ်ားအင်္ဂါမှာ ပြောင်းလဲရန် လွယ်ကူလျင်မြန်၏။

မိန်းမများမှာ ထိုကဲ့သို့ မဟုတ်တတ်ချေ။ ဤအချက်ကြီးကို အထူးသတိပြုမှ အိမ်ထောင်ခြင်း၏ သုခကို ခံစားရ၏။ မိန်းမများမှာလည်း အတွင်း၌ ယောကျ်ားကဲ့သို့ ထကြွ ပွရောင်ခြင်း ဖြစ်၏။ ထိုကဲ့သို့ ပွရောင်ထကြွခြင်းသည် စိတ်ပေါ်ပေါက်ခြင်း၏ အမှတ်ဖြစ်လေသည်။

သို့သော်လည်း ယောကျ်ားများကဲ့သို့ လျင်မြန်ခြင်း မရှိ၊ မိနစ်အတော်ကြာ စောင့်ဆိုင်းမှ ထိုကဲ့သို့ ဖြစ်တတ်လေသည်။ တစ်ခါတစ်ရံ နာရီဝက်ကြာတတ်၏။ နဂိုကမှအလွန် စိတ်သန်၍ နေလျှင်မူကား စောင့်ရန်မလို လျင်မြန်ထကြွ ပြောင်းလဲလွယ်လေသည်။

စိတ်ပေါ်ပေါက်သည့်အခါ နှစ်ယောက်စလုံးမှာ စွတ်စိုခြင်း ဖြစ်၏။ ထိုအရည်မှာ အရည်ကြည်ဖြစ်လေရာ၊ သွားလာခြင်းကိုစွ ချောမောစေခြင်းအလို့ငှာ သဘာဝ၏ ဖန်တီးခြင်းတစ်မျိုး ဖြစ်လေသည်။ မိန်းမများမှာ ထိုအခါ အတွင်းသားများ နူးညံ့ထကြွလျက် အလိုအလျောက် ပွင့်ကျယ်လာလေသည်။



အကယ်၍ မိန်းမ၌ ထိုကဲ့သို့ ဖြစ်သည့်တိုင်အောင် မစောင့်ဘဲ ယောကျ်ားသည် ရှေ့လောကြီးစွာ သွားလာမိချေက မိန်းမမှာ ပြင်းထန်စွာ နာကျင်တတ်သဖြင့် အလွန်ရက်စက်ရာသို့ ရောက်လေသည်။

သို့ဖြစ်၍ မိန်းမမှာ ပြောင်းလဲခြင်းရှိအောင် သိမ်မွေ့စွာ စ၍ နှူးနှပ်ရလေသည်။ ချစ်ခင်စွာ ယုယထွေးပိုက်ခါ လက်ဖြင့်၊ နှုတ်ခမ်းဖြင့်၊ စကားဖြင့် စိတ်ပါအောင် သွေးဆောင်ရလေသည်။

သွားလာနည်းမှာ အကောင်းဆုံးနည်းသည် မိန်းမက အောက်၌နေခြင်း ဖြစ်၏။ မိန်းမ၏ ဒူးနှစ်ဖက်ကို ကွေး၍ မြင့်မြောက်စေရမည်။ မိန်းမ၏ ခေါင်းအောက်၌ ခေါင်းအုံး မရှိစေရ၊ အိပ်ရာနှင့် တစ်ညီတည်း ရှိစေရမည်။ ယောကျ်ားက အပေါ်က ရှိစေရမည်၊ မိန်းမကို ကိုယ်နှင့်မဖိရ၊ တံတောင်ဆစ် နှစ်ဘက်ဖြင့် အိပ်ရာပေါ်၌ ထောက်မိရမည်၊ မိန်းမက ယောကျ်ားသို့ ဖက်စေရမည်။ ယောကျ်ား၏တံကောက်ခွက်ထဲ၌ မိန်းမ၏ ခြေဖနောင့်များ ရှိစေရမည်။

ယောကျ်ားအင်္ဂါကို မိန်းမအင်္ဂါအတွင်းသို့ မရောက်စေမီ မိန်းမ၏ အသားအငုတ် အစေ့နှင့် ယောကျ်ား၏ အင်္ဂါထိပ်ကို ထိစေ၍ တစ်မိနစ် နှစ်မိနစ်စီမျှ လှုပ်ခတ်၍ ပေးရမည်။ ရုတ်တရက် ချက်ချင်းအတွင်းသို့ မရောက်စေရ၊ မိန်းမ ကိုယ်တိုင်က, အထူးလိုလား၍ နေမှသာလျှင် မြန်စေရမည်။ ဆေးဆေး လေးလေး သိမ်သိမ်မွေ့မွေ့ တဖြည်းဖြည်း ယောကျ်ားအင်္ဂါ အလိုအလျောက်ကို ဝင်စေရမည်။ သို့ဝင်စေခြင်းအလုပ်ကို တဖြည်းဖြည်းလုပ်ရာ၌ နှူးနှပ်ခြင်း အမျိုးမျိုးကို ပြုရမည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးလျားလျား အတွင်းသို့ ရောက်လိမ့်မည်။ ထိုအခါ မိန်းမအင်္ဂါမှာ တိုး၍ ကျယ်ပြီး အနက်ကျ ဖြစ်သွားလတ္တံ့။

ထို့နောက် လှုပ်ရှားခြင်းကို စ၍ပြုရ၏။ ရှေ့တိုး နောက်ဆုတ် လှုပ်ရှားခြင်းကို ယောကျ်ားက ပြုရ၏။ မိန်းမကလည်း မရှက်မကြောက်ရ မိမိသဘောကျသလောက်အောင် အောက်မှနေ၍ အမျိုးမျိုး လှုပ်ရှားပေးရမည်။

အများအားဖြင့် ယောကျ်ားကသာ လှုပ်ရှားအပ်၏။ မိန်းမက လှုပ်ရှားခြင်းမပြုအပ်ဟု မှတ်ထင်တတ်ကြ၏။ ထိုအယူသည် များစွာ မှားလေသည်။ လှုပ်ရှားခြင်းသည် စိတ်အားစူးစိုက်ခြင်းဖြစ်သဖြင့် ကျေနပ်ပြီးမြောက်ခြင်းကို သာလွန် ဖြစ်လွယ်စေလေသည်။

လှုပ်ရှားခြင်း၌ ရှေ့တိုးနောက်ဆုတ်ပြုခြင်းမှာ ယောကျ်ားအင်္ဂါကို အကုန်အစင် အပြင်သို့ မရောက်စေဘဲ မိန်းမ၏ အင်္ဂါဖာတ်နှုတ်ခမ်းသားများဖြင့် ယောကျ်ားအင်္ဂါ၏ ထိပ်များ တော့ကနဲ၊ တော့ကနဲဖြစ်အောင် အပြင်သို့ ရောက်စေရမည်။ ထိုအခါ အရည်ကြည်သည် တိုး၍ များလာလိမ့်မည်။ ၎င်းနောက် ကိစ္စ၏ ဆုံးခြင်း တည်းဟူသော အော်ဂါဇင်းခေါ် အဖြစ်သို့ ရောက်လေသည်။

ထိုအခါ အဘယ်မျှလောက် ထူးခြားသော ခံစားရခြင်း ဖြစ်သည်ကို ပြောပြရန်ကား မရှိချေ။ ကမ္ဘာပေါ်၌ အထွတ်အထိပ် အကြီးဆုံးသော အတွေ့ပေတည်း။ အကြောအားလုံးတို့ကို သိမ့်သိမ့်ခါစေ၍ ထူးကဲသောပြီးဆုံးခြင်းကို ရောက်လေသည်။

ယောကျ်ားရော၊ မိန်းမရော ထိုအခြေအနေသို့ တစ်ပြိုင်တည်းဖြစ်စေ၊ မိန်းမက အရင်ဖြစ်စေ ရောက်အောင် ကြိုးစား



အပ်ခြင်းသည် အိမ်ထောင်ပြုခြင်း၏ သုခချမ်းသာခြင်းနှင့် ကျန်းမာခြင်းအတွက် အရေးကြီးဆုံး ဖြစ်လေသည်။ မိန်းမမှာ နှုတ်ခမ်းများပွင့်လျက် သွားများပေါ်၍ လာတတ်ခြင်း၊ တံတွေးနှင့် ယောကို လည်ချောင်း၌ မျိုခြင်းသည် ခံစားခြင်း၏ အစတစ်မှတ ဖြစ်လေရာ ထိုအခါ၌ ယောကျ်ားသည် လုံ့လကိုရှိစေလျက် အလျင်ဆောစွာ မပြီးစီးရအောင် ချုပ်တည်းရမည်။

ယောကျ်ားသည် ပြီးမြောက်သည့်အခါ ပြွတ်နှင့်တူ၏ သုက်သည် ပန်း၍ထွက်၏။ မိန်းမမှာမူ ထိုကဲ့သို့ မဟုတ်ချေ။ လှုပ်ရှားခြင်း၊ ကျယ်ခြင်း၊ ကျဉ်းခြင်း ထိုနေရာ ရပ်ကွက် တပြင်လုံး၌ အကြောများ ရှန့်ဆန့်ခြင်း၊ တွန့်ခြင်း တုန်လှုပ်ခြင်းဖြစ်ပြီး တစ်ကိုယ်လုံးရှိ အကြောများကို လှုပ်ခါလိုက်သကဲ့သို့ ဖြစ်လေသည်။ အကြောအချဉ် အဆစ်အမြစ်ဟူသမျှမှာ တုန်လှုပ်ခြင်း ဖြစ်၏။ တင်ပါးများနွှက်၍ လာတတ်၏၊ ကျောရိုး၊ မြီးညှောင့်ရိုး၊ ဒူးရိုးတို့မှာ ဒိုးကနဲ ဒန့်ကနဲ ဖြစ်တတ်၏။ လက်ချောင်းကလေးများမှာ ဆတ်ကနဲ ဖြစ်တတ်၏။

ထိုကဲ့သို့ဖြစ်ခြင်းသည် သန္ဓေတည်ခြင်းနှင့် တစ်စုံတစ်ရာ မသက်ဆိုင်ချေ။ အကြောင်းမူကား အထက်ဖော်ပြခဲ့သည်နှင့်အညီ ထိုကဲ့သို့မဖြစ်ဘဲလျက်လည်း သန္ဓေဖြစ်နိုင်လေသည်။ သန္ဓေမှာ ခံစားခြင်းနှင့်မဆိုင်၊ ယောကျ်ားသုက်နှင့် ဥပေါင်းသင်းခြင်းသာ သန္ဓေအတွက် လိုရင်းဖြစ်လေသည်။ သို့အတွက် မိန်းမမှာ မပြီးဆုံးက သန္ဓေမဖြစ်နိုင်ဟူသော အယူသည် မှားသော အယူဖြစ်လေသည်။

ပြီးသောအခါ ပျော့ခွေ၍ အိပ်ချင်၏။ ထိုအခါ မထဘဲ အိပ်ရမည်။ ထိုအိပ်ခြင်းသည် အားဆေး ဖြစ်၏။ အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



သော အိပ်ခြင်းဖြစ်လေသည်။ ထိုအိပ်ခြင်းသည် နိုးသောအခါ လန်းဆန်းခြင်းကို ဖြစ်လေသည်။

အချို့သော မိန်းမများသည် ပြီးလျှင်ပြီးချင်း ထ၍ ဆေးကြောတတ်၏။ အတွင်း၌ကျန်သော ယောကျ်ား၏ သုက်သည် မိန်းမကိုယ်တွင်းသို့ စိမ့်ဝင်ခါ အလွန်ကောင်းသော အားဆေးကြီးဖြစ်လေရာ ဆေးကြော၍ မပစ်ကောင်းပေ။ ထိုသုက်သည် ကျန်းမာဝဖြိုး သန်စွမ်းခြင်းကို ဖြစ်စေလေသည်။

သို့အတွက် အဖိုးထိုက်တန်သော ထိုအာယုဝဍန ဆေးကြီးကို ရေနှင့်သုတ်သင်၍မပစ်ရ။ စိုစွတ်စွာနှင့်ပင် အိပ်၍ ပျော်သော အလေ့အကျင့် ဖြစ်စေရမည်။ ထိုအရည်သည် အလွန်သန့်ရှင်းသော အရည်ဖြစ်၏။ ညစ်ညူးသောအရာ မဟုတ်ချေ။

အကယ်၍ သန္ဓေတည်မှာစိုးလျှင် ရေနွေးနှင့် ဆေးပစ်နိုင်၏။ ဆေးတိုင်းလည်း သန္ဓေကင်းလွတ်မည် မဟုတ်ချေ။ ရေအေးကိုမသုံးရ အန္တရာယ်ဖြစ်တတ်သည်။ အကြောင်းမူကား တရှိန်ရှိန်ပူ၍ ထကြွသော သွေးသည် ရေအေးနှင့် တွေ့လျှင် ဆန့်ကျင်၍ အလုပ်လုပ်ပြီး ချွေးထွက်နေခိုက်မှာ ရေချိုးသကဲ့သို့ မြန်မြန်ကြီး ရောဂါရတတ်လေသည်။

အထူးမှတ်ရန်မှာ မိန်းမမှာ မူလကပင် လွန်စွာ စိတ်သန်၍ မနေချေက ကိစ္စပြီးစီးခြင်းကို ယောကျ်ားများကဲ့သို့ လျင်မြန်စွာ မရောက်။ အများအားဖြင့် ယောကျ်ားက အလျင် ဖြစ်တတ်လေသည်။ ထိုအခါ မိန်းမမှာ မကျေနပ်ဖြစ်ကာ ကိုယ်စိတ်နှစ်ပါး ချုံးပြီး ငြိုငြင်ဆင်းရဲလျက် ရောဂါရတတ်လေသည်။ ယောကျ်ားကိစ္စ ပြီးစီးသည့်နောက် မပြီးသေးဘဲ ကျန်ရစ်သူမိန်းမမှာ ဖောက်ပြန်လိုသောစိတ် ပေါ်ပေါက်လာတတ်၏။



သို့ဖြစ်၍ မိန်းမက စိတ်အားသန်၍ သဘောကျကာ ရှိုးရှိုး ရှူရှူဖြစ်ခိုက်တွင် ယောကျ်ားမှာ လွန်စွာ ပြီးချင်၍ သုက်ကို မချုပ်တည်းနိုင်အောင်ဖြစ်ချေက မိမိ၏ဒွာရကို အတွင်းသို့ ဝင်အောင် ရှုံ့ပင်အောင် အားနှင့်ချုပ်ယူရင်းအသက်မရှူဘဲအောင့်ထားရမည်။ အခြားသော အကြောင်းအရာများကို တွေးတောရမည်။ တတ်သောမှတ်သော အရာတစ်ခုခုကို စိတ်ဖြင့် ရွတ်ဆိုရမည်။ ထိုအခါသုက်သည် တန့်ရပ်ခါဆိုင်းပြီး မိန်းမအလို ပြည့်အောင် ဖြည့်နိုင်လိမ့်မည်။ ထိုကဲ့သို့ သုက်ကို ချုပ်တည်းသောအခါ မိန်းမ၏ မျက်နှာကို မကြည့်နှင့်၊ အကြောင်းမူကား မျက်နှာ တစ်စုံတစ်ရာ ပြောင်းလဲပုံမှာ ယောကျ်ား၏စိတ်ကို လျင်မြန်စေနိုင်သော သတ္တိရှိလေသည်။

သို့ဖြစ်၍ ယောကျ်ားများသည် မိမိတို့၏ သုက်ကို မမြန်စေရအောင် ချုပ်တည်းနိုင်သော အလေ့အကျင့်ကို ရအောင် ကြိုးစားရန် အရေးကြီးလေသည်။ အိပ်မပျော် စားမဝင် ညူရက်စ် ဆေးနီယာခေါ် စိတ်ရောဂါ ကိုယ်ရောဂါမျိုး မိန်းမမှာ ဖြစ်တတ်လေသည်။

မိန်းမတို့၏ မကျန်းမာခြင်း၌ ရာခိုင်နှုန်း ရှစ်ဆယ်မှာ ထိုနည်းမျိုး များလေသည်။ ပေါင်းသင်းခြင်း၌ မိန်းမအလို ပြည့်ဝချေက တစ်နေ့တခြား ပြည့်ဝလာလေသည်။ ထို အချက်ကို မသိက ရောဂါဖြစ်သည့်အခါ ဆေးကု၍ မရ၊ အလိုပြည့်မှသာ ရောဂါကင်းနိုင်လေသည်။ ထိုရောဂါမျိုးမှာစိတ်ရောဂါနှင့်ကိုယ်ရောဂါ ရောစပ်သော ရောဂါမျိုးဖြစ်လေရာ အကြောင်းကို မသိက ကုသရန် ဆေးမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ပေါင်းသင်းခြင်းမပြုမီ မိန်းမက အလျင်ပြီး မြောက်စေဖို့ရန်အတွက် တင်ကြို နှုးနှပ်ခြင်း၌ အချိန်ကို အသုံး ပြုရမည်။

နှုးနှပ်နည်းမှာ မိန်းမအင်္ဂါ၏ အသားငုတ်ကို လက်ဖြင့် ညင်သာစွာ သုံးသပ်ပေးရမည်။ ယောက်ျား၏ လက်သည် မိန်းမ၏ တစ်ကိုယ်လုံးကို သိမ်မွေ့စွာ နှံ့စေရမည်။

ရင်သားကို ကိုင်တွယ်ကစားရမည်။ တစ်အုံလုံးကို ဆုပ်၍ မကိုင်ရ၊ နာကျင်တတ်၏။ အဖျားသီးကလေးကို နူးညံ့စွာ တစ်ရှုရှု ကိုင်ဆွ၍ ပေးရမည်။ အသီးကလေးထိပ်ကို လက်ဖျား ကလေးနှင့် ရွရွကြွကြွကလေး ပွတ်ပေးရမည်။ အသီးကလေးကို နူးညံ့စွာ ကိုင်တွယ်ရမည်။ နှုတ်ခမ်းချင်း ဖြည်းဖြည်း စုပ်၍ ကစားရမည်။ ထိုအသီးကလေးများ ကြွမြောက်၍ လာပြီး အင်္ဂါစပ်မှာ စို၍ လာလိမ့်မည်။

ပေါင်းတွင်းသားများကို လက်ဖြင့် ညင်သာစွာ သုံးသပ်ပေးရမည်။ နှုတ်ခမ်းသားချင်း ထိစုပ်ငုံရမည်။ သွားလာရာ၌ မိန်းမကို အရှက်အကြောက်ကင်းအောင် အားပေးပြီး လှုပ်ရှားခြင်း၌ ၎င်းက ပိုမို၍ များပေးရမည်။

အနေအထားမှာ ယောက်ျားအပေါ် မိန်းမက အောက် အရိုးခံနည်းသည် အကောင်းဆုံးဖြစ်၏။ အခြားနည်းများသည် အန္တရာယ်ကို ဖြစ်စေတတ်၏။ မွေ့တာနှင့် ဆန့်ကျင်လေသည်။ အကယ်၍ တစ်ယောက်နှင့်တစ်ယောက် ကိုယ်လုံးကိုယ်ထည် ချင်း မမျှ၍ ပေါင်းသင်းရန် ခက်ခဲမှသာ အခြားသင့်လျော်သော နည်းမျိုးကို သုံးရမည်။

ထိုခဲ့သို့ သွားလာရာ၌ မိန်းမက မပြီးနိုင်ဘဲ လွန်စွာ နေး၍နေလျှင် မိန်းမ၏ ခါးနှင့် တင်ပါးကို လှုပ်သာ ပင့်သာ



အောင် ယောက်ျားဖြစ်သူက မိမိ၏ခါးကို မိန်းမအပေါ်၌ ခပ်မြင့်မြင့်ကလေး လေးဘက်ထောက်ခါ မြှောက်၍ထားရမည်။ မိမိ သဘောအတိုင်း စိတ်ကျေနပ်အောင် အောက်ကနေပြီး လှုပ်ရှားခြင်း၊ မြှင့်၍ကပ်ခြင်းများကို ပြုစေရမည်။

ထိုကဲ့သို့ ပြုခြင်း၌ ယောက်ျားဖြစ်သူက မိမိ၏ အင်္ဂါကို မိန်းမ၏ အသားငုတ်နှင့် ထိလွယ်အောင် ချိန်၍ ပေးရမည်။ ထိုကဲ့သို့ ပြုလုပ်လျှင် မိန်းမမှာ ပြီးလွယ်၏။

သို့မဟုတ် ယောက်ျားသည် မိမိ၏အင်္ဂါကို မိန်းမ၏ အင်္ဂါအတွင်း၌ မြုပ်၍ နေစေပြီးနောက်၊ မိန်းမက အောက်က နေပြီး ခါးကို ထက်သန်စွာ ပင့်မြှောက်ပွတ်ကပ်စေရမည်။ သို့ပင့် မြှောက် ပွတ်ကပ်ခြင်း၌ လှုပ်ရှားခြင်းမှာ စကောဝိုင်းခေါ်သော နည်းမျိုး ဖြစ်စေရမည်။

မိန်းမများသည် ရာသီမလာမီနေ့နှင့် လာပြီးစမှာ စိတ် သန်တတ်၏။ အချို့ကလည်း ရာသီလာပြီး တနင်္ဂနွေ တစ်ပတ် ဟု ပြောကြလေသည်။

ရက်ပေါင်း ၂၈-ရက်အတွင်း၌ မိန်းမများသည် နှစ်ကြိမ် စိတ်လာတတ်၏။ သိရန်မှာ လွယ်ကူ၏။ ယောက်ျားက စသည့် အခါ သဘောကျပုံပြလျှင် လိုလားသည်ဟု သိလေ၊ ထိုအခါမျိုး၌ သွားလာလျှင် မိန်းမမှာ စိတ်ကျေနပ်လွယ်၏။ နှစ်ဦးနှစ်ဝ နှစ်သိမ့်ပျော်ရွှင် ချမ်းမြေ့မွေ့လျော်၏။ နှစ်ဦးနှစ်ဝ ကျန်းမာခြင်း ကို ဖြစ်စေသော ဆေးနှင့်တူသည့် အခါထူး အခါမြတ်ပေတည်း။

အချို့သောသူများမှာ သုက်သွေးကို ထိန်းနိုင်သော အားမရှိ၊ သုက်ကြွပြီး လွယ်တတ်လေရာ မိန်းမများမှာ များစွာ မကျေမနပ် ဖြစ်ရ၏။ ထိုလူမျိုးသည် ဆေးဆရာဝန်များကို စုံစမ်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာအောင် ကြိုးစားရမည်။ အများအားဖြင့် ထို ရောဂါမျိုးမှာ တစ်လ ကိုးသီတင်း ကုရတတ်သည်။ ငယ်စဉ်က လွန်ကြူးသူတို့မှာ ထိုကဲ့သို့ ဖြစ်တတ်သည်။

ထိုသုက်လွယ်သော ရောဂါမျိုးအတွက် အကောင်းဆုံး သော ဟိန္ဒူဆေးနည်းမှာ အောက်ပါအတိုင်းဖြစ်၏။ ညဉ့် သုက် လွှတ်သောရောဂါ အကြံသုက်လွယ်သော ရောဂါဟူသမျှအတွက် ထိုဆေးသည် လွန်စွာ ဆန်း၏။ ဤဆေးနည်း တစ်နည်းသည် ဤစာတို့၏ အဆီအပြန်များ၌ပွား ပိုမို၍ အဖိုးတန်ပါသည်။ စာအုပ်၌ လွယ်ကူစွာ ဖော်ပြသောကြောင့် အထင် မသေးအပ် ပေ။ သုံး၍ ကြည့်လေ။

နံနက်တိုင်း ပြည်ညောင်ပင်သို့ သွား၍ ပြည်ညောင် ရွက် တစ်ရွက်နှစ်ရွက်ကို ခူးပါ။ ညောင်နို့ဟူသော အစေးသည် တစ်ပေါက်ပြီးတစ်ပေါက် ထွက်ကျလိမ့်မည်။ ထိုအစေးလေးစက် ကို (Leaf Sugar)ခေါ် သကြားခဲပေါ်၌ ခံယူ၍ ၎င်းကို နံနက် တစ်ခါစား ညနေ၌လည်း ထို့အတူ၍ စက် တစ်ခါ စားပါလေ။ တနင်္ဂနွေ တစ်ပတ်ကြာလျှင် နံနက် တစ်စက်၊ ညတစ်စက် ပို၍ စား။ ထိုနည်းအတိုင်း တနင်္ဂနွေ လေးပတ် ကိုးစက်အထိ စားရမည်။ ကိုးစက်ထက် ပို၍ မစားရ၊ တနင်္ဂနွေ နှစ်ပတ်အတွင်း၌ သိသာခြားနားလိမ့်မည်။ သုက်သည် ပို၍ပျစ်ပြီး နိုင်၍လာပါ လိမ့်မည်။

ညောင်နို့ကို အစားတစ်စုံတစ်ရာမစားမီ အစာအိမ် ရှင်းခိုက်မှာ စားရမည်။ တဖြည်းဖြည်း တိုး၍ စားရမည်။

၎င်းကိုစားခိုက်မှာ ကြေလွယ်သော၊ နူးသော အာဟာရ ကို ငုံ့ရမည်၊ နွားနို့ကို သောက်ရမည်။ စပ်ပူဖွေးကြိုင်သော



ချက်တနီးမဆလာ၊ သရက်သီးသနပ်၊ ငရုတ်သီး စသည်တို့ကို မစားရ။ တတ်နိုင်သမျှ မေထုန်အမှုကို ရှောင်ရမည်။ လေ ကောင်းလေသန့်ရာတွင် လမ်းလျှောက်ရမည်။

တစ်ကိုယ်တည်း အာသာ ကျူးလွန်ခြင်းများကြောင့် ပန်းသေ၊ ပန်းပျက်ရောဂါများမှာ အခြားနည်းနှင့် ကုမရချေက အောက်ပါလိမ်းဆေးသည် လွန်စွာ စွမ်း၏။ အင်္ဂါ ကွေးကောက် ညိုးငယ်ကြုံလှီ၍နေသည်ကိုပင် နိုင်၏။

စိန်ဖြူ တစ်အောင်စကို AK အပ်ခေါ်သော အပင်၏ အစေး၌ တနင်္ဂနွေတစ်ပတ်စိမ်၊ ၎င်းစိန်ဖြူကိုအမှုန့်ကြိတ်၊ နွားနို့ ထောပတ်နှင့်ထပ်၍ တစ်နေ့လျှင်တစ်နာရီ သုံးရက်ကြိတ်၊ ကြွေ ပန်းကန်ပြားကြီး၏ တစ်ခုသော ထောင့်၌ ထိုကြိတ်ပြီးသော စိန်ကိုထား၊ ပန်းကန်ကို ခပ်စောင်းစောင်း ထားရမည်။ ထိုအခါ ထောပတ်အကြည် စီးဆင်း၍ လာလိမ့်မည်၊ စိန်မပါစေရအောင် သတိထားပြီး ထိုထောပတ်ဆီကြည်ကို ယူလော၊ သုံးခါနီးသော အခါကာတိုးအစစ် တစ်ဂရိန်ကို ထိုထောပတ်ဆီနှင့် ကြိတ်လေ။

ထိုဆေးကို သုံးနည်းမှာ ၎င်းလိမ်းဆေး နှစ်စက် လေး စက်နှင့် ယောကျ်ားအင်္ဂါကို လိမ်းရမည်။ အသားနုသော ထိပ်ကို ဆေးမထိအောင် သတိပြုရမည်။

ထို့နောက် အင်္ဂါကို ကွမ်းရွက် နှစ်ရွက်သုံးရွက်နှင့် ပတ် ပြီး အပေါ်က ဝတ်ထပ်၍ပတ်ပါ။ ၂၄ နာရီတွင် တစ်ကြိမ် ထိုနည်းအတိုင်း လိမ်းသုတ်၍ ပတ်ထားရမည်။ သုံးရက်နှင့် ခြောက်ရက်အတွင်း၌ နီသောအဖုကလေးများ ထွက်ပေါ်လာလိမ့် မည်။ သို့သော်လည်း နာကျင်ခြင်း မရှိပါ။ ထို့နောက် ဆေးသည် ကို တစ်ကြိမ်ထပ်၍ လိမ်းသုတ်ပါ။ ထိုလိမ်းသုတ်ခြင်းမှာ နောက်ဆုံး အပြီးသတ်ဖြစ်သည်။ ထို့နောက် နှစ်ရက် သုံးရက် ဆက်ပြီး ထောပတ်ရိုးရိုးနှင့် လိမ်းသုတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်း AK ခေါ်သောအပင်မှာ ကုလားဆေးပင် ဖြစ်၍ အတော်ရဖို့ ခက်ပါလိမ့်မည်။ သို့အတွက် အထိုင်၊ အထ၊ အကြွ၊ အားနည်းခြင်း၊ ကွေးကောက်နေခြင်းများအတွက် ၎င်းနှင့် အလားတူ စွမ်းသောဆေးများကို ဖော်စပ်ပြီး အသင့် ဝယ်ယူ အသုံးပြုနိုင်ပါသည်။ ထို့အတူ သုက်ခိုင်အောင် မှီဝဲသော ညောင်နို့ဆေးကိုလည်း ဒုက္ခခံ၍ ညောင်ပင်သို့ မသွားလိုက ဖော်စပ် ပြီးသားကို အသင့် ဝယ်ယူနိုင်ပါသည်။

**အခြားဆေးနည်းများ**

Phosphorus ဖော့စ်ဖော်ရပ်စ် အလွန်စွမ်းသော အားဆေး ဖြစ်၏။ သို့သော်လည်း အဂါပျက်စီးချို့ငဲ့၍ဖြစ်သော ပန်းသေရောဂါကို ကု၍မရ၊ ကိုယ်ခန္ဓာဓါတ်ရှင်း သွေးသား ကြောင့်ဖြစ်သော ပန်းသေရောဂါများအတွက်သာ သုံးနိုင်သည်။ အလွန်ပြင်းသော အဆိပ် ဖြစ်၏။ နည်းနည်းစီ လိ၍ မှီဝဲရမည်။

သို့မဟုတ်လျှင် အစာအိမ်ကို ဖျက်ဆီးတတ်၏။ အစာအိမ် အစာမရှိကလည်းမမှီဝဲရ၊ ၎င်းဆေးမှာ အဖြူ အနီ နှစ်မျိုး ရှိရာ အဖြူကို လုံးလုံးမသုံးရ၊ အနီကိုသာ သုံးရမည်။

ထိုဓာတ်ဂရိတ်တစ်ဝက်ကို ငါးကြီးဆီ သို့မဟုတ် ဆီဗာဒံ (Almond oil ဗာဒံဆီ) တစ်အောင်စနှင့် စပ်၍ ထမင်း စားပြီးနောက် လက်ဖက်ရည်ဇွန်းတစ်ဝက် မှီဝဲရမည်။ သို့မဟုတ် ကီးယက်ခေါ် ဆရာကြီး၏ အလိုအရ ၎င်းဖော့စ်ဖော်ရပ်စ် ဓာတ် ဆေးကို အပုံ ၄၀ ပုံ၍ တစ်ပုံကို ငါးကြီးဆီနှင့်ဖြစ်စေ၊ ဗာဒံဆီနှင့် ဖြစ်စေ စပ်၍ ကာမ စပ်ယှက်ခြင်းမပြုမီ နှစ်နာရီ၊ သုံးနာရီ အချိန် ခန့်လောက်မှာ တင်ကြို၍ မှီဝဲရမည်။ စပ်နည်းမှာ အထက်ပါ အမျိုးကို ကြည့်ပြီး တွက်၍ စပ်ရမည်။



ထို့နောက် အကျင့်ရှပြီးသောအခါ သတိနှင့် ဆေးချိန် ကို တိုးမှန်းမသိတိုး၍ ပေးလျှင် အားကို ချက်ချင်းထကြွစေ၏။

(Phosphide of Zinc) ဖော့စ်ဖိုက်စ်အော့ဇင့်ခေါ် ဓာတ်သည်လည်း အဆိုပါဓာတ်ပြာဖြစ်၍ သုံးနိုင်၏။ ဆေးချိန် မှာ တစ်ဂရိန်ကို အပုံ ၂၀ ပုံ၍ တစ်ပုံကို သုံးရမည်။ တဖြည်း ဖြည်း ဂရိန်၏ သုံးပုံတစ်ပုံအထိ တိုးနိုင်သည်။၎င်းကို Cantha Ridis ကံတာရစ်ဒစ်ခေါ် ပိုးကောင်နှင့်ရော၍ သုံးနိုင်၏။

၎င်းပိုးကောင်တင်ချာဆေးရည်ကို ၁၀–စက်မှ အစက် ၂၀ အထိ သောက်နိုင်၏။ ဆေးချိန်မလွန်စေနှင့်၊ အဆိပ် ဖြစ် သည်။ ဒုတိယအရွယ်၌ ပန်းသေသူတို့အတွက် အထူး ကောင်း ၏။ ကျင်ချောင်းမှာ နဂိုက ယားယံ နာကျင်၍ တစ်စုံတစ်ရာ ဖြစ်နေသည့်အခါ ၎င်းဆေးကို မသုံးရ။ သတိ ရှိကြစေ။

၎င်းဆေး ၁၀–စက်က အစက် ၂၀–အထိ တစ်နေ့ ၃ ကြိမ် သောက်ရမည်။ အဘယ်ပုံဖြစ်လာသည်ကို သတိနှင့် စောင့်ကြပ်၍ ကြည့်ပါလေ။

**ဆေးစပ်ခြင်း**

(အထူးသတိပြုရန်)။ ။အင်္ဂလိပ်ဆေးမှန်က ဆရာဝန် မဟုတ်ဘဲ စိတ်ကူးနှင့် မစပ်ပါနှင့်၊ အကြောင်းမူကား အင်္ဂလိပ် ဓာတ်ဆေးများမှာ Incompatible ဟုခေါ်သော ဓာတ်သဘော ရှိ၏။ ထိုသဘောမှာ နဂိုက အဆိပ်မဟုတ်သောဓာတ်များ ဖြစ် စေကာမူ စပ်လိုက်သောအခါ အဆိပ်အဖြစ်သို့ ရောက်သော သဘော ရှိလေသည်။

Materia Medica, မတီးရီးယားမီးဒီးကားခေါ် ဓာတ် ဆေးကျမ်း၌ ထိုဓာတ်သဘောများအကြောင်းကို ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းကျမ်းကို ဆောင်ထားပြီး အဘယ်ဓာတ် အမျိုးအစားကို အဘယ်ဓာတ်အမျိုးအစားနှင့် မစပ်ရ၊ စပ်လျှင် အဆိပ်ဖြစ်သည် ဟူသောအကြောင်းကို သေချာစွာ သင်ပြီးမှ သတိနှင့်စပ်ရမည်။ ဆရာဝန်မဟုတ်သူတို့သည် စိတ်ကူးနှင့်မစပ်လျှင် သာ၍ စိတ်ချရ၏။ ကျော်ဓာတ်သည် လေကိုနိုင်၏။ ထိုဓာတ်ဆေးသည် သွေးအားကို ပေး၏။ အခြား မည်သည့်ဓာတ်ကား အစာကို ကြေစေ၏-ဟူသော အသိကို ရရှိရုံမျှနှင့် အချို့သော မြန်မာဆရာကြီးများသည် စိတ်ကူးဉာဏ်ကို အသုံးပြုကာ စပ်တတ်ကြလေသည်။ ဥပမာ ရေသည် အဆိပ်မဟုတ်ချေ။ စမုန်ဆီသည်လည်း အဆိပ်မဟုတ်ပေ။ သို့ဖြစ်၍ စမုန်စပါးဆီ တစ်ဇွန်းကို ရေတစ်ပိဿာနှင့်စပ်၍ တစ်ကြိမ်လျှင် တစ်ဇွန်းသောက်ချေက အန္တရာယ်ဖြစ်ဖို့ မရှိချေ။ သို့သော်လည်း ၎င်းစပ်ထားသော ပုလင်း၌ နောက်ဆုံးချက်ကပ်တစ်ဇွန်းကို သောက်မိလျှင် ဧကန် ဘေးဖြစ်လိမ့်မည်။ အဘယ်ကြောင့် ဘေးဖြစ်သင့်ပါသနည်း။ဆီနှင့် ရေသည် စပ်၍မရနိုင်သော ဓာတ်နှစ်မျိုး ဖြစ်၏။ "ဆီနှင့်ရေလောက်ကွာခြားသည်" ဟူသော စကားကို ဆင်ခြင်ကြလေ။ သို့စပ်၍မရသော ဆီသည် ပေါလောပေါ်၍နေ၏။ သို့သော်လည်း ပထမသောက်သော ဆေးချိန်များမှာ ရေသာပါ၍ ဆီမပါ။ အနံ့အသက်သာ ပါတတ်လေရာ နောက်ဆုံး တစ်ဇွန်းမှာမူ ရေမရှိတော့ဘဲ အဆီချည်းသာကျန်လိမ့်မည်။ ထိုအခါ သောက်မိက ပူ၍ လူးလိမ့်ပြီး သေနိုင်လေသည်။

အထက်ပါ ဖော်ရပ်ကိုလည်း နတ်စ် ဗျောမိကာ Nux Vomica နှင့် လည်းကောင်း Damiana ဒါမီယာနာခေါ် ဓာတ်နှင့် လည်းကောင်း စပ်နိုင်၏။ ၎င်းစပ်ရာ၌လည်း ၎င်းဆေးများ၏



ဆေးချိန် အစွမ်းကုန်သုံးရမည်။ ၎င်း ဒါမီယာနာမှာ ရသာထုတ်၍ထားသော ဆေးဖြစ်၏။ မိမိချည်း သက်သက်မှာ ကာမအား မပေးနိုင်။ အခြားကာမ ပေးသော ဓာတ်များနှင့်စပ်၍သာ အများအားဖြင့် သုံးကြ၏။ ဆေးချိန်မှာ ၂-ဂရိန်မှ ဂရိန် ၂၀-အထိဖြစ်သည်။ ၎င်းဆေးချိန်မှာ အစိုင်အခဲပြုလုပ်ထားသော ဒါမီယာနာ၏ ဆေးချိန်ဖြစ်သည်။ အရည်မှာ ၁၀-မိနစ်မှ တစ်ဒရမ်အထိ သုံးနိုင်သည်။

(မှတ်ရန်) အင်္ဂလိပ် ဆေးဆိုင်များ၌ အစက်ချသော ဖန်ဆို့နှင့်ပုလင်းငယ်ကလေးကို ရနိုင်၏။ သုံးမှူး ငါးမှူးလောက် ပေးရမည်။ မိနစ်ခြင်ခွက်များလည်း ရှိ၏။

သက်ဖက်ရည် ဇွန်းတစ်ဇွန်းမှာ အစက် ၆၀ ရှိသည်။ တစ်ဒရမ်ဟု ခေါ်သည်။

Strychnia စထရစ်(ချ)နီးယားခေါ် ဆေးဖြစ်သည်။ အလွန် အစွမ်းကောင်းသောအားဆေး ဖြစ်သည်။

Strychnia တစ်ဂရိန်၏ ၆၀ ပုံ ၁ ပုံ Thymus သိုင်းမားစ် ၅-ပုံ၊ ဂရိန် Hypophysiz Sicca တစ်ဂရိန်၏ ဆယ်ပုံ တစ်ပုံ ၎င်းဓာတ်စုကို Capsule ကပ်ဆူးခေါ် ဆေးအိမ်ကလေးလုပ် နံနက်နှင့်ည မိုဝက အားကို တဖြည်းဖြည်း ပြည့်ဝဖွံ့ဖြိုး၍ လာစေလိမ့်မည်။ ပန်းသေရောဂါအတွက် စထရစ်(ချ)နင်းသည် လွန်စွာ အသုံးဝင်သည်။

၎င်းစထရစ်(ချ)နင်းကို တစ်ဂရိန်၏ ၃၀-လျှင် တစ်ပုံမှ အပုံ ၂၀-လျှင် တစ်ပုံအထိ သောက်နိုင်သည်။ ထိုးဆေးအဖြစ်နှင့်လည်း သုံးနိုင်၏။

စထရစ်(ချ) နင်းဆေးရည်မှာ ၂-မိနစ်က ၈-မိနစ်အထိ

www.burmeseclassic.com

www.burmeseclassic.com



သောက်နိုင်၏။ အချို့လူများမှာ ထိုးဆေးနည်းနှင့် သိသာသဖြင့် ထိုလူများအား ဆေးချိန်လျှော့၍ ပေးရမည်။

Messrse Burroughs wellcome & Co. ခေါ် လန်ဒန်မြို့ရှိ ဆေးတိုက်ကြီးများ၌ အားအစွမ်းသတ္တိအစားစားရှိသော စထရစ်(ချ)နင်းဆေးလုံးများကို ရနိုင်သည်။ ရန်ကုန်မြို့ ဒီဖူဇာဆေးတိုက်တွင် ၎င်းကုမ္ပဏီကြီးက ဆေးလုံးအမျိုးမျိုးကို ရနိုင်သည်။ ထိုတိုက်ကြီးက လုပ်သော ဆေးလုံးများကို Tabloid တက်ဗလွိုက်ဟု ခေါ်သည်။

ရွှေသည်လည်း အလွန်စွမ်းသော အားဆေးဖြစ်သည်။ အမြဲမှီဝဲလျှင် ကာမအား မလျော့နိုင်ချေ။ ရာသီသွေးအားကို တိုးစေသည်။ ပန်းနာသရောဂါအတွက် လွန်စွာကောင်း၏။ ကိုယ်တိုင် သုက်လွှတ်ခြင်းအလေ့ကြောင့် အားနည်းပြီး ညဥ့်အခါ၌ သုက်လွှတ်သည့်ရောဂါများ၊ အထအကြွ အားနည်းသောရောဂါများအတွက် အလွန်ကောင်း၏။ ညဥ့်အိပ်ရာ၌ အလိုလိုဖြစ်စေ၊ အိပ်မက်၍ဖြစ်စေ၊ သုက်လွှတ်ခြင်းသည် သုက်အားကောင်းခြင်း ပြည့်လျှံကြွယ်ဝအားကြီးခြင်းကြောင့် မဟုတ်၊ အားနည်းခြင်း၏ အမှတ်ဖြစ်၏။ ကျွန်ုပ်သည် အင်္ဂလိပ်ဆေး တစ်မျိုးကို မှီဝဲနေစဥ် ညဥ့်တစ်ကြိမ် နှစ်ကြိမ် သုက်လွှတ်ခြင်းဖြစ်ခဲ့ရာ ပထမ ကျော အောင့်ပြီးနောက် ဆေးဝါးလိုက်စားသော မြန်မာဆရာကြီးတစ်ယောက်သည် ထိုသတင်းကို ကြားရသဖြင့် ကျွန်ုပ်ထံသို့ အမြန်လာပြီး ခင်ဗျားမှာ ဆေးကောင်းတစ်ခုရှိတယ် ကြားရပါသည်။ ကျုပ်ကြားရတဲ့အတိုင်းမှန်လျှင် ခင်ဗျား သောက်တဲ့ဆေးဟာ အင်မတန် စွမ်းတဲ့ဆေးပဲ။ ကျုပ်သိပါရစေလို့ ပြောပါသည်။ ထိုအခါ ကျွန်ုပ်က ကျွန်ုပ်ဖြစ်ရပုံမှာ ရောဂါကြောင့် ဖြစ်ကြောင်း၊



ထိုဆေးနှင့်သက်ဆိုင်ဟန် မရှိကြောင်း၊ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အင်အားပြည့်ဝခြင်းကြောင့် မဟုတ်၊ အားယုတ် ပျက်စီးခြင်းကြောင့်ဖြစ်၍ လွန်စွာဆိုးသော ရောဂါဖြစ်ကြောင်း ပြောပြရာ မယုံမကြည်ရယ်မောပြီး မြန်မာဆေးအကွရာများကို ပါဠိနှင့် လင်္ကာနှင့် ရွတ်၍ပြပြီး အတင်းခံ၍ ငြင်းကာ ထိုဆေးကိုတောင်းသဖြင့် ပေးလိုက်ရသည်။ ထိုဆေးမှာ ကနေဒါပြည်၌ ဖော်စပ်သော Currants ခေါ် သစ်သီးတစ်မျိုးမှ ထွက်သော ဆေးဖြစ်ပါသည်။

ရွှေမှထွက်သော Chloride of gold ကလော်ရိုက် အော့ဂိုးလ်သည် ရွှေ၏သတ္တိ တည်ရာဖြစ်၏။ တစ်ဂရိန် ၆၄ ပုံ တစ်ပုံမှ ၁၆ ပုံ တစ်ပုံအထိ သုံးနိုင်သည်။ (ရေနှင့်သောက်)

Chloride of gold and sodium ကလိုရိုက်အော့ဂိုးလ်အင် ဆိုဒီယန်းခေါ် ရွှေနှင့် ဆိုဒီယန်းဓာတ် ၂ပါးမှ ထွက်သော ကလိုရိုက်ဆားကိုလည်း ဂရိန် ၃၀ ပုံ တစ်ပုံမှ ၁၂ ပုံ တစ်ပုံအထိ မှီဝဲပါ။ ထိုမှတဖြည်းဖြည်း ဂရိန် တစ်ဝက်သို့ ရောက်အောင် သောက်နိုင်သည်။ ဆေးလုံးအဖြစ်နှင့် သောက်ပါ။ ဆေးလုံးကို Kaolin ointment ကေအိုလင်အဝိုင်(တ)မင့်ခေါ် ကော်နှင့် လုပ်သည်။ ဆေးတစ်လုံးလျှင် စထရစ်(ချ)နင်း ဂရိန် ၂၀ ပုံ တစ်ပုံထည့်၍လည်း သုံးနိုင်သည်။ ရွှေမြဲ၍ တာရှည်စွာ သောက်လျှင် အစာအိမ်ကို ထိခိုက်စေ၍ အဂါ ထကြွသည့်အခါ နာကျင်တတ်သည်။ လွန်စွာစွဲ၍ မသုံးရ။ "တန်ဆေးလွန်ဘေး"မည်သည့်အရာမဆို၊ မည်သည့်ဆေးကိုမဆို ထိုအတူ လွန်လျှင် တစ်မျိုးစီ အန္တရာယ်ကို ဖြစ်စေသည်။

ရွှေဆေးဟူသမျှ အဆိပ်ဖြစ်၏။ သတိနှင့် ဆေးကိုက်ရ

www.burmeseclassic.com

www.burmeseclassic.com


မည်။ ၎င်းရွှေဆေးအဆိပ်ကို ဖြေသောဆေးမှာ ကြက်ဥအကာ၊ နို့ ဂျုံမှုန့် စသည်များ ဖြစ်သည်။

ကုလားဆရာကြီးများသည် ရွှေရွက် ရွှေဆိုင်းကို တစ်ဂရိန်၏ ၆ ပုံတစ်ပုံမှ ၃ ပုံတစ်ပုံအထိ အားဆေးအဖြစ်နှင့် ပေးကြ၏။ ပုလဲနှင့်ပြဒါး ရွှေပါဝင် ဖော်စပ်သော မာလ်တီဘာဖန်းခေါ် ဟိန္ဒူဆေးသည် အကျော်စောဆုံးဆေး ဖြစ်သည်။

Spermine စပါးမင်းခေါ် ဓာတ်သည် တိရစ္ဆာန်များ၏ ကာမနှင့်ပတ်သက်ရာ ဝှေးစေ့မှစ၍ အခြားအင်္ဂါများမှ ရသော ဓာတ်ကို ထုတ်၍ စီရင်ထားသော ဓာတ်ဖြစ်သဖြင့် အလွန်စွမ်းသော အားဆေးဖြစ်သည်။ ဥရောပဆေးဆိုင်ကြီးများမှာ ရနိုင်သည်။ ၎င်းကို Eid Testicularis မအားရည်ဟူသော အမည်နှင့်လည်း ရောင်းသည်။ ၎င်းကို ထိုးဆေးအဖြစ်နှင့် သုံးလျှင် ၁၅ မီနှင် ထိုးရသည်။ သောက်လျှင် မီနှင် ၃၀ Spermine Esstce စပါးမင်း အက္ခဆင်းသုက်ဆီ ဟူသော အဓိပ္ပာယ်မျိုး သက်ရောက်သော ဓာတ်အဖြစ်နှင့်လည်း ရောင်းကြ၏။ တစ်နေ့လျှင် ၂ ကြိမ် တဝက် ၂၀-၃၀အထိ သောက်နိုင်၏။ဆိတ်ဝှေးစေ့ကို ထောပတ်နှင့် ကြော်၍ စားခြင်းသည်လည်း အားဆေး တစ်မျိုး ဖြစ်၏။

Arsenic Trioxide အာစီနစ်ထရီ အောက်ဆိုက်ခေါ် စိန်ပြာ၊ ၎င်းပြင် Tabloid Acidi Arseniosi တာဘလွိုက် အက်ဆီဒီအာဆင်းနီအိုစီခေါ် စိန်-ဂရဲမီးဆေးလုံး၊ ၎င်းတို့ကို ထမင်းစားပြီးနောက်စားလျှင် ပန်းသေရောဂါ အားနည်းသော ရောဂါအတွက် ကောင်း၏။ စိန်ကိုစွဲ၍စားလျှင် အားဆေး ဖြစ်၏။



ထမင်းစားပြီးနောက်စားလျှင် ပန်းသေရောဂါ အားနည်းသော ရောဂါအတွက် ကောင်း၏။ စိန်ကိုစွဲ၍စားလျှင် အားဆေး ဖြစ်၏။

ဆေးခြောက်သည်လည်း အားဆေးဖြစ်၏။ Extract of Cannabis Indica အိတ်ထရပ်အော့ကန်းနားဘစ်အင်ဒီးကား ဆေးခြောက်ရသာဆီ တစ်ဂရိန်၏ ၄ ပုံ တစ်ပုံမှ တစ်ဂရိန်အထိ ၎င်းတင်ချာ Tincture of Cannabis indica ကို ၅ မီနင်က ၁၆ မီနင်အထိ သုံးနိုင်သည်။

၎င်းဆေးရည် တစ်ဖြိမ်အထိသောက်။ လွန်စွာ ကောင်းသော အားဆေး။

(မှတ်ရန်။ ။ပန်းသေဆေး မှန်သမျှ အားဆေး၊ အားဆေးဟူသမျှ ပန်းသေဆေးကြီး ဖြစ်လေသည်။)

## အခြားစပ်ရန် ပန်းသေဆေးများ

Zinci Phosphidi ဇင်းစီဖော့စဖိဒီ။ ဂရိန် ၁၀ ပုံ ၁ ပုံ။
Extra nux vomica အိတ်စ်ထရပ်နတ်စ်ဗော့မီကား
၄ ပုံ ၁ပုံဂရိန်။တစ်ဂရိန် ဆေးလုံးတစ်လုံး။တစ်နေ့၃ကြိမ်။
Tincture nux vomica တင်ချာနတ်စ်ဗော့မီကား
Tincture ferrichloridi တင်ချာဖရီးကလိုရိုးဒီး
Tincture Cantharidis တင်ချာ ကန်သာရီးဒီး(စ်)၄ဖြိမ်စီ၊
တစ်ခါသောက် ၁၀ စက်။ တစ်နေ့ ၃ ကြိမ်။
Phosphori ဖော့စ်ဖော်ရီ ၄ ပုံ တစ်ပုံ ဂရိန်။
Ferriarsenitis ဖရီးအာဆီနီတိစ် တစ်ဂရိန်။
Strychnine Sulphate စထရစ် (ချ)နင်းဆာလဖိတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဂရိန်၊ Quinine Hydrochlorate. ကွီနိုင်ဟိုက်ဒရိုကလိုရိတ် ၂၄ ဂရိန်။ တစ်လုံး တစ်နေ့ ၃ ကြိမ်။ ထမင်းစားပြီး တစ်လုံး။

Extract Damiana အိတ်စ်ထရပ်ဒါမီယားနား ၃ ဂရိန်။

Phosphorus ဖော့စ်ဖော်ရပ်စ် ဂရိန် ၃၀ပုံတစ်ပုံ၊ တစ်လုံး တစ်နေ့ ၃ကြိမ်။

Chloride of gold and Sodium ကလိုရိုက်အောက်ဂိုလ် အင်ဆိုးဒီးယင်း ဂရိန် ၁၀ပုံ တစ်ပုံ။

Zinc phosphide. ဇင့်ဖို့စ်ဖိုက်(ဒ်)ဂရိန် ၁၀ ပုံ တစ်ပုံ

Strychnine စထရစ် (ချ)နင်းဂရိန် ၆၀ ပုံ တစ်ပုံ။

Ext. Damiana အိတ်စ်ထရပ် ဒါမီယာနာ ၂၈ဂရိန်။ တစ်လုံးစာ။

Zinc phosphide ဇင့်ဖေါ့စ်ဖစ်ဂရိန် ၂၅ ပုံ၊ တစ်ပုံ။

Ext Nux vomica အိတ်စထရပ်နတ်ဖျောမီကား ၄ပုံ၊ တစ်ပုံ ဂရိန်။

Cantharidis ကန်သာရီးဒီး(ပိုး) ၄ပုံ၊ တစ်ပုံဂရိန်။

Ext. Damiana အိတ်ထရပ်ဒါမီယားနား ၂ ဂရိန်၊ တစ်လုံးစာ။

### အောက်ပါဆေးသည် လွန်စွာကောင်း၏။

Iron and quinine Citrate အိုင်းယန်းအင်ကွီနိုင်းဆိုင်းထရိတ် ၃ ဒြမ်။

Fluid Ext. Coca ဖလူးအစ်အိတ်စထရိပ်ကိုကား ၂ ဒြမ်။

Tincture gentian Comp. တင်ချာဂျင်တီးယမ်းကွန်ပိုဖ်တား တင်ခအောင်စနှင့် တစ်ဝက်။

Tincture Nux vomica တင်ချာနတ်ဖျော်မီကားမီနင် ၃၀။ ...အောင်စဝက်၊ ရေဝိုင်ကလပ်တစ်ခွက်မှာ လက်ဖက်ရည်ဇွန်း ကာမသိဒ္ဓိ တစ်ဇွန်းထည့်သောက်။ တစ်နေ့ ၃ ကြိမ်၊ ထမင်းစားပြီး တစ်နာရီ ကြာမှသောက်။

### အလွန်ကောင်းသော အောက်ပါနည်း၊

Strychnine Arsenic စထရင်းချနင်းအာရ်စနစ် ဂရိန် ၁၃၄ ပုံတစ်ပုံ။

Quinine arsenate ကွီနိုင်အာစီနိတ်၊ ဂရိန် ၆၄ ပုံ တစ်ပုံ။

Iron arsenate အိုင်ရင်း အာရ်စီနိတ်၊ ဂရိန် ၆၀ ပုံ တစ်ပုံ။

Solution of Nuclein ဆိုလျူးရှင်းအော့ ညူကလိန် ၄ ဒြမ်။

ထမင်းစားပြီးတိုင်း ၂ နာရီ၊ သို့မဟုတ် ၃ နာရီလျှင် တစ်ကြိမ်။ အိပ်ရာဝင်ချိန်၌ တစ်ကြိမ်၊ လူအိုများအတွက် အလွန်ကောင်း၏။

### အထအကြွ အားနည်း၍ သုက် မကြာမကြာ ထွက်ခြင်းအတွက်

Ergotin အာရ်ဂိုတင် တစ်ဂရိန်။

Extract belladonna. အိတ်စ်ထရပ်ဘာတ်လားဒေါနား ၄ ပုံ ၁ ပုံ ဂရိန်။

Strychnine, စထရစ်(ချ)နင်းဂရိန် ၃၀ ပုံ တစ်ပုံ။ တစ်လုံးစာ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အင်အားလျော့နေခြင်းအတွက်

Ext. Belladonna အိတ်စ်ထရပ်ဘက်လာဒေါ်နား ၄ပုံ ၁ ပုံ ဂရိန်။

Ext. Nuxvomica အိတ်စ်ထရပ် နတ်စ်ဗျော်မီကား ၄ပုံ ၁ပုံ ဂရိန်။

ကတိုး ၄ ပုံ ၁ ပုံ ဂရိန်။

Ext. Damiana အိတ်စ်ထရပ် ဒါမီယားနား ၂၈ ဂရိန်။ တစ်လုံးစား။

### သွက်ချာပါဒလိုဖြစ်၍ အားကုန်ခြင်းအတွက် အလွန်ကောင်း၏။

Auri Bromidi အော်ရီအိဘရိုမီဒိ ဂရိန် ၂၄ ပုံ ၁ ပုံ။

Sodii glycerophosph ဆိုဒီအိ ဂလီဆီရိုဖို့စ် ၂ ဂရိန်။

Ext. Damiana အိတ်စ်ထရပ် ဒါမီယာနား တစ်ဂရိန်။

Ext. Nux Vomica အိတ်စ်ထရပ် နတ်စ်ဗျော်မီကား ၄ ပုံ ၁ ပုံ ဂရိန်။

Ext. Cannabis Indica အိတ်စ်ထရပ် ကန္နားဘစ်အင်ဒီးကား ၄ ပုံ ၁ ပုံ ဂရိန်။ တစ်လုံးစား တစ်နေ့ ၂ ကြိမ်။

### အားအတွက် လိမ်းဆေးများ

Tincture Capsicum တင်ချာ ကပ်စီကမ် မိနင် ၃၀။

Boracid acid ဘိုရက်ဆစ်အက်ဆစ်တစ်ဒရမ်။

Petro latum ပထရိုလားတမ်း တစ်အောင်စ။



### လိမ်းဆေး

တင်ချာကန်သာရိဒီ ၄ ပုံ ၁ ပုံဒရမ်။ ဒရေ ၄ အောင်စ။ အော်ဒီကလုံး မွှေးရုံထည့်။ လိမ်းဆေး။ အားနည်းသော အခါ အင်္ဂါအရင်း၌ပွတ်ရန်။ ပရုတ် ၁၀–ဂရိန်။

Oleoresin Capsici အိုလီအိုရီဇင်းကပ်ဆီ ၃ ဂရိန်။

Ole. Sinopis အိုလီဆီနိုပစ် ၂ မိနင်။

Petrolati ပထရိုလာတီး ၂ ဒရမ်။

### ဂေါ်နော်၊ ပန်းသေ အားနည်းခြင်းအတွက် လိမ်းဆေး။

Nucleinate Silver နူကလီ နိတ်ဆီးလ်ဘား ဂရိန် ၃၀။

Suprarenalin ဆူပရာရီနာလင်း ၁ ပုံ ၂ ပုံ ဂရိန်။

Ryoktania (Blue) ပျိုတေးနီးယား (အပြာ) ၁၀ ဂရိန်။

Lanoline လင်နိုင်းလင်း ၆ ဒရမ်။

Olive oil အော်လစ်ဝိုင်း သံလွင်ဆီ ၂ ဒြမ်။

Compound Salep Powder ကန်ပေါင်းဆားလက် ပေါင်ဒါခေါ် ကုလားဆေးမှုန့်သည်၊ သုက်ကို ခိုင်စေ၍ ကိစ္စကို ကြာစေ၏။ နို့၌ တစ်ဒြမ် ထည့်သောက်ရသည်။ ကုလားဆေးဆိုင်ကြီးမှာ ရှိသည်။

### မထ မကြွ ပျော့၍နေသော အင်္ဂါဇာတ်အတွက်

Agaricusmus အာဂါရီကားစ်မာ့စ်ခေါ် ဆေးသည် ကောင်း၏။ အဆိပ်အတောက်မပါ။

Ambergris အမ်ဘားဂရစ်သည် ဝေလငါး၏ သုက်မှ ဖြစ်သည်။ အလွန် စွမ်းသည်။ အဖိုးတန်သည်။

www.burmeseclassic.com

www.burmeseclassic.com



Echinacea အက်ခီနာရှာခေါ် ဆေးမှာ စိတ်ပေါ် ပေါက်လာစေ၍ အားဖြစ်စေသော လိမ်းဆေးဖြစ်သည်။ အင်္ဂါမှာ လိမ်းပါ။

Gelsemium ဂျယ်စီမီးယမ်းမှာ သုက်လွှတ်သော ရောဂါ၊ သုက် မထိန်းနိုင်သော ရောဂါအတွက် ကောင်း၏။

တရုတ်အမွှေးတိုင်ကို အိပ်ခန်း၌ ထွန်းညှိ၍ထားလျှင် စိတ်ကို တိုးကြွစေ၍ အားကိုလည်း ဖြစ်စေ၏။

Nupher Lutem B ညူဖာလူတမ်း အားနည်း၍ နောက်ဖေးသွားရာ၌ သုက်အလိုလို ထွက်ခြင်း၊ ၎င်း၏ Cluid Extract အရည်သာဆီမှာ ၅ စက်၊ တစ်နေ့ ၃ ကြိမ်၊ ၄ ကြိမ် များများ ဒသောက်။ သောက်လျှင် ကာမစိတ်ကို ပျောက်စေ၏။

Silenium ဆီလီနီးယမ်း။ ဓာတုသာတစ်ကိုယ်တည်း ပျော်ရွှင်မှု၌ လွန်ကြူးသောကြောင့် ပန်းသေလျှင် ၎င်းဆေးလုံးကို နံနက်တစ်ကြိမ် ညတစ်ကြိမ် သောက်ရမည်။ ထိုဆေးမှာ ဟိုမီယိုပါသီ ဆေးဖြစ်၍၊ ဒသမ နံပါတ်များနှင့် အသုံးပြုရလေသည်။ Sixth decimal ၆ ဒသမခေါ် ဆေးကို ဝယ်ရမည်။

ကန့်သည် သုက်သိပ်အားကြီးခြင်း၊ မအား တွဲခြင်း၊ အားနည်း၍ အင်္ဂါအေးခြင်း၊ ဆန္ဒစိတ် အားလျော့ခြင်း၊ အလိုလို သုက်လွှတ်ခြင်းများအတွက် ကောင်း၏။

Aphrotona အဖရော့တော်နား ၅ စက်၊ ရေ တစ်အောင်စနှင့် သောက်။ ၃-နာရီ တစ်ကြိမ်၊ သုက်လွှတ်ခြင်း အားနည်းခြင်းကို နိုင်၏။

Murise မြူရစ် ဤဆေးမှာ ထိရှနှင့် ကာမစိတ် ပေါ်လာသည်ဟု အပြောရှိသည်။ ဟိုမီယိုပါသီ ဆေးဖြစ်၍ နံပါတ် 3xကို ဝယ်သောက်ပါ၊ အဆိပ်မဟုတ်။



သွားလာရာ၌ အင်္ဂါ အလိုလို ပျော့ကျ၍ သုက် မလာလျှင် Caladium Seguinum ကာလာဒီးယမ်းဆီဂွီးနမ်းကို သောက်ပါ။ အဆိပ်အတောက်မဟုတ်။ နံပါတ် 3rd နှင့် 6th attenuarion ဟု ပြော၍ ဟိုမီယိုပါသီဆေးဆိုင်မှာ ဝယ်ပါ။

ဟိုမီယိုပါသီခေါ်သည်မှာ ဆေးအတတ်တစ်မျိုး ဖြစ်သည်။ ၎င်းဆေးဆိုင်မျိုးတွေ ရန်ကုန်မှာ ရှိသည်၊ အိန္ဒိယမှာလည်း ရှိသည်။

အားဆေး ပန်းသေရောဂါနှင့်ဆိုင်သော ဆေးစသည့် ဆေးအမျိုးအရေအတွက် ဖော်စပ်နည်းတွေ များစွာ ရှိကြလေရာ ၎င်းတို့ကို ကာမနှင့်ဆိုင်သော ကျမ်းအမျိုးမျိုးတို့မှ ထုတ်နုတ်စုဆောင်းရမည်ဆိုလျှင် လွန်စွာ များပြားနိုင်လေသည်။ သို့သော်လည်း ထိုတော်နစ်အားဆေး အမျိုးမျိုးတို့အနက် အချို့မှာ အဟုတ်တကယ် လူကို ကျန်းမာစေ၍ အားအင်ကိုဖြစ်စေနိုင်သော်လည်း များစွာသော ထိုသို့ အားဆေးတို့မှာ အဟုတ်တကယ် အားကို ဖြစ်စေသည် မဟုတ်၊ လှုပ်ရှားခြင်းဖြစ်ရုံမျှ ဆွ၍ ပေးသော ဆေးများ ဖြစ်ကြလေရာ၊ ရှည်မြင့်စွာ စွဲ၍ သုံးသော အခါ၌ အားကို ယုတ်စေ၍ ပန်းသေရောဂါမှစ၍ အခြားကာမနှင့်ဆိုင်သော ရောဂါအမျိုးမျိုးကို ဖြစ်စေတတ်သောကြောင့် ဆင်ခြင်အပ်လှပေသည်။

အကောင်းဆုံး အားဆေးများမှာ ကျန်းမာခြင်းကိုဖြစ်စေသော ကိုယ်လက်အင်္ဂါလှုပ်ရှားခြင်းနှင့် အစာကြေလွယ်၍ (အသွေးအသားကိုဖြစ်စေလျက် အလေးချိန်ကို တိုးစေသော) အာဟာရ အစာများနှင့် အစာကဲ့သို့ စွမ်းသော ဆေးများ ဖြစ်လေသည်။ အဟုတ်တကယ် မကျန်းမာဘဲ အားဆေးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သည့် "ရွှေဆေး"များကို မှီဝဲကာ ကာမကို လွန်စွာလိုက်စားသူတို့မှာ အသက်တိုရာတိုကြောင်း ဖြစ်လေသည်။

များစွာသော ယေးရှယ်သူတို့အနက် မိမိ၏လုံ့လဖြင့်သုက်ကို သုံးဖြုန်းသူတို့မှာ ထိုအလေ့သည် မြင့်ကြာလျှင် နိုင်နင်းရန်ခက်ခဲသောကြောင့် အားအင်ကို ယုတ်စေ၍ အိုလွယ်စေသော ထိုအလေ့ကို နှစ်ဦးက ပျောက်အောင်၊ သို့မဟုတ် စ၍အလေ့ရအောင် သတိပြု ရှောင်ကြဉ်ရန် ကြိုးစားကြရမည်။ အချို့သော ဆေးဘက်ဆိုင်ရာ လူတစ်ဦးက ထိုအလေ့သည် လွန်စွာဆိုးသွမ်း၍ အဆုတ်နာ ဖြစ်တတ်သည်။ ရူးတတ်သည်ဟု ပြောဆို ခြိမ်းခြောက်ကာ ဆေးများကို ရောင်း၍ စားတတ်၏။ ၎င်းတို့၏စကားကို ယုံသူများသည် ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုသော စကားလို ဖြစ်တတ်လေသည်။ စင်စစ်မှာ ထိုအကျင့်သည်ယောကျ်ား မိန်းမများ နှစ်ဦးပေါင်းသင်းရာ၌ ကုန်ကျသည်ထက်ပို၍ ကုန်ကျခြင်းမရှိကြောင်းကို Psychology of sex ဟုခေါ်သော ကျမ်းကြီး၌ ပညာရှိကြီးများ ရေးသားထားကြလေသည်။ သို့အတွက် မကောင်းသော မိန်းမများထံသို့ သွားရောက်ခြင်းထက် ထိုအလုပ်သည် ပို၍ မဆိုးပေ။ လွန်လျှင်မူကား မိန်းမနှင့်ယောကျ်ားပေါင်းသင်းရာ၌ လွန်သည့်အခါရောဂါရသော နည်းမျိုးအတိုင်း ရောဂါရတတ်လေသည်။

အဆိုပါ ခြောက်လှန့်သောဆရာများ၏ စကားမှန်လျှင်တစ်ကမ္ဘာလုံးမှာ ရူးသွပ်သောဝေဒနာ၊ အဆုတ်နာစွဲသူတွေကပို၍များ၍ နေဖို့ရှိလေသည်။ ဂျပန်မများ အချို့တို့မှာ လုပ်ရှားသွားသောရာ၌ ထိုထိုကိစ္စပြီးစီးသော ကိစ္စတစ်မျိုးကို အမြဲတတ်၍ထားသော အလေ့အထရှိသဖြင့် ထိုအကျင့်၌ ဂျပန်မများသည်



ကမ္ဘာပေါ်၌အားအကြီးဆုံးသော ဖြစ်သည်ဟု အဆိုပါကျမ်းကြီး၌ ပါရှိလေသည်။ အခြားလူမျိုးများမှာလည်း မိမိတို့ အလေ့အတိုင်း အနည်းနည်း လိုက်စားကြလေသည်။ သို့ဖြစ်၍ မကင်းသူတို့မှာ အဆိုပါဆရာများ၏စကားကို ယုံကြည်ကာ ဥပဒ်မဖြစ်ရအောင် ဖော်ပြလိုက်ခြင်းဖြစ်လေသည်။ ထိုအကျင့်ကို အားပေးရန်ကား လုံးလုံးမဟုတ်ပေ။

အိမ်ထောင်သည်တို့၏ သုခရေးအတွက် အထက်ပါအကြောင်းအရာများကိုထောက်လျှင် လိုရင်းအဲချက်သည် ကာမအရာ၌ ကျန်းမာသန်စွမ်း၍ စိတ်ကိုချုပ်နိုင်ခြင်းပင် ဖြစ်လေသည်။ စိတ်ကိုချုပ်ခြင်းမှာ အထူးအားဖြင့် ယောကျ်ားများ၏တာဝန်ဖြစ်၍ ပေါင်းသင်းရာ၌ နိုင်မြဲကြာအောင် "သီပါဝါ"ခေါ်သောစိတ်၏ သတ္တိတန်ခိုးဖြင့် ချုပ်တည်းခြင်း အလေ့အကျင့်ကိုဖြစ်စေရမည်။

သွားလာရာ၌ ရှေးဦးပထမယောကျ်ားသည် မိန်းမကို စ၍လှုပ်ရှားရာ ၎င်းပြီးမြောက်တော့ ငြိမ်စွာနေ၍ မိန်းမက စပြီးလှုပ်ရှားလေ့ရှိလျှင် မိန်းမမှာသာ၍ ပြီးမြောက်လွယ်လေသည်။ ထိုကဲ့သို့ရှိသောအခါကျမှ ယောကျ်ားကလှုပ်ရှားခြင်း ကူ၍ပေးလျှင် မိန်းမမှာသာ၍ ကိစ္စပြီးလွယ်လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဆန္ဒအားမမျှသောသူများ

မိန်းမနှင့် ယောက်ျားမှာဆန္ဒအားမမျှ တစ်ယောက်ထက် တစ်ယောက်အလို အဆမတန် ပိုမိုအားကြီးက ဆင်းရဲခြင်းဖြစ် တတ်လေသည်။ ယောက်ျားက အဆမတန်ပိုခြင်း၊ သို့မဟုတ် မိန်းမက အဆမတန်ပိုခြင်းဖြစ်တတ်လေရာ မိန်းမကပိုလျှင် သာ၍ ခက်လေသည်။

တစ်နေ့ ၆ ကြိမ်သွားလာခြင်းသည် မလွန်သောဓမ္မတာ ဖြစ်အပ်သည်ဟု အာရာဝွန်းဘုရင်မ အမိန့်ရှိကြောင်းနှင့် အက် လစ်ခေါ် ကာမကျမ်းဆရာကြီး ပြောလေသည်။ ထိုမိန်းမမျိုးမှာ ယောက်ျားပေါင်း ၂၀ လောက်ရှိမှသာ မှဆိုးမအဖြစ်မှ လွတ်ဖို့ရှိ လေသည်။ ကာမအရာ၌ ယောက်ျားသည် မိန်းမလောက် ဒဏ် မခံနိုင်ချေ။ အကြောင်းမူကား ယောက်ျားမှာ မိန်းမနှင့်မတူ၊ သွားတိုင်းပြီးမြောက်တတ်လေသည်။ ပြီးသည့်အခါ သုက်သည် အမြင့်သို့ရောက်၍ အားယုတ်လျော့၍ မိန်းမမှာ အမြင့်သို့ မရောက်သဖြင့် အားပြည့်လေသည်။

မိန်းမက အားနည်းလျှင် ယောက်ျားအလိုကို လျော့၍ မိန်းမမှာ အားပြည့်အောင် ဆေးဝါးအစား ကျန်းမာရေးနည်း လမ်းများကို ရှာရမည်။ ထိုကဲ့သို့အခြေအနေမျိုး၌ ယောက်ျား၏ အချစ်နှင့်ကြင်နာစွာသနားခြင်း ပိုမိုစေရမည်။ မိန်းမမှာလည်း ထို နည်းတကစတစ်ခ အားပြည့်၍လာပြီး မျှတခြင်းအဖြစ်သို့ ရောက် လိမ့်မည်။



အကယ်၍ မိန်းမက အဆမတန်အားကြီးလျှင် ယောက်ျားသည် အင်္ဂါချင်းစပ်ပြီးနောက်၊ လှုပ်ရှားခြင်းကိုမသုံးဘဲ ငြိမ်သက်စွာ နေလျက် အခြားတစ်စုံတစ်ရာသို့ စိတ်အားရုံကိုပြောင်း၍ ထားရ မည်။ ထိုအခိုက် မိန်းမက မိမိဘာသာလှုပ်ရှား ပြီးစီးအောင် ကြိုးစားရမည်။ ထိုကဲ့သို့ပြုသည့်အခါ ယောက်ျားမှာ မပြီးမြောက် ဘဲ၊ မိန်းမမှာသာပြီးမြောက်လိမ့်မည်။ ထိုနည်းမျိုးကို Coitus reservatus ဖြိုးချန်သိုမှီးသော သွားလာခြင်းဟု ခေါ်သည်။

ပဋိသန္ဓေတည်ရှိသည့်အခါ ပေါင်းသင်းခြင်းမပြုအပ်ဟု မှတ်ထင်ခြင်းသည် မှား၏။ အချို့သော မိန်းမများမှာ ထိုအခါ၌ စိတ်ထကြွခြင်း ပိုမိုအားကြီး၍ ပြီးမြောက်လွယ်ကြလေသည်။ သို့ဖြစ်၍ ပေါင်းသင်းကောင်း၏။ သို့သော်လည်း အကြိမ်မများ စေရ။ ပေါင်းသင်းရာ၌လည်း အားနှင့်ဖိကပ်ခြင်း ဆီးစပ်ချင်း လွန်စွာ ထိခိုက်ခြင်း မရှိစေရအောင် သတိပြုရမည်။ ထိုအခါမျိုး ၌ ယောကျာ်းက အပေါ်မှနေလျှင် မိန်းမကိစ္စပြီးမြောက်သည့် အခါ စိတ်ကိုမချုပ်နိုင်ဘဲ အောက်ကနေပြီး တအား မြောက်၍ ကပ်တတ်လေရာ အန္တရာယ်ဖြစ်တတ်လေသည်။ သို့အတွက် မိန်းမက အောက်ကနေ၍ ၎င်း၏တင်ပါးများအောက်၊ အိပ်ရာ ပေါ်တွင် ယောက်ျား၏ တင်ပဆုံကိုထား၍ သွားရမည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ပဉ္စမပေါင်းသင်းခြင်း

လင်မယား ညားစပထမအချိန်သည် လွန်စွာအရေးကြီး၏။ မိန်းမနှင့်ယောကျ်ားသည် ပေါင်းသင်းခြင်း မပြုမီ တစ်ယောက်နှင့်တစ်ယောက် လွန်စွာရင်းနှီး ယဉ်ကျေး၍ အရှက်အကြောက်ကင်းလျက် တစ်ယောက်ကိုတစ်ယောက် ဖုံးလွှမ်းခြင်းမရှိဘဲ အလင်းမြင်နေကြရ၍ ရဲနေအောင် လေ့ကျင့်ပေးရမည်။ မိန်းမအလိုမရှိသေးသမျှ ပေါင်းသင်းခြင်း မပြုအပ်ပေ။ မိန်းမအလိုရှိလာအောင် အထက်၌ဖော်ပြခဲ့သောနည်းအတိုင်း နှိုးနှောရမည်။

မိန်းမပျိုများမှာ ကွယ်ကာသော အမွှေးရှိ၏။ အမွှေးမရှိသောကြောင့်လည်း အပျိုမစစ်ဟု မဆိုနိုင်ချေ။မတော်တဆ ရေချိုးရာ၌ဖြစ်စေ၊ ဝန်လေးတစ်ခုခုကို ချီမခြင်းကြောင့်ဖြစ်စေ အမွှေးပြတ်၍ နေပြီးဖြစ်နိုင်သည်။ ထိုအမွှေးရှိလျှင် အမွှေးကို တဖြည်းဖြည်းပြတ်အောင်ပြုရမည်။ ထိုအမွှေးသည် အချို့မှာ နိုင်မြဲတတ်၏။ မပြတ်ဘဲအရမ်းသွားလာလျှင် ပြင်းထန်စွာ နာကျင်တတ်လေသည်။ အချို့စိတ်ငယ်သော မိန်းမများမှာ တစ်ကြိမ် နာကျင်ပြီး နောက်တစ်ခါကြောက်လျက် ထိုအရာတွင် အဘယ်အခါမှ မခံစားသင့်သဖောက်မခံစားနိုင်အောင် ကြောက်ရွံ့၍ နေတတ်ကြလေသည်။

သွားလာစဉ်၌ ယောကျ်ားသည် မိမိအင်္ဂါထိပ်နှင့် အမွှေးကိုတေ့ထိ၍ထားရမည်။ မိန်းမက ထိုအမွှေးပြတ်လောက်ရုံမျှ





တစ်စတစ်စအားနှင့်လှုပ်ခါ တွန်းကာ၍ပေးရမည်။ ထိုကဲ့သို့ လှုပ်၍မှ မရနိုင်အောင် ခိုင်မာ၍နေချေက၊ မိန်းမဆရာဝန် တစ်ယောက်ယောက်ထံသွား၍ အမွှေးကို ဖြတ်ရမည်။

**အင်္ဂါမမှုခြင်း။** ။ အခါများစွာ ယောကျ်ား၏အင်္ဂါသည် အဆမတန် ရှည်လျား၍ သွားလာရာ၌ အားလွန်မိက မိန်းမ၏ အဘွင်းအင်္ဂါ သားအိမ်များမှာ ကြီးစွာချွတ်ယွင်း၍ ပျက်စီးစေလျက် အန္တရာယ် ဖြစ်စေတတ်၏။

ထိုအခါများ၌ ယောကျ်ားသည် အပေါ်မှာ မနေရ။ မိမိ၏လက်ဝဲနံဘေးပေါ်၌ ခပ်စောင်းစောင်း ပက်လက်မကျတကျနေ၍ မိန်းမဘက်သို့ မျက်နှာကိုထားရမည်။ လက်ဝဲခြေကုိကွေး၍ မိမိ၏ကိုယ်နှင့် ၄၅--ဒီဂရီခန့်ရှိသော ထောင့်ကိုဖြစ်စေ၍ ဒူးကိုလည်း ထိုဒီဂရီပမာမျှ ကွေး၍ထားရမည်။ မိန်းမက ညာဘက်နံဘေးပေါ်တွင်စောင်း၍ မိမိ၏လကျ်ာ တင်ပါးကို ယောကျ်ား၏ လက်ဝဲပေါင်အကွေးပေါ်သို့ ရောက်စေရမည်။ ထိုအခါ ယောကျ်ား၏လက်ဝဲခြေသည် မိန်းမ၏ တင်ပါးကို ခု၍ ထားသလိုဖြစ်လိမ့်မည်၊ မိန်းမ၏လက်ကျ်ာခြေကို ယောကျ်ား၏ ခြေအကြားသို့ ရောက်စေရမည်။ မိန်းမ၏ လက်ဝဲခြေကို ယောကျ်ား၏ လကျ်ာခြေပေါ်သို့ ရောက်စေရမည်။ မိန်းမ၏ လက်ဝဲလက်ကို ယောကျ်ား၏လက်မောင်းအောက်ရင်း၏ ကိုယ်ပေါ်၌တင်ထားစေရမည်။ ယောကျ်ား၏ လက်ဝဲလက် မောင်းဖြင့် မိန်းမ၏ခါးကို အောက်ကနေ ဖက်စေရမည်။ ယောကျ်ား၏ လကျ်ာလက်မှာ မိန်းမ၏ တစ်ကိုယ်လုံး၌ လှုပ်ရှားသွားလာချင်သလို လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ရစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းဖြင့် ယောကျ်ားမှာလည်း ဝန်လေးခြင်း၊ မောခြင်းမရှိဘဲ တာရှည်နေနိုင်၍ မိန်းမမှာလည်း ချမ်းသာစွာနှင့် အင်္ဂါနှစ်ခုမှာ ကောင်းစွာတွေ့ထိနိုင်လေသည်။ ဤကဲ့သို့ နေခြင်း၌ လှုပ်ရှားခြင်းကို လွတ်လပ်စွာပြုနိုင်သူမှာ မိန်းမဖြစ်၍ မိမိသဘောအကြိုက်ကို ကျေကျေနပ်နပ် ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်လေသည်။ ယောကျ်ားမှာလည်း အနေလွယ်ကူသဖြင့် ကောင်းစွာကျေနပ်နိုင်လေသည်။ ပြီးမြောက်သောအခါ၌လည်း အင်္ဂါချင်း ပယ်ပယ်နယ်နယ် ထိကပ်နိုင်လေသည်။ မိန်းမ၏ အတွင်းအင်္ဂါ သားအိမ်ကိုလည်း ပျက်စီးအောင် ထိခိုက်ခြင်း မဖြစ်နိုင်ချေ။

အချို့သော ယောကျ်ားများမှ အင်္ဂါတို၍ သေးငယ်၏။ ထိုအခါ မိန်းမမှာ မကျေနပ်စရာ ဖြစ်လေသည်။ သို့သော်လည်း ကလီတောရစ်ခေါ် အသားငုတ်ကိုသာ ထိထိခိုက်ခိုက် ဖြစ်အောင် ချိန်ရွယ်၍ အမှုကို ပြုရာ၏။ ပေါင်းသင်းခြင်း မပြုမီ အချိန်ကို ပိုမို၍ဆွဲကာ မိန်းမကို လှုပ်ရှားခြင်းပိုအောင် နှပ်ရာ၏။ အသားငုတ်သည် အတွေ့အရာ၌ လိုရင်းဖြစ်သည်ဟု မှတ်လေ။

အကယ်၍ ထိုကဲ့သို့မှ နေရာမကျလျှင် ပင်လယ်ရေမြှုပ် နနကို ဒိုင်ယာမီတာ ထုတ်ချင်းခတ်ပမာဏ ၃ လက်မရှိသောဥပုံ ဖြစ်အောင် အစွန်းအစများကို ကတ်ကြေးနှင့်ညှပ်၍ လုံးရမည်။ ၂-မိနစ်လောက် ရေသန့်သန့်မှာ ၎င်း ပင်လယ်ရေမြှုပ်ကို စိမ်လေ။ ထို့နောက် ရေကို ညှစ်ပစ်၊ သိုးမွေးလို နလာလိမ့်မည်။ ၎င်းကို မိန်းမအင်္ဂါအတွင်း ရောက်နိုင်သလောက် ရောက်အောင် သွင်းထားလေ။ ထိုအခါ သားအိမ်ဝကို ပိတ်ကာ၍ထားသလို ဖြစ်လိမ့်မည်။



ထို့နောက် သွားလာသည့်အခါ ယောကျ်ားအင်္ဂါထိပ်သည် ပင်လယ်ရေမြှုပ်ကို ဆောင့်မိ၍ ၎င်းပင်လယ် ရေမြှုပ်က တဖန် သားအိမ်နံရံအဝများကို တိုးဝှေ့လိမ့်မည်။ ထိုအခါ မိန်းမမှာ ရိုးရိုးသွားလာသည်ထက် များစွာသာ၍ ထူးကဲသောအတွေ့ကို ခံစားရလျက် လျှင်မြန်စွာ ပြီးမြောက်ခြင်းအဖြစ်သို့ ရောက်၍ အထူး ကျေနပ်ပါလိမ့်မည်။ ထိုနည်းဖြင့် ပဋိသန္ဓေကိုလည်း တားမြစ်ကာကွယ်ခြင်းတစ်မျိုး ဖြစ်နိုင်လေသည်။

(ပင်လယ်ရေမြှုပ်ဆိုသည်မှာ ပန်းတိမ်ဆရာများ ပုံသွင်းရန် အသုံးပြုသောအရာမျိုး မဟုတ်) Sponge ခေါ်ပျော့သော အရာ ဖြစ်သည်။

## မှတ်ရန်အချက်ကလေးများ

တနင်္ဂနွေတစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ထက် ပိုမသွားလာအပ်၊ သို့သော်လည်း အင်အားသာ ပမာဏ ဖြစ်သည်။

ရာသီသွေး အသွားရပ်ပြီးစအခါသည့် မိန်းမများ၌ အထူးစိတ်ကျေနပ်စေလွယ်၍ ပဋိသန္ဓေကို ဖြစ်စေလွယ်၏။ သန္ဓေမဖြစ်စေလိုလျှင် ရာသီတစ်ကြိမ်နှင့်တစ်ကြိမ်အထိ စပ်ကြား အလယ်လောက်မှာကောင်း၏။ အချိန်မှာ နံနက်စောစောနှင့် နေ့အချိန်သည် ညဉ့်ဦးယံအချိန်ထက် ပိုမို၍ ကောင်းလေသည်။ သို့သော်လည်း ဘယ်အချိန် ဘယ်အခါမှာဖြစ်စေ အစာအိမ်၌ အစာလေး၍ မနေစေရ၊ မောပန်းခိုက် မဖြစ်စေရ။ ကိစ္စပြီးလျှင် အိပ်ဖို့ရန်အချိန်လည်း ရှိစေရမည်။

ပဋိသန္ဓေ တားမြစ်ခြင်းအတွက် Check Pessary ခေါ်သော ဆေးကိုသွင်း၍ သားအိမ်ကို ပြွန်နှင့်ဆေး[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ပင်လယ်ရေမြုပ်ကို Campholpted neem oil ခေါ်သော ဆီအိမ်၌စိမ်ပြီးမှ အင်္ဂါတိုသူများအတွက်သုံးသလို အသုံးပြုခြင်း၊ ဤနည်းများသည် အကောင်းဆုံးဖြစ်လေသည်။

ယောကျ်ားအင်္ဂါမှာ ကြူးလွန်မှုကြောင့် ကွေးကောက်ကြုံလိုက်၍နေလျှင် ခြသေ့ဆီကိုလိမ်းခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု အယူဝေဒစ် ဆေးကျမ်းများက ဆို၏။ ခြသေ့ဆီကို ကုလားဆေးတိုက်ကြီးမှာ ရနိုင်သည်။ ညတိုင်း ၁၅ မိနစ်လောက် ထိုအဆီ လိမ်းရမည်။ အားကိုဖြစ်၍ မာစေ၊ သန်စေကြီးထွားစေ၏။ ရက်သတ္တပေါင်း လေးငါးပတ် ဆက်လက်၍ သုတ်လိမ်းရမည်။

အိမ်ထောင်ပြုခြင်းသည် အရေးကြီးဆုံးဖြစ်၏။ ထိုကြီးလေးသော အရေးနှင့် ပတ်သက်၍ သိစရာ အချက်ကြီးတွေကို အိမ်ထောင်သည်မှန်က သိအောင်မကြိုးစားနိုင်လျှင် ဝတ္တရားပျက်ကွက်ရာရောက်၍ ထိုဝတ္တရားပျက်ကွက်မှု၏ မကောင်းသော အကျိုးတို့ကို ခံစားတတ်လေရာ သူတော်သူမြတ်ဟန်ဆောင်ကာ ရှက်ကြောက်၍ မနေအပ်သော သိစရာအချက်ကြီးများကို အတိအလင်း ဖော်ပြခြင်း ပြုလိုက်ရပေသည်။

❖ ❖ ❖ ❖ ❖



# ကာမရောဂါများအကြောင်း

## အလေးချိန်ခွင်များ

လက်ဖက်ရည်ဇွန်း တစ်ဇွန်းသည် ၁–ဒရမ်နှင့်ညီ၏။ အချိုပွဲဇွန်းတစ်ဇွန်းသည် ၂–ဒရမ်။ ထမင်းစားဇွန်း တစ်ဇွန်း၄–ဒရမ်၊ ပိုင်ကလပ်အငယ် တစ်ခွက် ၂–အောင်စ,နှင့် ညီမျှသည်။

**ဆေးအစိုင်အခဲအမှုန့်များ ချိန်ရန်။** ။ဂရိန် ၂၀=၁–စကြူပလ။ ၃–စကြူပလ ၁–ဒရမ်။ ၈–ဒရမ် ၁–အောင်စ။ ၁၆–အောင်စ ၁–ပေါင်၊ ၁–ဒရမ်မှာ ၁၅–ဂရိန်နှင့် တစ်ဝက် (၁၅နှစ်ပိုင်းတစ်ပိုင်း ဂရိန်) ရှိ၏။

**ဆေးရည်ချိန်ရန်။** ။၆၀–မီနင် ၁–ဒရမ်။ ၈–ဒရမ် ၁–အောင်စ။ ၂၀–အောင်စ ၁–ပိုင့်။ ၈–ပိုင့် တစ်ဂါလံ။

**တိုလာချိန် အောင်စချိန်များ။** ။ ၁–ချာတပ်မှာ ၂–အောင်စရှိ၍ ၅–တိုလာ ရှိသည်။ ၁–ပေါင်မှာ စီယာချိန်တစ်ဝက် ရှိသည်။ ၁–အောင်စ,မှာ ချာတပ်တစ်ဝက် ၂–တိုလာနှင့် တစ်ဝက် (၂–ပိုင်းတစ်ပိုင်းတိုလာ)၊ ၁ တိုလာမှာ ဂရိန် ၁၈၀ ရှိသည်။

## ယောကျ်ားအင်္ဂါ

ယောကျ်ားအင်္ဂါ၌ ရှိသည့် အရေးအကြီးဆုံးဖြစ်၏၊ ငှင်းမှာ မျိုးကိုဖြစ်စေသော အကျိတ်ဖြစ်၏။ ငှင်း...

www.burmeseclassic.com

www.burmeseclassic.com



Scrotum စကရိုတမ်ခေါ်သော အိတ်တွင်နေ၏၊ ရှိ၏၊ ထိုအိတ်မှာ နွေး/ပူလျှင် ကြီး၏၊ အဖအေးနှင့်တွေ့က ကျုံ့၏၊ ကျန်းမာသန်စွမ်းသော ငယ်ရွယ်သူတို့မှာ ထိုဥသည်ကိုယ်၌ အထက်၌ တင်းစွာကပ်လျက် နေ၏။ လူအိုများမှာ တွဲ၏။

ယောကျ်ားအင်္ဂါပန်းမှာ စုံဖက်ခြင်း၌ လိုရင်းဖြစ်၏၊ ကျင်ငယ်သွားခြင်းမှာ ပင်ရင်းအလုပ်မဟုတ်၊ အဆွယ်အမြှောင်အလုပ်မျှ ဖြစ်၏၊ အကြောင်းမူကား ပန်းမရှိသော်လည်း ကျင်ငယ်သွားနိုင်၏။

လူကြီးတိုင်း ပန်းကြီးသည်မဟုတ်၊ လူငယ်သော်လည်း ပန်းကြီးနိုင်၏၊ ကြီးတိုင်း ဘဝနွေကို ဖြစ်စေသည်မဟုတ်၊ အများအားဖြင့် ပျော့၍ နေခိုက်မှာ ၃-လက်မ၊ ၄-လက်မ၊ မာ၍လာလျှင် ၅-လက်မ ၈-လက်မအထိ ရှိတတ်၏။ ပန်းမှာခေါင်းပွ၊ ပင်လယ်ရေမြှုပ်အသားမျိုးဖြစ်၍ အရင်းအလယ် အဖျားဟု သုံးပိုင်း ပိုင်းခြား၏။ထို့နောက် ကော်ရောနားခေါ် အထစ်ရှိ၏။ ထိုအထစ်မှာ အညစ်အကြေးများ အမြဲဖြစ်လေရာ အမြဲ စင်ကြယ်အောင် ဂရုမစိုက်လျှင် ရောဂါအမျိုးမျိုး ဖြစ်တတ်၏၊ သို့ဖြစ်၍ နေ့စဉ်ဖွင့်၍ ဆေးရမည်၊ ထို့နောက် ပရီးပူးစ်ခေါ် အရေဖျားရှိလေရာ ထိုအရေဖျားမှာ မဟာမေဒင် ဘာသာဝင်တို့ဖြတ်၍ ပစ်သော ထိပ်အရေဖျား ဖြစ်သည်။

❖ ❖ ❖ ❖ ❖



## ဂေါ်နော်ရောဂါ

ထိုရောဂါသည် လွန်စွာကူးစက်တတ်၏၊ပေါင်းသင်းရာ၌ဂေါ်နော့်ကော့ကာ့စ်ခေါ် ပိုး ဝင်ရောက်ခြင်းကြောင့် ဖြစ်သည်။

ထိုရောဂါ မိန်းမများမှာဖြစ်လျှင် ရုတ်တရက် မသိသာမဖြစ်သလို နေတတ်၏။ နောက်အတော်ကြာ၍ ဆိုးသွမ်းသောလက္ခဏာများ ပေါ်လာမှ ထိုရောဂါရှိကြောင်း သိရ၏။ ထိုကဲ့သို့မသိရသေးမီတွင် အကောင်းလို ဖြစ်၍နေပေရာ သွားလာပေါင်းသင်းသူများကို ရောဂါပေးတတ်သည်၊ ယောကျ်ားမှာမူထိုရောဂါဖြစ်လျှင် သိသာလွယ်၏။ ထိုရောဂါရှိလျှင် ဆေးကု၍ဆရာဝန်က စင်ကြယ်ပြီဟု အာမခံမှသာ မိမိ၏မိန်းမကို ပေါင်းသင်းရမည်။ ထိုအချက်ကို ဂရုမစိုက်သော လင်ယောကျ်ားသည်ဆိုးသွမ်းသော လင်ယောကျ်ား ဖြစ်သည်။

မိန်းမများ မိမိတို့ မပျော်ပါးဘဲ လင်ယောကျ်ားများထံမှထိုရောဂါရတတ်၏။ ရမှန်းကို ရုတ်တရက် မသိကြချေ၊ ပိန်ချုံးအားနည်း အသည်းနာ၊ အဆုတ်နာ၊ အမြဲခေါင်းခဲသော ဝေဒနာမျိုးများပေါ်မှသာ ဝေဒနာရကြောင်း သိကြရ၏။ ထိုအခါလင်ထံမှရသော ရောဂါဆိုးမှန်းမသိသဖြင့် အနာတလွဲဆေးတလွဲ ဖြစ်ကာ ပျက်စီးကြရရှာလေသည်။ အချို့မှာ အမြုံဖြစ်ကြရ၏။ ယောကျ်ားမိန်းမနှစ်ဦးစလုံးမှာ ထိုရောဂါကြောင့် အမြုံဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရောဂါသည် မိန်းမများကို သာလွန်၍ နှိပ်စက်တတ်၏။ အကြောင်းမူကား မိန်းမများမှာ မိမိပျော်ပါး လိုက်စားရခြင်း မရှိသဖြင့် မိမိလင်ယောကျ်ားများထံမှ ထိုရောဂါကို တစ်ဆင့်ရသည်ကို မသိဘဲ အမှတ်မဲ့ နေတတ်လေသည်။ ယောကျ်ားများမှာ မိမိတို့ရောဂါရလျှင် သာ၍ စောစောက ဆေးဝါးကုသနိုင်၏။ မိန်းမမှာ ထိုကဲ့သို့မဟုတ်သဖြင့် ရောဂါသည် ပိုမိုပြင်းထန်တတ်လေသည်။

ထိုရောဂါ ပြင်းထန်သောအခါ ယောကျ်ားများမှာ မိန်းမများထက် ပို၍ ခံရ၏။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ရောဂါ၏ ဘည်ရာဖြစ်သောကျင်ခေါင်း၏သေးငယ်ခြင်းကြောင့်ဖြစ်သည်။

မိန်းမများမှာ ထိုရောဂါသည် အပြင်ပိုင်းဖြစ်သော အပေါက်ထဲ၌ လည်းကောင်း၊ သားအိမ်ထဲ၌လည်းကောင်း၊ ပိပဖက်လိုပီယန် ကျွတ်ခေါ် မြွှန်ချောင်းများ၌ လည်းကောင်း ဖြစ်တတ်၏။ အပြင်ပိုင်း အပေါက်၌ဖြစ်လျှင် လွယ်ကူစွာ ကုနိုင်၏။ ဖန်ပြွန်များ ဆေးရည်များနှင့် ကုသ၍ လွယ်၏။ သို့သော်လည်း သားအိမ်၌ဖြစ်ပြီး အဆိုပါမြွှန်ချောင်းများသို့ရောက်လျှင် ခက်ခဲ၍ စိုးရိမ်ရ၏။ ထိုအခါ ခွဲဖောက် ကုရတတ်လေရာ အချို့ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများကို ဖြတ်ထုတ်ပစ်ရသောကြောင့် အမြဲ ဖြစ်တတ်လေသည်။

ထိုရောဂါရှိသော မိန်းမသည် ကလေးမွေးသည့်အခါ ကလေးမှာ ထိုရောဂါ ပါ၍လာတတ်၏။ အထူးအားဖြင့် ကလေးမှာ မျက်လုံး၌ ရောဂါရတတ်လေသည်။ ထိုရောဂါကို Opthal-mia Neonatorum အော့ပ်သဲးလ်မီးယား နီယိုနာတော 'ရမ်း ဟုခေါ်သည်။ ထိုအခါ မျက်စိကန်းတတ်သည်။ မွေးပြီးသည်



နှင့် ဘစ်ပြိုင်နက် ထိုကဲ့သို့သော ကလေးများ၏ မျက်စိများကို အောက်ပါအရည်ဖြင့် ဆေးရမည်။

2-Percent Solution of Nitrate of silver ထူးပါဆင့်ဆော်လူးရှင်း အော့နိုက်ထရိက်အော့(ဖ)ဆီးလ်ဘား (နိုက်ထရိတ်အော့ဆီးလဘား။ ရာခိုင်နှုန်း ၂ ဆေးရည်)။

ယောကျ်ားများ၏ ကျင်ချောင်းမှာ အခါများစွာ သုက်ဆို့၍နေသဖြင့် ဆီးသွားရာ၌ခဲ၏။ ဤသို့ဖြစ်ခြင်းမှာ ပေါင်းသင်း စပ်ယှက်၍နေခိုက် လူတစ်ယောက်ယောက် ဝင်ရောက်လာသဖြင့် ကိစ္စမပြီးမီ ရုတ်တရက် ချွတ်ရပ်၍ နေရခြင်းကြောင့် သုက်သည် ခုလတ်မှာ ဆို့၍နေခြင်းဖြစ်သည်။

ညအခါ ခါးကိုတင်းစွာ ခါးပတ်ပတ်၍ အိပ်ရာ အိပ်မက်၍ သိက်လွှတ်ရာ၌ သုက်အထွက်မလွယ်ဘဲ ရပ်စဲ၍ နေခြင်းကြောင့်လည်း ဖြစ်နိုင်၏။

အခါများစွာ ယောကျ်ားကအောက်က မိန်းမက အပေါ်က သွားလာရာ၌ ယောကျ်ား၏ ကျင်ခေါင်း၌ သုက် ကျန်၍ နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

အချို့လည်း အိပ်ရာ၌ သုက်လွှတ်သည့်အခါ မထွက်ရအောင် အဖျားကိုဖျစ်၍ ဆို့ပိတ်တတ်ကြသောကြောင့် သုက်ခိုကပ်၍ နေတတ်လေရာ ဝေဒနာကြီးစွာ ဖြစ်တတ်လေသည်။

အခါများစွာ မိန်းမရာသီလာခိုက်မှာ ပေါင်းသင်းမိသဖြင့် အပူနှင့်တွေ့၍ ဂေါ်နော်ရောဂါ ဖြစ်တတ်သည်။ ပြည့်တန်ဆာမများကို ရာသီလာခိုက်မှာသွားမိလျှင် သာ၍ဆိုး၏။ တချို့ပြည့်တန်ဆာမများသည် ငွေကိုလိုချင် အားကြီးသဖြင့် မိမိတို့၏ အဖြစ်အပျက်ကိုပြော၍ မပြောဘဲနေတတ်သည်။ အကြိမ်များစွာ သွားမိခြင်းကြောင့် ထိုရောဂါ ဖြစ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆီးကို အောင့်၍ထားခြင်းကြောင့် ဆီးသွားသည့်အခါ နာကျင်သော ဝေဒနာမျိုး ဖြစ်တတ်သည်။

အချို့သော လူယုတ်မာများသည် ဆိတ်၊ နွား စသည့် တိရစ္ဆာန်တို့ကို သွားလာမိခြင်းကြောင့် ဆီးရောဂါ အကြီးအကျယ် ဖြစ်တတ်ကြ၏။

သို့သော်လည်း ဂေါ်နော်ရောဂါ စွဲကပ်သူ တစ်ရာလျှင် ၉၉–ယောက်မှာ ထိုရောဂါရှိသောမိန်းမတို့နှင့် ပေါင်းသင်းမိခြင်းကြောင့်ဖြစ်သည်။ မိန်းမတစ်ယောက်နှင့် ပေါင်းသင်းပြီးနောက် ထိုရောဂါ ရသည့်အခါ ၃ ရက်မှ ၇ ရက် အတွင်း အောက်ပါ လက္ခဏာများ ပေါ်တတ်၏။

၁။ ကျင်ချောင်း၌ယားပြီး ကျင်ချောင်းဝန်းနီလျက် ဆန်ဆေးရည်နှင့်တူသော အရည်ကျတတ်၏။

၂။ အင်္ဂါစပ်ဖူးရောင်တတ်၏။ ဆီးသွားလျှင် နာကျင်၏။ ပြည်နှင့်တူသော ဝါကြင်ကြင် ပျစ်ခဲခဲ အရည်ထွက်၏။ ကိုယ်လက် မကျန်းမမာဖြစ်၏။

၃။ ခါး၊ ပေါင်၊ ဝေးမှာ နာကျင်၏။

၄။ ညအခါ နာကျင်လျက် အင်္ဂါထကြွတတ်၏။ အင်္ဂါမှာ တစ်စိတ်တစ်ဒေသ မာ၍ နေတတ်၏။

## ရောဂါတာရှည်မည့် လက္ခဏာများ

နံနက်အိပ်ရာထလျှင် အရောင်ဝါကြင်ကြင် အရည် ကြည်ကြည် ကျ၏။ တစ်ခါတစ်ရံ တစ်နေ့လုံး ဆက်၍ သက်ဆင်း၏။ ဤအရည်သည် မျက်စိကိုထိလျှင် ၂၄ နာရီအတွင်း ကန်းတတ်၏။ ဆီးသွားရာ၌ကား မနာမကျင် သို့မဟုတ်အနည်း



ယ်သော နာကျင်၏။ ထိုကဲ့သို့ ဖြစ်ခြင်းကို Gleet ဂလက် (တ)ဟု ခေါ်သည်။

## ကုနည်း

ဂေါ်နော်ရောဂါများမှာ ကြော်ငြာသော ဆေးများကို ဝယ်၍ စားခြင်းဖြင့် ပျောက်သလိုဖြစ်၍ နေတတ်၏။ စင်စစ်မှာ မှုမပျောက်ဘဲ ကိုယ်ထဲတွင် ငြိမ်သက်စွာ တဖြည်းဖြည်း ပျံ့နှံ့၍ အခန့်မသင့်သောအခါ၌ ဆိုးသွမ်းစွာ ပေါ်ပေါက်တတ်၏။ သို့အတွက် ကုနည်းကို ကိုယ်တိုင် သိဖို့ အရေးကြီးသည်။

ဘိုင်စကယ်စီးခြင်း၊ မြင်းစီးခြင်းနှင့် ပြင်းထန်စွာ ကိုယ်လက်လှုပ်ရှားလုပ်ကိုင်ခြင်း ကင်းစေရမည်။ အရက်နှင့် သွေးကို ကြွစေသော အပူအစပ်ပြင်းထန်သော တက်စာများ၊ အချဉ်နှင့် ငန်လွန်းသော အစာများကို ရှောင်ရမည်။ ကြေကျက်လွယ်သော တက်စာများကို စားရမည်။ ဓာတ်ကို ချုပ်စေ၍ ကာမကို ကြွစေသော အစာတို့ကိုရှောင်ရမည်။ တတ်နိုင်လျှင်အစာကို မစားဘဲ နေနိုင်သမျှ ရှောင်၍ နေရမည်။ ၁–နာရီလျှင် တစ်ကြိမ်၊ အစာအိမ်ကိုရေနှင့် ဖြည့်ရမည်။ (ရေကိုသောက်) ဆေးလိပ်ကို လျှော့နိုင်သမျှ လျှော့၍သောက်၊ ရောဂါဖြစ်စဉ် 'ရေနွေး'ချိုးခြင်းသည် ကောင်း၏။ ကာမကို ထကြွသော ရုပ်ရှင်ကား စသည်များကို မကြားရ မမြင်ရ ရှောင်ကြဉ်ရမည်။ ရုပ်ရှင်များကို မကြည့်နှင့်၊ ကိလေသာကို ထစေသော ဓာတ်ဝတ္ထုများကို မဖတ်ရ၊ အိပ်ရာ၌ ငြိမ်သက်စွာ နေရမည်၊ အိပ်ရာမစွန်းရအောင် အင်္ဂါအဖျား၌ ပင်လယ်ရေမြှုပ် သို့မဟုတ် သိုးမွေးခံ၍ အဝတ်နုနုနှင့် လျှော့လျှော့ လွှမ်းအုပ်စီးပတ်ထားပြီး ထိုပစ္စည်းများကို မီးသော်လည်းကောင်း ရှို့၍ ပစ်ရမည်။ သို့မဟုတ် လူသူ လွတ်ရာ၌ စွန့်ပစ်ရ

www.burmeseclassic.com

www.burmeseclassic.com



မည်။ မအားနှင့် အင်္ဂါကို ငြိမ်သက်စွာရှိနေအောင် တစ်စုတစ်ခုနှင့် စီးပတ်ပင့်တင်၍ ထားရမည်၊ တွဲလွဲ မနေစေရ။ ဆီးသွားရာ၌ သက်သာအောင် ဘာလီရည်၊ ဆိုဒါရည် စသည်တို့ကို များများ သောက်ရမည်။

## ဘာလီရည်လုပ်နည်း

Pearl barley ခေါ် ပုလဲဘာလီစေ့ ၃-အောင်စကို ရေ ၂-ကြိမ် ၃-ကြိမ်ဆေး၊ ရေ ၃-ပိုင့်နှင့် ၁၅-မိနစ် ကျိုၿပီး အရည်ကို လွှင့်၍ ပစ်၊ ထိုကျိုပြီးသား ဘာလီစေ့ကို ရေအသစ် ၂-ပိုင့်နှင့် ၁၅-မိနစ် ထပ်၍ကျို၊ သကြား ကြိုက်သလောက်ထည့် မီးပေါ်၌ ၅-မိနစ် ဆက်၍တင်ထား၊ ထို့နောက် စစ်၍ သောက်။

ထိုရောဂါကို စောနိုင်သမျှစောစွာ ကုသရန် အရေးကြီးလေသည်။

သွားလာပေါင်းသင်းခြင်း မပြုမီ အင်္ဂါကိုစေးသော အဆီ တစ်ခုခုနှင့် သုတ်လိမ်း၍ ပြီးသည့်အခါ ဆပ်ပြာနှင့် စင်အောင် ဆေးပစ်၊ ကျင်ငယ်ကို များများစွန့်လေ၊ ထိုနည်းဖြင့် ထိုရောဂါကို ကာကွယ်နိုင်၏။

ထိုပိုးများသည် သုတ်သင်ရန် လွယ်ကူ၏၊ အများအားဖြင့် အင်္ဂါ၏ အပေါ်၌ လည်းကောင်း၊ ကျင်ငယ်ချောင်း၌ လည်းကောင်း တွယ်ကပ်၍နေဟတ်လေရာ ဖန်ရေဖြင့် သုတ်သင်နိုင်သည်။

## အတွင်းကိုဆေးနည်း

၃-လက်မ,ရှိသော ဖန်ပြွန်ကိုယူ။ နှုတ်သီးမှာ လက်မ တစ်ဝက် ရှည်စေရမည်။ ဆီးသွားပြီးနောက် နှုတ်သီးကို ကျင်ပေါက်ဝထဲသို့ ထည့်၊ ၎င်းနောက် လက်ဝဲဘက်နှင့် ကိုင်တွယ်၍



ထားပြီး လက်ျာလက်ညှိုးဖြင့် ထိုးတံကိုနှိပ်ပေး၊ သို့နှိပ်ပေးနိုက်မှာ ပြွန်ကိုညာလက်မနှင့် အခြားလက်ချောင်းများဖြင့် ကိုင်ထားရမည်။ ထို့နောက် ပြွန်ကို နုတ်ပြီး ဆေးရည်မထွက်ရအောင် ပန်းအဖျားကို ၂-မိနစ် ၃-မိနစ်ခန့် ဖျစ်၍ ပိတ်ထား၊ ထို့နောက် ဖွင့်ပေး၊ ဆေးရည် အရှိန်နှင့် ထွက်စေရမည်။

## ဆေးနည်း

၁။ သွားလာပြီး ၈-မိနစ်အတွင်းမှာ Ten Percent Protogel (ရာနိုင်နှုန်း ၁၀-ပရိုတိုဆေး) အနည်းငယ်ကို Vaseline ဘာစလိုင်ထဲ၌ ဖျော်ညှိ၍သော် လည်းကောင်း၊ Potassium Permanganate ပိုတက်ဆီယမ် ပါမန်ဂန်နိတ်ကို ရေနှင့် စပ်သော ဆေးရည် ၁-၂၀၀၀ ကိုသော် လည်းကောင်း ပြွန်နှင့်သွင်းလျှင် ထိုရောဂါ အဘယ်အခါမျှ မဖြစ်နိုင်ဟု လန်ဒန်ဆေးရုံ ဆရာဝန်ကြီးဖရန်နှက ပြောသည်။ ဒုတိယဆေးကို အလိုရှိလျှင် ဆေးဆိုင်သို့သွား၍ aqueous solution of Potassium Perman ganate ဟု ပြော၍ ဝယ်လေ။

၂။ သို့မဟုတ် ကျောက်ချဉ်အစစ် ၁-ပေါင် Sulphate of Zinc ဆာလ်ဖိတ်အော့ဇင့် ၂-ပိုင်း ၁ပိုင်းပေါင်၊ Sulpho carbonate of Zinc ဆာလ်ဖိုကာဘိုနိတ် အော့ဖ်ဇင့် H ၄-ပိုင်း ၁-ပိုင်းပေါင်၊ Sulphate of copper ဆာလ်ဖိတ် အော့ကော့ပါး ၁-ပိုင်း ၄-ပိုင်းပေါင်၊ ၎င်းတို့ကို အမှုန့်ပြု၍ လက်ဖက်ရည်ဇွန်း တဝက်ကို ရေဗီယာတစ်ဝက်နှင့်ရော၊ နေ့စဉ် တစ်နေ့ ၂-ကြိမ် ၃-ကြိမ် ပြွန်နှင့် ထိုးထည့်။

၃။ ရေတစ်အောင်စမှာ Sulphate Of Zinc ဆာလ်ဖိတ်အော့ဖ်ဇင့်၊ ၂-ဂရိန်ထည့်၍ ဆေးခြင်းသည်လည်း လွန်စွာကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ Potassium Permanganate ပိုတက်ဆီယမ် ပါမန်းဂနိတ် ၈–ဂရိန်ကို ရေကြက်သီမ်းနွေးတစ်ပိုင့်နှင့်စပ်၍ ထိုး။

၈။ ကယ်လိုမယ်လ် Calomel ဂရိန် ၅၀ Liquid 80 cc, Lanoline လစ်ကွစ်အိတ်ဟီး စီစီလယ်နိုလင်ဂရိန် ၇၀ ရော၍ သွားလာပြီးလျှင် ဆေးကောင်း၏။

၆။ ပျားရည် ၂-ဖွန်းကို ဆိတ်နို့ ၂–ကျပ်သားနှင့် ရော၊ တစ်နေ့ ၂–ကြိမ် ထိုးသွင်း။

ယောက်ျား၏ အင်္ဂါကို သွားလာပြီးနောက် ဆေးရန် ဆေးများ–တြိဖလချာဟာပ် တစ်ဝက်ကို ရေစီရာဝက်နှင့် ကျို၍ ဆေး။ ဟိန္ဒူကျမ်း၌ တြိဖလာဟူ၍သာ ပါရှိ၏။ ဘယဆေးဆိုင်၌ မေးလျှင် ရလိမ့်မည်။ မြန်မာအတိုင်းပင် ဖြစ်သည်။ တြိဖလာမှာ ဟိန္ဒူအမည်ရ ဟာရစ် ဘီဟာရာ၊ အနုလားဟု ခေါ်သည်။ ဆတူ စပ်ရသည်။

သို့မဟုတ် germicidal soap ခေါ် ပိုးသတ်ဆပ်ပြာ ကို ရေနွေးနှင့် စပ်၍ဆေး။

Perchloride of mercury ပါကလိုရိုက် အော့မာကျူရီ 1.1000 ကို ဆပ်ပြာနှင့် စပ်ဆေး။

**စားဆေးများ**

Urotropine ယူရိုထရိုပင် ဘစ်နေ့လျှင် ဂရိန် ၃၀ သောက်။ တစ်ခါသောက်လျှင် ၁၀ ဂရိန်စီ ၃ ကြိမ်သောက်။

Isafgol အီဇပ်ဂိုးလ်ခေါ် ကုလားဆေး ကိုလာ တစ် ဘက်ကို သကြားရည်နှင့် နေ့စဉ်သောက်။

Tincture of Buchu တင်ချာ ဘူကူးဒရန့်ဝက်က ၁–ဒရန်အထိ ရေအနည်းငယ်နှင့် သောက်။



ဂိုနိုရိုးရောဂါကျသမျှ အောက်ပါဆေးကို သောက်ခြင်း သည်လည်း လွန်စွာ ကောင်း၏။

Oleum santalii ဆံတာလီဆီ ၅ မီနင်။

Oleum Co paibal ကိုပေဘာဆီ ၅ မီနင်။

Orotropine ယူရိုယရိုပင် ၅ ဂရိန်။

Tincture Hymoseymus တင်ချာဟိုင်မိုစီမာစ် ၃၀ မီနင်၊

Pot Citras ပိုတပ်ဆီထရာ့စ် ၁၅ ဂရိန်။

Liq. Potassae လိုင်ကွဒ်ပိုတာပ်ဆေး ၁၀ မီနင်။

ရေတစ်အောင်စထည့် တစ်ခါသောက်၊ တစ်နေ့ သုံးခါ။

**သတိပြုရန်**

ပြည့်တန်ဆာမဟုတ်သော မိန်းမပျို တစ်ခုလပ်၊ မုဆိုးမ ကချေသည်တို့သည်လည်း ထိုရောဂါကို ပြန့်စေတတ်သဖြင့် ပေါင်းသင်းသည့်အခါ အင်္ဂါကိုအသွင်းတွင် မိန်းမမှာနာကျင် လျှင် မပေါင်းလေနှင့်၊ ပေါင်းသင်းခြင်းကိုလည်း အဆမတန် မကြာစေရ၊ နှုတ်ခမ်းချင်းစုပ်ကပ် ထိပါးခြင်း ကင်းစေရမည်။ မသွားမလာမီ မိန်းမအင်္ဂါအတွင်းသို့ ကျောက်ချဉ်မှုန့်ဖြစ်စေ၊ တာတာရစ်အက်ဆစ် Tartarric acid ဖြစ်စေ၊ အနည်းငယ် အမှတ်တမဲ့ သွင်း၍ကြည့်၊ နာကျင်မှု စပ်၍ရှိလျှင် ပေါင်းသင်း ခြင်း မပြုလေနှင့်၊ သွားလာပြီးနောက် ဆီးများများသွား၊ အထက်ပါ ဆေးရည်များနှင့် ဆေးကြောလေ။

မည်သူမှ မသုံးရသေးသော သန့်ရှင်းသည့် French Letter ခေါ် ဖရင့်လက်တားခေါ် သားရေအိတ်ကို သုံးအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



## Syphlisiဆစ်ဖလစ်ရောဂါ

ငှင်းရောဂါသည် ကိုယ်ခန္ဓာ၌ အဘယ်နေရာမဆို ဖြစ်ပေါ်တတ်၏။ သို့သော်လည်း ထုံးစံအားဖြင့် အင်္ဂါများမှ စ၍ပေါ်တတ်၏။ အင်္ဂါစပ်များ၌ အခါများစွာ ပေါင်းသင်း စပ်ယှက်သော် ရောဂါမရှိဘဲလျက်လည်း ဖြစ်ပေါ်တတ်လေသည်။ ကူးစက်တတ်သော ရောဂါဖြစ်၏။ ထိုရောဂါရှိသူတို့၏ အသုံးအဆောင် ပစ္စည်းများမှတစ်ဆင့် ကူးတတ်လေသည်။ ထိုရောဂါပါရှိသော ကလေးများကို နမ်းရှုပ်ရာမှလည်း ကူးစက်တတ်၏။ အချို့ကလေးများမှာ ထိုရောဂါ ဝမ်းတွင်းမှ ပါလာတတ်သည်။

သွားလာပြီးသည့်အခါ ဂိုနို ဆေးဆိတစ်မျိုးကို အင်္ဂါ၌ အပိုင်းအတွင်းသို့ ထိုးသွင်း ဆေးကြောခြင်းဖြင့် ထိုရောဂါကို ကာကွယ်နိုင်သည်။ ထိုဆေးအမျိုး များစွာရှိ၏။ ထိုရောဂါရှိသူတို့မှာ ကလေးမွေးသည့်အခါ ၎င်းရောဂါ ပါ၍ လာတတ်သည်။ ကလေးများလည်း သေတတ်၏။ လက္ခဏာမှာ သွားလာပြီးနောက် အင်္ဂါအပေါ်၌ ဝက်ခြံကလေးလို ပေါ်၍ လာတတ်သည်။ ထို့နောက် ကြီးကျယ်၍ လာတတ်သည်။ ထိုအခါ ရှန်ကာဟု ခေါ်သည်။

ရှန်ကာ နှစ်မျိုးရှိ၏။ မာသောရှန်ကာမှာ သွားလာပြီးနောက် ၁၀ ရက်ခန့်အတွင်း ပေါ်လာတတ်၏။ သို့သော်လည်း တစ်လအတွင်း အဘယ်အခါမဆိုလည်း ပေါ်လာတတ်သည်။ အစ၌ ဝက်ခြံကလေးနှင့် တူ၏။ အောက်ခြေမှာ အရည်လည်၍



နေ၏။ ထို့နောက် ပြည်ထွက်၏။ မနာမကျင်သော အနာကလေးဖြစ်၍နေ၏။ အစွန်းအနားမှာ မာလျက် မြင့်၍ အလယ်မှာ ချိုင့်၏။ ကနုကမာကြွယ်သီးကလေးနှင့် တူ၏။

အပျော့မှာ ၄-ရက်၊ ၅-ရက်အတွင်း ပေါ်တတ်၏။ မမာသော်လည်း နာကျင်၏။ ထိုအနာကို လက်သည်းနှင့် ကုတ်၍ အခြားနေရာများကို တဖန်ကုတ်ခြင်းဖြင့် ကိုယ်မှာ ပျံ့နှံ့တတ်၏။ တစ်ခါတစ်ရံ ကျင်ချောင်းဂ၌ ဖြစ်ပေါ်တတ်၏။ ထိုအနာမျိုးမှာ အင်္ဂါအဖျားအင့်သမားများမှာ ဖြစ်တတ်၏။ ထိုအနာမျိုးမှာ ဆီသွားသည့်အခါ ယားခြင်းကြောင့် တာရှည်တတ်၏။

အများဆုံးအနာများမှာ အထစ်၏နောက် အရေပြား ကွန့်သော နေရာမှ ဖြစ်ပေါ်တတ်၏။ အချို့လည်း အထစ်နံဘေးမှာ ဖြစ်တတ်၏။ ထိုအခါ ပြင်းစွာနာကျင်တတ်လေသည်။

ပထမ ရက်သတ္တ တစ်ပတ်အတွင်းမှာ အနာသိသိသာသာတိုး၍ တနင်္ဂနွေနှစ်ပတ်လောက်မှာ ရပ်၍နေတတ်၏။ ဆေးကောင်းတွေ့လျှင် ပျောက်လွယ်၏။

ဆစ်ဖလစ်သည် အဘယ်နေရာမှာမဆို ဖြစ်ပေါ်တတ်၏။ ကိုယ်ပေါ်၌ ပန်းရောင်အဆင်းရှိသော အကွက်ကလေးတွေ ပေါ်လာတတ်၏။ အဖုအနာတစ်ခုတည်းလည်း ဖြစ်တတ်၏။ စု၍လည်း ပေါ်တတ်၏။ ဆေးမကုဘဲထားလျှင် တစ်ခါတစ်ရံ သက်သာသလိုဖြစ်လျက် ငုပ်၍သွားပြီးနောက် ပြင်းထန်စွာ ပေါ်ပေါက်တတ်သည်။ လူနာမှာ မကျန်းမမာ အိပ်၍မပျော်၊ ညအခါ ဦးခေါင်းကိုက်၏။ အနည်းငယ်လည်း ဖျားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနာဖြစ်ပြီး တနင်္ဂနွေ ၃–ပတ် ၄–ပတ်ကြာလျှင် တစ်ခါ တစ်ရံ အနာပျောက်ပြီးမှပင် ပေါင်ခြံ၌ ရောင်ဖူး၍ လာ၏။ ထို့နောက် အနာကြီးဖြစ်၏။ အအိပ်အစားပျက်၏။ လည်ချောင်း နာ၏။ လျှာမှာ အနာပေါက်တတ်၏။ လက်ဝါးများမှာ အနာ ပေါက်တတ်၏။ နှာခေါင်းမှာလည်း အနာပေါက်၍ နှာခေါင်း ကျိုးတတ်၏။

မိခင်မှာ ပဋိသန္ဓေ ၃–လ ၄–လကြာပြီးနောက် ဆစ်ဖလစ်ရောဂါဖြစ်လျှင် ကလေးသေတတ်၏။ မသေလျှင် ကလေးမှာ ထိုရောဂါ ပါ၍လာတတ်သည်။ အခါများစွာမွေးပြီး ၆–လ၊ ၇–လ ကြာမှလည်း ပေါ်လာတတ်သည်။ အချို့ကလေးများမှာ အသက် ၁၂–နှစ်မှ ၂၀–အရွယ်ထိအောင် ငုပ်နေပြီးမှ ပေါ်လာ တတ်သည်။ သို့သော်လည်း ထိုကဲ့သို့ ဖြစ်တတ်ခြင်းမျိုးမှာ ရှား ပါးလေသည်။

ပဋိသန္ဓေမှာ ၇–လမှ ၈–လမှာ မိခင်၌ ထိုရောဂါဖြစ် လျှင် ကလေးမှာ ထိုရောဂါ လွတ်ကင်းနိုင်၏။ သို့သော်လည်း ထိုကလေးများမှာ အားအင်ညှိုးပါး၍ ချူချာတတ်သည်။

ဆစ်ဖလစ်အပြင် လိမ်းဆေးများ၊ ဝက်ခြံလိုပေါ်လာ လျှင် ပေါ်လာချင်း Carbolic acid ကာဘိုလစ်အက်ဆစ် ငရဲမီး ၂–စက် ၃–စက်ကို အနာပေါ်၌ ချ၍ အဆိပ်ကို ငြိမ်းသတ်ရ မည်။ သို့မဟုတ် Caustic ကော့စတစ် ငရဲမီးနှင့်တို့ပြီး ပျောက် သည့်တိုင်အောင် သုတ်လိမ်းရမည်။

Mercurial ointment မကြူရီ လိမ်းဆေးကို လိမ်း ခြင်းသည် ဆစ်ဖလစ်အတွက် လွန်စွာ ကောင်း၏။ လိမ်းရာ၌



အသားထဲသို့ ဆေးဝင်အောင် သေသေချာချာ လိမ်းရမည်။ ဆေးဆိုင်များမှာ ရနိုင်သည်။

**အတွင်းဆေးများ**

Hydeargiri lodidi virid ၂–ပိုင်း ၁–ပိုင်း ဂရိန်။
Pulv opii ၁၅–ပုံ ၁–ပုံ ဂရိန်။
Pulv piperis (အမဲမှုန့်) ၁–ဂရိန်။
တစ်ခါသောက် အင်္ဂလိပ်ဆေးဆိုင်တိုင်းမှာ ရ၏။

အရေးအကြီးဆုံးမှာ ဖြစ်ပေါ်စဉ် ဖြစ်ပေါ်စဉ်၌ မရှက် မကြောက်ဘဲ ဆေးဆရာဝန်ထံ သွားရမည်။ ဆေးမြီးတိုများနှင့် အချိန်ကို မဖြုန်းအပ်။ ဆေးဖိုးမှာ အစဉ် အကုန်ကျခံလျှင် အပျော်အပါးအတွက် ကုန်ကျသလောက် မများနိုင်။ ကြာမှ ဆရာဝန်ကိုခေါ်လျှင် ငါးကျပ်ပေး၍ အနာဝယ်၊ ငါးဆယ်ပေး၍ အနာမပျောက်ဟူသော စကားလို ဖြစ်တတ်၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သားဖွားခြင်း

### နာကျင်စွာ သားဖွားခြင်း

ကလေး မျက်နှာမြင်ရာ၌ သုံးရက်ထက်ပို၍ အနာကြန့်ကြာလျှင် လူမမာကို အနှောင့်အယှက်ဖြစ်စေသည့်စကားကို မပြောရ၊ သက်သာလာပြီး ဖွားတော့မည့်အချိန်ရောက်ပါပြီဟူသော စကားမျိုးဖြင့် အားပေးရမည်။ နွင်းရေကို သောက်နိုင်သမျှ သောက်စေရမည်၊ မြင်းခွာကို မီးမြိုက်၍ ညှော်ကို ခံစေရမည်။ မြွေရေလဲကို မီးရှို့၍ ညှော်ခံစေရမည်။

### လိမ်းဆေး

လူ့ဆံပင်ကို နွင်းရေနှင့် ရောစပ်၍ ဦးခေါင်း ငယ်ထိပ်ကို လူးပါ။

### မနာမကျင် မျက်နှာမြင်ခြင်း

အမေရိကတိုင်း ဥရောပတိုင်းများ၌ Twilight Sleep တွင်းလိုက်စသည့် ခေါ်နည်းဖြင့် အိပ်ငွေ့ချ၍ ကလေးကို ဖွားမြင်အောင် ပြုကြ၏။ ထိုအိပ်ငွေ့ဆေးမှာ သတိမလစ်တလစ် နာမှန်း ကျင်မှန်းကို သိရုံမျှရှိ၍ ပင်ပန်းစွာ မခံရချေ။

ထိုအိမ်ငွေ့ဆေးမှာ Scopolamine စကိုပိုလာမင်ခေါ် ဆေးကို ကိုယ်ထဲသို့ ထိုးသွင်းသော အငွေ့နည်းဖြစ်သည်။



ထိုဆေးမှာ ဥရောပဆိုင်ဘေရိယ ကော်ကေရှု ဂျူ ဒေသတိုင်း တောတောင်များ၌ အနှံ့အပြားပေါက်သောHyoscyamus-niger (ဟိုင်ယိုစီကေမာ့စ် အနက်) ဟု ခေါ်သော အပင်က ရ၏။ ၎င်းအပင်၏ အစေ့မှ ဟိုင်ယိုစီနင့်ခေါ် ဓာတ်တစ်မျိုးအပြင် စကိုပိုလာမင်ခေါ် အိပ်ငွေ့ဓာတ်ကို ရရှိလေသည်။ ထိုဓာတ်ကိုတွေ့ရှိ အသုံးပြုသူမှာ ဂျာမန်လူမျိုး ရှမီခေါ်သူဖြစ်သည်။

ရှေးဦးပဌမ ထိုဓာတ်ကို မျက်စိကုဆရာများ အသုံးပြုကြ၏။ ထို့နောက် စိတ်နောက်၍ ကြမ်းတမ်းသူများအား ထိုဆေးဖြင့် ငြိမ်အောင်ပြုရာ၌သုံး၏။ ထို့နောက် ခွဲစိတ်ကုသရာ၌ အသုံးပြုကြ၏။ ထို့နောက် ၁၉၀၂–ခုနှစ်ကျမှ ကလေးမျက်နှာမြင်သူတို့ကို ထိုဆေးနှင့် စမ်းသပ်ကြည့်ကြလေသည်။ ၎င်းစမ်းသပ်ရာ၌ စကိုပိုလာမင် ၀၀၀၃မှ–၀၀၀၄ ဂရမ်အထိကို မော်ဖင်ခေါ် မာဖီးယား ၀၁ ဂရမ်နှင့်စပ်၍ ကိုယ်၌ထိုးပေးရလေသည်။ ထိုနည်း၌ မိခင်သည် ဝေဒနာကိုပင် မခံစားရသော်လည်း သတိမလစ် ထိုနည်းသည် လုံးလုံးကြီး အပြစ်ကင်းကြောင်း သိရလေသည်။

သို့ဖြစ်၍ ယခုအခါ ကလေးမျက်နှာမြင်ရခြင်းသည် နာစီးချောင်းဆိုး ဝေဒနာကို ခံစားရသလောက် မဆိုး။ သွားနုတ်ရသလောက် မပင်ပန်းဟု ဥရောပတိုင်း၌ အယူရှိကြလေသည်။ ထိုနည်းဖြင့် ကလေးမျက်နှာမြင်ခြင်း၌ မိခင်သည် အိပ်ရာကနိုးမှ ကလေးမျက်နှာမြင်ပြီးကြောင်း သိရလေသည်။ သို့သော် မသိသော်လည်း အမှန်အိပ်ပျော်သည် မဟုတ်။ အခါများစွာ စကားပြောလျက်သော်လည်းကောင်း ဆူပူလှုပ်ရှား အော်မများနှင့် ရှုန်ဖြစ်လျက်သော်လည်းကောင်း နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်ပြည်၌ ဖရော်အင်ကလီနှစ်ခေါ် ဆေးရုံ၌ တစ်နေ့လျှင် မတ်ဒဂါး ၅၅ ပြားပေးလျှင် ထိုနည်းဖြင့် ကလေး မျက်နှာမြင်နိုင်သည်။ အစားအစာကိုလည်း ဆေးရုံကပင် ကျွေးလေသည်။ ထိုနည်းဖြင့် သားဖွားသူတို့မှာ ဖွားပြီး နောက်တစ်ရက် နှစ်ရက်မှာ လူမှာ လူကောင်းဖြစ်၍ နေကြလေသည်။ ဂျာမန်ပြည် ဖရိုးဘာယ်မြို့၌လည်း ထိုဆေးရုံမျိုး ရှိလေသည်။

**အိပ်ဆေး ဆေးပေးနည်း**

မိခင်သည် ၁၀-မိနစ်တစ်ကြိမ်နာတတ်လျှင် စကိုပို လာမင်မော်ဖင်ကို ကြီးကြပ်သောဆရာဝန်က သင့်လျော်သော ပမာဏဖြင့် ထိုး၍ ပေးရသည်။ ထိုးသောအကြိမ် တစ်ကြိမ်နှင့် တစ်ကြိမ် အကြားအခြားမှာ အခြေအနေ အားလျော်စွာ ဖြစ်စေ ရမည်။

လူမမာ၏နားကို အသံများမကြားရအောင် ဂွမ်းဆို့၍ ထားရ၏။ အခန်းမှာ မီးမှိန်မှိန်ကလေးမျှ ထွန်းရသည်။ အများ အားဖြင့် ဆေးရိုးပြီးနောက် ၄၅ မိနစ်နှင့် တစ်နာရီအတွင်း မေ့၏။ မမေ့လျှင် ထပ်၍ ထိုးရသည်။ ထိုအခါ ၁၅ မိနစ်အတွင်း မေ့လေသည်။ ထို့နောက် ဆက်လက်မေ့၍နေအောင် အခြေ အနေအားလျော်စွာ ထပ်၍ ထိုးပေးရ၏။ ဆေးအားနှင့် တစ်ကြိမ်မှာ လူမမာစိတ် အဘယ်ပုံ ရှိနေသည်ကို ထောက်ရှု၍ ပေးရသည်။

ထိုဆေးဖြင့် သားဖွားသူတို့မှာ အိပ်သော်လည်း မအိပ် သူကဲ့သို့ စကားတပြောပြော နေတတ်၏။ သို့သော်လည်း ၎င်း စကားများမှာ မမှန်။ ၎င်းအား မေးမြန်းသည့်အခါ မဆီမဆိုင် ဖြေစကားများကို ပြန်၍ ပြောဟာတတ် ဖြေတတ်၏။



အောက်ပါ အချေအတင် စကားများသည် ထိုဆေး ဖြင့် ကလေးမျက်နှာမြင်သူနှင့် ဆေးဆရာဝန် ပြောသောစကား ဖြစ်လေသည်။

ဘာပြုလို့ ငိုသလဲ။

အလုပ်မရှိလို့။

ဘာကြောင့် နာသလဲ။

ပေါင်မုန့်။

ကျုပ်ဘယ်သူလဲ။

ခေါင်းရိပ်သမား။

ငါ့ဆံပင်ညှပ်ဆိုင် ဘယ်မှာလဲ၊

ဖရီးဘတ်မြို့။

အခု မင်းကို ငါပြတာ ဘာလဲ၊

ဦးထုပ်။ မင်းမှာ ကလေးရှိသလား။

ဟုတ်ကဲ့၊ ကလေးကို ဘာသာသွင်းရဦးမယ်။

ထို့နောက် မခံနိုင်တော့ဘူး မခံနိုင်တော့ဘူး ဟု အော် လေသည်။

ဘာဖြစ်သလဲ။

ဒရက်စတင်မြို့ ဆင်ခြေပုန်း။

ဘာဖြစ်လို့ နာသလဲ။

လည်ပင်းနဲ့ လက်ဖျား (ထို့နောက်) နာသည်ဟု ဆက်၍ အော်ပြီး ကလေးမျက်နှာမြင်လေသည်။

၎င်းနောက် ဟစ်ဝုတစ်ရာမျှ သတိမရဘဲ နေလေ၏။

ဤနည်း၌ သားဖွားမည့် မိခင်သည် ဝေဒနာခံစားရ မည် မဟုတ်ကြောင်းသိသဖြင့် အားရှိခြင်း၊ သားဖွားရာ၌ အရေး ကြီးသော အကြောများကို နာကျင်သဖြင့် ရှုံ့ကာ အရေးခက် အောင် ပြုဖို့ရန် သတိမရသဖြင့် လွယ်ကူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းကဲ့သို့ပင် အရေးကြီးသောအခါများ၌ အောက်ပါ ဆေးများကို ပေးခြင်းဖြင့် သက်သာခွင့် ရနိုင်လေသည်။ ထိုဆေးများမှာ ဟိုမီယိုပယ်သီဆေးများ ဖြစ်သည်။

Pulsatilla 30 (or) ၂၀၀ ပူလ်ဆာထစ်လာ ၃၀ သို့မဟုတ် ၂၀၀ဟု ပြော၍ ဟိုမီယိုပါသီဆေးဆိုင်မှ ဝယ်၊ ထိုဆေးသည် နွေးနွေးဖြည်းဖြည်း နာသော အနာအကျင်ကို သက်သာစေ၏၊ ဝမ်းထဲ၌ သေနေသော ကလေးကို အပြင်သို့ ရောက်စေ၏။ ကလေးအနေအထားလွဲ၍ နေသည်ကို တည့်မတ်စေ၏။

Gelsimium 30 ဂျယ်လ်ဆီမီယမ် ၃၀ နာရီပေါင်းအတန်ကြာ၍ အဝမှာ မပွင့်မကျယ်၊ မာ၍တောင့်ခိုင်ပြီး နေလျှင် ထိုဆေးကိုပေး၊ အထက်ရင်နှင့် ကျောဘက်ကို ဆန့်တက်ခါ နာကျင်လျှင် ထိုဆေးကို ပေး၊ သားကို ခက်ခဲစွာ ဖွားတတ်သော မိန်းမအတွက်ထိုဆေးသည်အထူးကောင်း၏။အကြောင်းမူကား သားအိမ်ကို ပွင့်ကျယ်စေသော ဆေးဖြစ်သည်။

Nux Vamica နက်စဘော်မိကာ၊ ၃၀-ကျင်ကြီးကျင်ငယ်သွားချင်လောက်အောင် ပြင်းထန်စွာ နာကျင်ခြင်း၊ ပေးရသည်။ လူမမာမှာ ဝမ်းချုပ်၍ အရောင်အဆင်းများကို မကြည့်နိုင်တော့ပေ။

Chamomilla ရှောမိုမစ်လား ၆ လအလွန် စိတ်အားငယ်တတ်၍ အနာအကျင်ကို မခံရပ်နိုင်သော မိခင်တို့အတွက် ကောင်း၏။

ထိုဆေးများသည် ဟိုမီယိုပါသီ ဆေးများဖြစ်၍ အေးသောနေရာများ၌ လုံခြုံစွာ ထားရသည်။ ဆေးကို ပြင်းထန်သော ဆေးလိပ် မီးခိုးကဲ့သို့သော အငွေ့အသက်များ မထိစေရ



အခြားဆေးများနှင့်လည်း ရော၍ မထားရ။ ရင်းဆေးများမှာ ပုလင်း၌ပါသော ပမာဏအတိုင်း ရေနှင့်စပ်၍ သောက်ရသည်။

နံပါတ်များမှာ ဆေး၏ အားကို ပြသည်။

ထိုဆေးသည် မီးဖွားခြင်း၌ လွန်စွာ အသုံးဝင်သော ဆေးဖြစ်သည်။

Belladonna 30 ဘက်လာဒေါနား ၃၀ ပြင်းထန်စွာ နာကျင်သော အနာများကို သက်သာစေ၏။ လူမမာ၏ မျက်နှာမှာ နီ၏။ နာကျင်သော နှလုံး၌ ဒိန်းဒိန်းမြည်၏။ အသံတစ်စုံတစ်ရာကို မကြားချင်၊ အလင်းရောင်ကို မကြည့်ချင်။ ကုတင်မြည်သည်ကိုမျှ မကြားချင်တတ်ပေ။ ထိုအခါ ထိုဆေးကို ပေးရမည်။ အဝမှာ အကြောများ ရှုံ့ချုံ့ တင်းခံ့ဖြစ်၍ အဖွားရခက်လျှင် ထိုဆေးကို ပေး။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သန္ဓေပျက်သော ရောဂါ

ကိုယ်ဝန်ရှိနိုက်မှာ အကြီးအကျယ် စိတ်လှုပ်ရှားသောကပရိဒေဝများခြင်း၊ ပြင်းထန်ကြမ်းတမ်းစွာ ကိုယ်လက်လှုပ်ရှားလုပ်ကိုင်ခြင်း၊ ဝန်လေးကြီးများကို ပင့်ချီ ထမ်းရွက်ခြင်း၊ အမြင့်မှ ကျခြင်း၊ ရိုက်နှက်ထောင်းထုခံရခြင်း၊ ကျောက်ပေါက်ခြင်း၊ အမြဲဓာတ်ချုပ်ခြင်း စသည်များကြောင့် သန္ဓေပျက်တတ်၏။

ထိုင်းမှိုင်းလေးလံ ပျင်းရိခြင်း၊ စိတ်အားကိုယ်အားငယ်ခြင်း၊ စိတ်အလိုလို ဝန်လေး၍ နေတတ်ခြင်း၊ ပေါင်များ, ခါးများ, တင်ပါးများ၌ မနေသာ မထိုင်သာ အခံရခက်အောင် ကိုက်ခဲနာကျင်ခြင်း၊ သို့ နာကျင်ပြီးနောက် သွေးသွန်ခြင်းများသည် သန္ဓေပျက်ခြင်း၏ လက္ခဏာများ ဖြစ်၏။

ကုနည်းမှာ ငြိမ်သက်စွာ အလုပ်မလုပ်ဘဲ နေရမည်။ နှိုးသာကူစသည့် ကြေလွယ်၍ အာဟာရဓာတ်ကို ဖြစ်စေသော အစာကို မှီဝဲရမည်။

အိပ်ရာ ကုတင်ခြေရင်းပိုင်း၌ ခေါင်းရင်းထက် မြင့်အောင် ၎င်းကုတင်ခြေထောက်နှစ်ချောင်းအောက်၌ အုတ်ခဲ စသည့်အရာများနှင့် ခုမြှင့်၍ ပေးပြီး ပက်လက်အိပ်ရမည်။

ဆေးမှာ Tragacanth ထရာဂါကန်းခေါ် ကော်ဆေး ၅–မာရှား (Mashas) ကို ရေ ၂–အောင်စနှင့် ရော၍ စိမ်ပြီး နွားနို့ ဆတူ ရော၍ သောက်။



Soepstone ဆိုပစတုန်း ၄ ကျပ်သားကို ရေနှင့် ရော၍ သောက် Isafgol အစ်ဆပ်ဂိုးခေါ် ဟိန္ဒူဆေးမှုန့်ကို နွားနို့ စီယာဝက်နှင့် ရော၍ သောက်။

အင်္ဂလိပ်ဆေးမှာ Sodii Bromide ဆိုဒီဘရိုမိုက် ၁၀ ဂရိန်, Tinct Opii တင်ချာ အိုပီဘီန်းဆီ ၁၀–မီနှင်၊ ရေ တစ်အောင်စ၊ တစ်ခါသောက် တစ်နေ့ သုံးကြိမ်။

**မြုခြင်း။** ။မြုခြင်းသည် မျိုးရိုးကြောင့် လည်းကောင်း၊ သားအိမ်နေရာလွဲခြင်းကြောင့် လည်းကောင်း၊ ဥများ မအောင်မြင်ခြင်း၊ အခြားရောဂါအမျိုးမျိုး ဆစ်ဖလစ်ရောဂါ အငွေ့အသက် မကောင်းခြင်း စသည်များကြောင့် ဖြစ်တတ်သည်။ ဂေါ်နော်ရောဂါကြောင့် ဖက်ပိုပ်ယန်ပြွန်များ ပိတ်၍လည်း ဖြစ်တတ်သည်။ အချို့မှာ သားအိမ်နှုတ်ခမ်းတစ်ခုမှာ များစွာပိုမို၍ ကြီးပြီး အခြားနှုတ်ခမ်းတစ်ခုမှာ တို၍နေသောကြောင့် သားအိမ်ထဲသို့ သုက်မဝင်ရောက်နိုင်သဖြင့်လည်း အမြုဖြစ်ကြ၏။

အချို့မှာ လင်မယားနှစ်ယောက်စလုံး၌ တစ်စုံတစ်ရာ ချွတ်ယွင်းခြင်း မရှိပါဘဲလျက်၊ အကြောင်း တစ်စုံတစ်ရာ ရှာမရဘဲ မြု၍ နေကြရာ၊ ထိုကဲ့သို့မြုက ကုသ၍မရနိုင်အောင် ခက်ခဲပေသည်။ အချို့ မိန်းမများမှာ ဝအားကြီးသဖြင့် သွေးသားတို့မှာ ကိုယ်တုံးကိုယ်ထည်ကိုသာ ပွားစေ၍ သားသမီးပွားဖုန် မဟောက်နိုင်ဘဲ မြုကြလေသည်။

ထိုကဲ့သို့ မိန်းမများမှာ ကိုယ်လက်လှုပ်ရှားခြင်း ကြိုးစား၍ ကစားခြင်း၊ ပြေးလွှားခြင်း၊ သကြားဓာတ် စတာ(ချ်) Starch ခေါ် ဂျုံဓာတ်၊ (ပယပဇီဘာ အဆိမ့်အချိုများ)ကို ရှောင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးကြောင့်မြုလျှင် ကုရဖို့ခက်၏။

အတွင်းအင်္ဂါတစ်ခုခု ချွတ်ယွင်း၍ဖြစ်လျှင် ဆရာဝန်ထံ သွားရမည်။

အခါများစွာ ယောက်ျားများကြောင့်လည်း မြုတတ်၏။ ယောက်ျားသုက်လည်း သန္ဓေဖြစ်သော Spermatozoa ခေါ် ဓာတ်ကင်းမဲ့ခြင်း၊ သုက်မရှိခြင်း၊ အားခန်းခြောက်ခြင်းများ ကြောင့် ဖြစ်တတ်၏။

**မိန်းမယောက်ျား အားခန်းခြောက်သည်ကို စမ်းနည်း**

ဂျုံစပါးစေ့ (Wheat)ယည့်၍ထားသော မြေအိုး တစ်ခု၌ တနင်္ဂနွေတစ်ပတ် ဆီးသွား၊ ထိုတနင်္ဂနွေတစ်ပတ် ကုန်လွန်၍မှ ၎င်းဂျုံစပါးစေ့များ အညှောက်မပေါက်လျှင် ကာမ, ခန်းခြောက်၍ ပန်းသေရောဂါဖြစ်သည်ဟု ဆိုရမည်။

ရေအပြည့်ထည့်ထားသော ခွက်ထဲ၌ ယောက်ျား ဖြစ်သူ၏ သုက်ကိုထည့်၍ကြည့်၊ ပေါလောပေါ်နေလျှင် အားခန်း ခြောက်သည်ဟု သိရမည်။

ထိုဆေးများသည် ဆေးဆိုင်များ၌လည်းရှိ၏။ ကာမသိဒ္ဓိစာအုပ်၌ပါသောနည်းအရ ကိုယ်တိုင်ဆေးများ ဖော်စပ်၍ လည်း မှီဝဲနိုင်သည်။

ဆင်စွယ်ကို အမှုန့်ပြု၊ နအောင်ချ၊ သကြားနှင့် ဆတူစပ်၊ မိန်းမဖြစ်သူသည် ထိုဆေးကို တစ်နေ့ငါးမူးသား ၁၀ရက် သောက်၊ ရာသီလာပြီးနောက် ၁၀-ရက်မြောက်သောနေ့ကစ၍ သောက်လေ၊ ထို့နောက် ပေါင်းဖော်ပါ။

ပေါင်းသင်းခြင်း မပြုမီ တစ်ရက်က ကြိုတင်၍ စမန်ဒါ ရာ့ဖားလ် Smundaraphal ခေါ် အစေ့ကို ဒိန်နှင့်ရော၍ မျို။



**ရိုဖြူကျခြင်း**

မိန်းမများ၌ ဝါကြင်ကြင် ဖြူရော်အဆင်းရှိသော အရည် တစ်မျိုးသည် ကလေးမျက်နှာမမြင်မီ တနင်္ဂနွေ၂-ပတ်၊ ၃-ပတ် လောက်မှာ ကျဆင်းတတ်၏။ ယခုအခါ မိန်းမများအနက် ရာခိုင်နှုန်း ၈၀ မှာ ထိုကဲ့သို့ ဖြစ်ကြ၏။ ရာသီလာမီ တစ်ခဏ နှင့်လာပြီးနောက် ခဏအတွင်းမှာ တစ်ရက် နှစ်ရက် ကြာ အောင် အရည်တစ်မျိုး ကျဆင်းတတ်လေရာ တစ်လကိုသီတင်း ကြာစွာ ဖြူသောအဆင်းနှင့် စော၍ သက်ဆင်းလျှင် ရိုဖြူဟု သိရမည်။

အိုသော မိန်းမကြီးများမှာလည်း ထိုရောဂါ ဖြစ်တတ် ၏။ ဖြစ်လျှင် လုံးလုံး ပျောက်အောင် ကုဖို့ ခက်သည်။

လက္ခဏာမှာ ခေါင်းကိုက်ခြင်း၊ အစာမစားချင်ခြင်း၊ ကိုယ်လက်နုံးခွေခြင်း၊ ကျောအောင့်ခြင်း၊ တစ်ရံတစ်ခါ သွေးဝ, ယွနေပါတတ်သည်။

သားသမီးစိတ်သော မိန်းမများ၏ အင်္ဂါ၌ နာကျင် သောဝေဒနာဖြစ်၍ ကဖြည်းဖြည်း ရိုဖြူအဖြစ်သို့ ရောက်တတ် သည်။

**ကုရန်မှာ**။ ။ဆက်ဆံမှုချုပ်ရ၊ လေကောင်းလေသန့် ရမှာ ကိုယ်လက်လှုပ်ရှား သွားလာလုပ်ကိုင်ခြင်းကို သင့်လျော်ရုံမျှ ရှိစေရမည်။ အင်္ဂါကို ကျောက်ချဉ်နှင့် ဖန်ရေဆေးရမည်။ ရေနွေး ပြွန်နှင့် ထိုးသွင်း၍ စင်ကြယ်သန့်ရှင်းစေခြင်း၊ မိုင်လယ် ရေချိုး ခြင်း၊ အသားအသွေးကို ကောင်းစွာဖြစ်စေသော အစာကို မှီဝဲ ခြင်း၊ သွေးကိုကြွစေသောအစာများကို ရှောင်ခြင်း၊ လုံလောက် စွာအိပ်ခြင်း၊ အားလပ်ခွင့်ကိုယူခြင်း၊ ၎င်းတို့သည် ထိုရောဂါ အတွက် ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



**ဆေးမှာ**။ ။လက်ဖက်ခြောက် တစ်ကျပ်သားကို ရေတစ်ပိုင့်၌ ကျို၍ ပြွန်နှင့်အင်္ဂါအတွင်းကိုဆေး။

❖ ❖ ❖ ❖ ❖



## သန္ဓေတားမြစ်ခြင်း

နွားနို့ လတ်လတ်အစိမ်းကို ဖန်ပြွန်၌ထည့် တစ်နေ့ ၂-ကြိမ် အင်္ဂါအတွင်းသို့ သွင်း၍ ဆေး၊

သန္ဓေတားမြစ်ခြင်းသည် အသက်ကိုသတ်ခြင်း၊ ဖျက်ဆီးခြင်းမဟုတ်သဖြင့် ပါဏာတိပါတကံမထိုက်ဟု သဲဘော ရရှိအပ်သည်ဟု အနောက်တိုင်းပညာရှိများ အံယူရှိကြ၏။ ထို့အပြင် ကမ္ဘာပေါ်၌ အသိအလိမ္မာ ပညာမရှိသောသူတွေများခြင်း၊ စိတ်မနှံ့သူတွေတိုးတက်ခြင်းထက် ကျွေးမွေးပြုစု ပညာသင်ပေးနိုင်ရုံလောက်မျှ သားသမီးအရေအတွက်ကို သတ်မှတ်ခြင်းက ပိုမို၍ အကျိုးများအပ်ပေသည်။ သို့သော်လည်း ဤအရာ၌ ထင်မြင်ချက်အမျိုးမျိုးရှိရာ ကိုယ်ပိုင်ယုံကြည်သော ထင်မြင်ချက်အတိုင်း တားမြစ်မှကောင်းမည်။ မှတ်ထင်ယုံကြည်က တားမြစ်နိုင်၏။ ငရဲကြီးမည်ယုံကြည်က ငရဲကြီးတတ်၏။ ယုံကြည်ခြင်းသာ ပဓာနဖြစ်သည်ဟု မှတ်အပ်ပေသည်။

အချို့သော မိန်းများအတွက် သားဖွားခြင်းသည် အများနှင့်မတူ ထူးခြားဝန်လေး၏။

ထိုကဲ့သို့သော မိန်းမများအတွက် ကာကွယ်ခြင်းကို မပြုချေက ရက်စက်ရာ ကျပေလိမ့်မည်။ ပေါင်းသင်းဆက်ဆံခြင်း၏ အကြိမ်နည်းပါးခြင်းသည် သန္ဓေကို တားမြစ်သည်ထက် သန္ဓေရှိရန် လွယ်ကူခြင်းကို ပိုမို၍ ဖြစ်စေလေသည်။ ထို့အပြင် ပေါင်းသင်းစ, အကြင် လင်နှင့်မယားတို့မှာ အကြိမ်ကိုလျှော့ခြင်းသည် ကျန်းမာခြင်းကို ထိခိုက်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သန္ဓေတည်ခြင်းမှာ နှစ်မျိုးရှိ၏။ တစ်မျိုးမှာ ယောက်ျား၏ သုတ်ကောင်ဖြစ်သော Spermatozoa သည် ပေါင်းသင်းပြီးနောက် မိန်းမအိပ်၍နေခိုက်မှာ သားအိမ်အတွင်းသို့ မိမိတို့ကိုယ်တိုင် တရွေ့ရွေ့သွား၍ ဝင်ပြီးနောက် ဥခေါ် မိန်းမ၏ သုတ်ပိုးများနှင့် ပေါင်းသင်းကာ သန္ဓေဖြစ်လေသည်။ ထိုနည်းကို နည်းရိုးဟုခေါ်၏။ ဒုတိယနည်းမှာ ယောက်ျားအင်္ဂါထိပ်သည် သားအိမ်ဝနှင့်ထိ၍ သုက်သည် သားအိမ်အတွင်းသို့ တိုက်ရိုက်ဝင်ကာ မိန်းမ၏သုက်နှင့် ပေါင်းစပ်၍ သန္ဓေဖြစ်ခြင်း ဖြစ်လေသည်။ ထိုနည်းမျိုးမှာ အခါခပ်သိမ်း ဖြစ်လွယ်သောနည်း မဟုတ်သဖြင့် ထူးခြားသောနည်းဟု ခေါ်သည်။ သန္ဓေတည်ပြီးလျှင်ပြီးချင်း သားအိမ်ဝပိတ်၍ သားအိမ်ထဲသို့ မိခင်၏ အသက်သွေးမှတစ်ပါး အခြားမည်သည့်အရာမျှ ဝင်ခွင့်ရတော့ချေ။

မိန်းမ၏ Falloplan Tubes ခေါ် ဥပြွန်၌ ဥများရှိခိုက်မှသာ သန္ဓေဖြစ်တတ်၏။ ထိုအခါမှာ ရာသီမလာမီ နှစ်ရက်သုံးရက် သို့မဟုတ် ရာသီလာပြီးနောက် ၁၄ ရက်အတွင်းမှာ ဖြစ်တတ်လေသည်။

သန္ဓေတည်ခြင်း၏ လက္ခဏာများမှာ ရာသီမလာခြင်း၊ ဝမ်းဗိုက်၌ လှုပ်ရှား၍ မကြာမကြာ ပျို့အန်ခြင်း။ သန္ဓေတည်ပြီးနောက် ၂-လ ကုန်ခါနီးသောအခါ ရင်ဘတ်နှင့် နို့သီးများမှာ နာကျင်ခြင်း။ တတိယလ၌ သားအိမ်အတွင်းမှ ငှက်အတောင်ပံခတ်သလို တဖြတ်ဖြတ်လှုပ်ရှားခြင်း၊ စတုတ္ထလ အလွန်၌ ဝမ်းဗိုက်ကြီး၍လာခြင်း၊ အိပ်မပျော်၊ သွားနာ၊ သွားကိုက်ပေါ်တတ်ခြင်း၊ ၎င်းလက္ခဏာများ ဖြစ်ကြလေသည်။

ထူးခြားသော ဒုတိယနည်းအရ သားအိမ်အတွင်းသို့ ယောက်ျား၏ သုတ်ဝင်သည့်အခါ မိန်းမမှာ အထူးရွကောင်းသော



ခံစားရခြင်းကို သိရှိရလေသည်။ ရာသီလာပြီးနောက် ပေါင်းသင်းခြင်းသည် သန္ဓေကို သာလွန်ဖြစ်လွယ်လေသည်။ သန္ဓေရက် ၂၇၅ ရက်ခန့် ကြာတတ်လေသည်။ နောက်ဆုံး ရာသီလာခြင်း၏ ပထမနေ့မှစ၍ ၂၇၅ ရက်အထိ ရေတွက်ပြီး ၎င်း ၂၇၅ ရက်ထဲမှာ ၄-ရက်၊ ၅-ရက် ထပ်၍ထည့်လျှင် ရက်ပေါင်း **၂၈၀** သို့မဟုတ် ရက်သတ္တပတ်ပေါင်း ၄၀ မှာ သားဖွားမည်ဟု **ခန့်မှန်း** သိရှိနိုင်လေသည်။ ထပ်၍ ထည့်သော ၄-ရက်၊ ၅-**ရက်မှာ** နောက်ဆုံးလာသော ရာသီရက် ဖြစ်သည်။

ယောက်ျားများ၏ သုက်ရင့်၍ သန္ဓေဖြစ်စေနိုင်သော အရွယ်မှာ ၁၃နှစ်မှ ၁၆-နှစ်အတွင်း စ၍ ဖြစ်၏။ မိန်းမများမှာ ထိုထက်စောလေသည်။

ရာသီလာခါနီးသောအခါ နို့သီးရောင်ခြင်း၊ နို့သီးပတ်လည် အမဲကွက်မှာ နာကျင်ခြင်း၊ ခါးအနည်းငယ် နာခြင်း၊ သားဝပွင့်ခြင်းများ ဖြစ်၍ လာ၏။

**တားဆီးခြင်း၏ ပထမနည်း။** ။ ရာသီမလာမီ ၅-ရက်လာပြီးနောက် ၁၂-ရက် သို့မဟုတ် ရာသီစ၍လာသော ပထမနေ့မှ ၁၅-ရက်ပေါင်း၍ အရက် ၂၀အတွင်းမှာ သွားလာခြင်းမပြုရ၊ ပြုလျှင် သန္ဓေကိုဖြစ်စေတတ်သည်။ ထိုရက်များမှတစ်ပါး အခြားရက်များမှာ သားအိမ်ပြွန်၌ ဥမရှိ၍ သန္ဓေမတည်နိုင်။ သို့သော်လည်း တစ်ရံတစ်ခါ ခြွင်းချက်နှင့်ကြုံ၍ ဤလို သတိနှင့် ရှောင်ကြဉ်လျက်ပင် သန္ဓေတည်နိုင်သေးသည်ဟု အချို့ဆေးဆရာဝန်ကြီးများ အယူရှိကြသည်။

**ဒုတိယနည်း။** ။ သုက်ကိုမလွှတ်မီ ယောက်ျားသည် အင်္ဂါကို အပြင်သို့ ထုတ်ခြင်းဖြင့်လည်း တားမြစ်နိုင်၏။ သို့သော်လည်း ထိုအကျင့်သည် လင်မယားနှစ်ယောက်စလုံးမှာ ရောဂါအမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေနိုင်လေသည်။ ထို့အပြင် မိန်းမမှာ အလိုမပြည့်ဝသဖြင့် မကျေမနပ်ဖြစ်လေသည်။

**တတိယနည်း။** ။ အတွင်းဆေး၊ အပြင်ဆေးများဖြင့်လည်း တားမြစ်နိုင်၏။ ဟိန္ဒူဆေးကျမ်းများအရ ဆင်ချေးကို ရာသီလာခိုက်မှာ နည်းနည်းစီစားလျှင် သန္ဓေကို ကာကွယ်၏။ ကြွက်ချေးကို အမှုန့်ကြိတ် ပျားရည်နှင့် ဆတူရောစပ်၍ မသွားလာမီ ၂ မိနစ်၊ ၃ မိနစ်လောက်မှာ မိန်းအင်္ဂါအတွင်းသို့ ထည့်ခြင်းသည် သန္ဓေကိုတား၏။ သို့သော်လည်း ထိုနည်းများဖြင့် စိတ်မချအပ်ပေ။ အန္တရာယ်ကိုလည်း ဖြစ်စေတတ်လေသည်။ နားလည်သော ဆရာတစ်ယောက်ယောက်နှင့် ကင်း၍ ထိုနည်းမျိုးကို အသုံးမပြုကောင်းပေ။

**စတုတ္ထနည်း။** ။ သတ္တုဖြင့်လုပ်သောပွန်ကို မိန်းမအင်္ဂါအတွင်းသို့သွင်း၍ တစ်လတစ်ကြိမ်ထုတ်ပြီး ဆေးကြောခြင်း။ သို့သော်လည်း ထိုနည်းမှာ ဆရာဝန်နှင့်မှဖြစ်၏။ ကိုယ်တိုင်မူ စိတ်လည်းမချရ။ အန္တရာယ်လည်း ဖြစ်စေတတ်၏။

**ပဉ္စမနည်း ကွီနိုင်ဆေး** Soluble ။ ။ Quining Pessaries ကို ပေါင်းသင်းခြင်းမပြုမီ ၁၀မိနစ် အချိန်ခန့်မှ မိန်းမအင်္ဂါအတွင်း ရောက်နိုင်သမျှ ရောက်အောင်ထည့်ခြင်း။ ၎င်းမှာ ပျစ်ချွဲချွဲနေ၍ ရွံစရာကောင်း၏။ စိတ်လည်းမချရ မိန်းမှာ ကွီနိုင်အဆိပ်သင့်တတ်၏။ သို့သော်လည်း Speton စပီတန်၊ Spermoid စပါမွိုက်၊ ၎င်းဆေးများမှာ အကောင်းဆုံးလို့ အယူရှိကြ၏။ ပျစ်ချွဲခြင်းလည်း မရှိပေ။ သို့သော်လည်း ထိုသွင်းဆေးများမှာ အခါတိုင်း စိတ်မချရပေ။

**ဆဋ္ဌမနည်း။** ။ Rubber Check Pessary ရပ်ဘာချိပက် ဆင်ရီခေါ် သားအိမ်လည်ပင်းကို အုပ်သောအရာဖြစ်သည်။ ၎င်း



မှာ ကြိုးကလေးတပ်၍ထား၏။ ထိုနည်းမှာ ခံစားရခြင်း အတွေ့ကို ယုတ်လျော့စေ၍ မကောင်း။

**သတ္တမနည်း။** ။ Female Letter ခေါ် မိန်းမအင်္ဂါအတွင်းသို့ သွင်းသော အိတ်ဖြစ်သည်။ သွားလာရာ၌ လုံးလုံးကြီး အတွေ့မရှိ၍ အကျိုးမဲ့ဖြစ်သည်။ မသုံးအပ်။

**အဋ္ဌမနည်း။** ။ ယောကျ်ားအင်္ဂါကိုစွပ်သော အိတ်ဖြစ်လေရာ မပေါက်လျှင် စိတ်အချရဆုံးဖြစ်၏။ ထိုအရာမှာလည်း ဝန်လေး၍ ဆေးကြောရန် ကိစ္စများသည့်ပြင် အသားချင်း ထိရသလောက် မကောင်း။ ရောဂါမကင်းတတ်ချေ။

**နဝမနည်း။** ။ ယောကျ်ားအင်္ဂါထိပ်ကိုလွှမ်းအုပ်သော သားရေအိတ်ရှုံ့ဖြစ်၏။ အင်္ဂါကိုနုတ်ရာ၌ ကျွတ်တတ်သဖြင့် စိတ်မကျရ။

**ဒသမနည်း။** ။ ပင်လယ်ရေမြှုပ်ကို ဒိုင်အမီတာ ၂ လက်မရှိသော လိမ္မော်သီးခန့် အလုံးကလေးဖြစ်အောင် အစအနကို လိုက်ပြီး ပိုးစကလေးတပ်၍ ရေနွေး၌ပြုတ်ဖြီး ရေကိုညှစ်ပစ် သွားလာခါနီးမှာ ကျောက်ချဉ်ရေ သို့မဟုတ် ကွီနိုင်ရည် Solution of Quinine မှာ စိန်ရေကို အပြင်သို့ထုတ်ခါပစ်၊ အင်္ဂါဇာတ်ထဲသို့ ရောက်နိုင်သမျှ ရောက်အောင်သွင်းပြီး သွားလာရမည်။ ထိုနည်းမှာ မိန်းမ၌ အတွေ့ပို၍ ကောင်းစေ၏။ ၎င်းနည်းသည် သားအိမ်နှင့် ရေမြှုပ် တည့်တည့်ထိစေရမည်။ ရေမြှုပ်ကို ပြန်၍ ထုတ်ရာ၌လည်း သုတ်မကျန်ရအောင် သတိပြုလေ။

**ဧကဒသမနည်း။** ။ သွားလာပြီးနောက် ရေတစ်စီယာမှာ ဆားတစ်ကျပ်သားခန့်ထည့်၍ နွေးအောင်ကျိုပြီး ပွန်နှင့် ဆေးခြင်းဖြစ်၏။ ထိုနည်းမှာ ကောင်းသော်လည်း ကိစ္စများ၏။ သားအိမ်ကို ရောက်ပြီးသော သုက်ကိုလည်း စင်အောင်မဆေးနိုင်၍ စိတ်မချရချေ။

www.burmeseclassic.com

www.burmeseclassic.com



**ဒွိဒသမနည်း။** ။ ပေါင်းသင်းပြီးနောက် ထ၍ခုန်ခြင်း၊ ထချည်၊ ထိုင်ချည် ၁၂–ကြိမ်ခန့် ပြုခြင်း၊ နှာအောင်ပြုလုပ်ခြင်း တစ်မိနစ်ခန့် ချောင်းဆိုးခြင်း၊ ဆောင့်ကြောင့် ခတ်ကားကား ထိုင်၍ ဝမ်းဗိုက်ကို ရှုံ့ချီ တင်းချီ ဆယ်မိနစ်လောက် ပြုလေ။ **တေဒသမနည်းမှာ။** ။ ယောကျ်ားတက် မိန်းမကဲ့ အကြိမ်များစွာ အိတ်စ်ရေး X-Rays ခေါ် ဓာတ်ကိုခံခြင်းဖြစ်လေသည်။

နောက်ဆုံးနည်းမှာ ဆေးဆရာဝန်နှင့် မြှုံအောင် ခွဲစိတ်ခြင်း ဖြစ်လေသည်။

**အဘယ်နည်းကို သုံးရမည်။** ။ ရာသီမလာမီ ၅–ရက်က စပြီး ၁၀–ရက်မြောက်သော နေ့အထိ သားအိမ်ပွင့်၍ နေသဖြင့် ထူးခြားသောနည်းအရ သန္ဓေ Pessary ခေါ် သားအိမ်အုပ်သော ကိရိယာကိုသုံး၍ သွားပြီးနောက်၊ ပြွန်နှင့်ဆေးခြင်းသည် စိတ်ချရ၏။ ယောကျ်ား အင်္ဂါစွပ်သော French Letter ခေါ် သားရေအိတ်ကိုသုံးခြင်းလည်း စိတ်ချရသည်။

ရာသီလာပြီး ၁၀ရက်မြောက်သောနေ့မှစ၍ ၇ရက်အတွင်း၌ ထူးခြားသောနည်းဖြင့် သန္ဓေမတည်နိုင်၊ ထိုနေ့များ၌ သွားလာမိလျှင် သွားလာပြီးနောက် ၅–မိနစ်အတွင်း ပြွန်နှင့်ဆေး Douche ဟုခေါ်သော ပြွန်မှာ ၃ကျပ်လောက်ပေးလျှင် ရနိုင်သည်။

ပင်လယ်ရေမြှုပ်နည်းလည်း ကောင်း၏။ Speton စပီတုန်းဆေးကို သွင်းခြင်းသည်လည်း စိတ်ချရ၏။

ရာသီလာပြီးနောက် ၁၇ရက် ၂၃ရက်အထိ ပေါင်း ၆ရက် သွားလာလျှင် သန္ဓေမတည်နိုင်။ သို့သော် ပင်လယ်



ရေမြှုပ်ကိုသုံးလျှင် သာ၍စိတ်ချရ၏။ ထိုပင်လယ်ရေမြှုပ်မှာ အထက်ပြသော နည်းအပြင် Camphorated Neem Oil ခေါ် တမာဆီကို ပင်လယ်ရေမြှုပ်မှာ စိမ်လျှင် သာ၍စိတ်ချရ၏။

**ဟစ်စတီးရီးယား။** ။ ၎င်းရောဂါမှာ သတိလစ်၍ အခါများစွာ အော်ဟစ်တတ်၏။ ငိုရှိုက်၏။ စိတ်ဆိုးလွယ်၏။ ခေတ္တအကန်းကဲ့သို့ဖြစ်၏။ နားအနည်းငယ်ပင်း၏။ ကိုယ်ခန္ဓာ ကစ်နေရာ၌ နာကျင်ကိုက်ခဲ တတ်၏။ မျက်နှာနီ၏။ ကြို့ထိုး၏။

ကာမသုတ္တရဆရာများက၊ ကာမဂုဏ်ကို မခံစားရသဖြင့် စိတ်ကို အမြဲချုပ်တီးခဲ့ပြီးနောက် အားအင်နည်းပါးအောင် ဝေဒနာအမျိုးမျိုးပေါ်ပေါက်၍လာသော အခါကျမှ ထိုရောဂါဖြစ်ပေါ်တတ်သည်ဟု အယူရှိကြသည်။

စိတ်သောကများခြင်း၊ ကြောက်ရွံ့အားငယ်ခြင်း၊ ကာမစည်းစိမ်ကို မခံစားရခြင်းကြောင့်လည်း ဖြစ်တတ်၏။

**ကုနည်း။** လူမမာအား ရောဂါအကြောင်းကို မပြောဘဲ အခြား စိတ်ပျော်ရွှင်စရာများကို ပြောရမည်။ ပယောဂနှင့် လုံးလုံးမသက်ဆိုင်၊ ရိုက်နှက်၍ကုလျှင် သေတတ်သည်။ ရောဂါကင်းပျောက်ပြီဟု လူမာယုံကြည် မှတ်ထင်အောင် ပျော်စရာ ရွှင်စရာ အမျိုးမျိုးကို အခန်း၌ ဖန်တီးစီမံ၍ ပေးရမည်။

အခြား ယောကျ်ား မိန်းမများ မလာစေရ၊ လာလျှင် ကြာကြာမနေစေရ။

တက်သည့်အခါ အဝတ်အကျီကြယ်သီးများကို မတင်းမကျပ်အောင် ဖြုတ်ရမည်။ မျက်နှာပေါ်၌ ရေအေး သို့မဟုတ် အင်္ဂလိပ်ပုန်းရည် သို့မဟုတ် Ethyl Chloride အီသိုက်ပိုနိုက်ကို ဖြန်းပေး၊ ဦးခေါင်း၌ ရေခဲအုံ၊ လူမမာအား သန့်လျှင် ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် နှာခေါင်း အသက်ပြင်းစွာရှူချင်၍ လာသည့်တိုင်အောင် ဖျစ်ပိတ်၍ထားရမည်။ ထို့နောက် အသက်ရှူနိုင်အောင် လွှတ်ပေးရမည်။ ဦးခေါင်းကို ရေအေးလောင်း၍ပေး၊ ခြေဖျားအောက်၌ ရေနွေးပုလင်းကို ထားရမည်၊ သတိရ၍ ရေသောက်နိုင်လျှင် ရွှေအေးအေးနည်းနည်းသောက်စေရမည်။ မြောမေ့နေခိုက်မှာ မွှန်သော နှာပုလင်းကို နှာခေါင်းဝ၌တော့၍ပေးရမည်။ Chloroeform တည့်တတ်လေရာ ထိုနေ့များ၌သွားလာမိလျှင် Rubbrcheek ကလိုရယ်ဖော် မေ့ဆေးအငွေ့ နှစ်ကြိမ်၊ သုံးကြိမ် နှာဝမှာ ဝင့်၍ ပေးလေ။

လူမမာ၏ လက်မနှင့်လက်ညှိုး အသားများသော နေရာကို ကုသသူ၏ လက်မနှင့် လက်ညှိုးဖြင့် တင်းမာစွာ ဖျစ်၍ပေးလျှင် သတိရလာလိမ့်မည်။

❖ ❖ ❖ ❖ ❖

## ရာသီမပေါ်ဘဲနေခြင်း၊ ရာသီသွေးလွန်ခြင်း

### ရာသီမပေါ်ဘဲနေခြင်း

မီးယပ်ရောဂါ၊ တဖြည်းဖြည်း မိန်းချုံးအားကုန်သောရောဂါ၊ မီးယပ်ပိန် မီးယပ်ခြောက်ရောဂါ၊ အာရုံကြော၌ ဖောက်ပြန်ခြင်း၊ ၎င်းတို့သည် ရာသီငုပ်ခြင်း၏ အကြောင်းရင်းများဖြစ်၏။

အသားဖြူရော်၏၊ အားနည်း၏၊ ရင်သားမပေါ်၊ ကျော နှင့် ခါးအောင့်တတ်၏၊ မကြာမကြာ ခေါင်းခဲ၏။ အဖြူ ဆင်းတတ်၏၊ နှလုံးတုန်၏၊ မစားချင် မသောက်ချင်။

တစ်ခါတစ်ရံ ဆီးစပ်မှာ ရောင်ကြွ၏။ လက်နှင့်စမ်းကြည့်လျှင် သိသာ၏၊ သွေးများစွာအောင်းလျှင် များစွာရောင်ကြွ၏။

**စမ်းနည်း။** ပက်လက်နေ၍ ဒူး ၂–ဘက်ကို ထောင်စေ၊ ဆီးစပ်ပေါ်၌လက်ကိုတင်၍ကြည့်၊ ရောင်၍နေသည်ကိုဖြစ်စေ၊ လက်ချောင်းများနှင့် နှိပ်လိုက်သည့်အခါ များစွာနိမ့်ဝင်သွားသည်ကိုဖြစ်စေ တွေ့ရှိရလိမ့်မည်။ လစဉ်မနာကျင်လျှင် ရောင်ကြွခြင်းမရှိ သွေးများစွာ ခိုအောင်းခြင်းမရှိ၊ မစိုးရိမ်ရသေးဟု သိရမည်။

အကယ်၍ ရောင်နေလျှင် လက်နှင့် အင်္ဂါစပ်အတွင်း နှိုက်၍ကြည့်က တင်း၍ ဖူးနေသောနေရာကို တွေ့လိမ့်မည်။ နှိပ်ကြည့်လျှင် နိမ့်ချည်ကြွချည်နေ၏။ ကြည့်လျှင် အရောင်ပြာလဲ့လဲ့ရှိ၏။ ရာသီသွေးအောင်း၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မီးယပ်နှင့် ယှဉ်လျှင် အားဆေးတော်နစ်များကိုပေး။ ကာမအားဆေးများကိုမဟုတ်၊ အခြား အားဆေး တော်နစ်များ ရှိသည်။

Sulphate of Iron ဆာလ်ဖိတ်အော့ အိုင်းယန်း သံဒုတ္တာ ၅-ဂရိန်ကို ရေတစ်အောင်စခန့် တစ်နေ့ လေးကြိမ် တိုက်၊ ရာသီမလာမီ ၄-ရက်နှင့်၊ လာပြီး ၄-ရက်မှာ မတိုက်ရ။ ရာသီသွေး ဆင်းအောင်လည်း ပွင့်နေစေရမည်။

**နာကျင်စွာ ရာသီလာခြင်း။** ။ ရာသီလာသည့်အခါ နည်း၍ နာကျင်ခြင်းသည် သားအိမ်၌ အနာဖြစ်ခြင်း၊ သို့မဟုတ် သားအိမ် ကောက်ကွေ့သဖြင့် သားအိမ်ဝဆို့ခြင်းကြောင့်လည်း ကောင်း၊ အားနည်း၍ မကျန်းမာခြင်းကြောင့် လည်းကောင်း၊ မျိုခြင်းကြောင့် လည်းကောင်း ဖြစ်တတ်သည်။

**လက္ခဏာ။** ။ ရာသီမလာမီ ၅-ရက် ၆-ရက်လောက်မှာ အင်္ဂါထက်နား၌ နာကျင်၏၊ လေးလံ၏၊ ခေါင်းကိုက်၏၊ မငြိမ် မသက်ဖြစ်၏၊ ပထမနေ့လာသော သွေးသည် နောက်နေ့များ မှာထက် များစွာနည်း၏။ နာကျင်၍လာ၏။ နာသောနေရာ ၌ Turpentine Fomention ခေါ် တာပင်တိုင် အုပ်ဆေးနှင့် အုပ်၊ တင်ပါးဆုံကို ရေနွေးနှင့်ချိုး နာသောနေရာ၌ မြှောက်ကို အကိုက်နိုင်း ဝမ်းနုတ်၊ အချို့မှာ သန္ဓေရှိလျှင် ရောဂါပျောက်၏။

## ရာသီသွေးလွန်ခြင်း

အခါမဟုတ်လည်း လွန်တတ်၏။ သားအိမ်နေရာ မမှန် ခြင်း၊ ကလေးစိတ်ခြင်း၊ သားအိမ်၌အနာရှိခြင်း၊ သားအိမ် ရောင် ခြင်း၊ ကာမလွန်ကြူးခြင်းကြောင့် ဖြစ်နိုင်သည်။

သွေးများစွာဆင်း၏။ အသားဖြူရော်၍လာ၏။ အား နည်း၏။ မူး၏။ အစာမစားချင်၊ တစ်ခါတစ်ရံ မေ့မြောတတ်၏။



ငြိမ်သက်စွာနေ၊ အိပ်ရာခြေရင်းပိုင်းကို မြှင့်ပေး၊ အင်္ဂါ ဇာတ်အထက်မှာ ရေခဲဖြစ်စေ၊ ရေအေးဖြစ်စေကပ်ပေး။

**ဝမ်းမိုက်ရောဂါများ။** ။ ကိုယ်လက်လှုပ်ရှား အလုပ်များလွန် ခြင်း၊ မီးဖွားပြီးနောက် ငြိမ်ငြိမ်မနေခြင်း၊ သားများစွာ မွေးခြင်း ကြောင့် ဖြစ်တတ်၏။ လက္ခဏာများမှာ အသည်းနှာ အစာအိမ် ရောဂါများ၊ အားနည်းခြင်း၊ တတ်ချုပ်ခြင်း၊ အပြုဆင်းခြင်း၊ ခါး ကြော၊ ပေါင် ကိုက်ခြင်းများ ဖြစ်သည်။

ကုနည်း။ တော်နစ်ဆေး အနုစားများကိုပေး၊ အိပ်၍ ငြိမ်သက်စွာနေ၊ နံနက်တိုင်း အင်္ဂါအတွင်းကို ရေအေး ထိုးသွင်း ရမည်။

ရာသီလာခိုက်မှာဖြစ်စေ၊ မီးဖွားခိုက်မှာဖြစ်စေ အအေး မိခြင်း၊ ပြင်းသောဆေးများကို ထိုးသွင်းခြင်း၊ မေထုန်မှုများ လွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားလွန်းခြင်းများကြောင့် တုန်၍ ဖျား ခြင်း၊ ခါး ပေါင်ကိုက်ခြင်း၊ ဆီးသွားရာ နာကျင်ခြင်း၊ အန်ခြင်း၊ ရာသီလာရာ၌ နာကျင်ခြင်းများဖြစ်လျှင် ဝမ်းကိုသက်စေ၍ ငြိမ် သက်စွာ အိပ်ရာ၌ နေရမည်။ Potassium permagnate ပို တက်ဆီယမ် ပါမန်ဂနိတ်ကို ရေနှင့်ဖျော်၍ ပြွန်နှင့်သွင်း Bellad onna glycerie ဘက်လာဒေါနားဂလီစရင်ခေါ် ဆေးနှင့် အင်္ဂါ ကို သိပ်၍ပေး။

သားအိမ်ဝ၌ အနာကယေးရိုးရိုးဖြစ်ခြင်းမှာ မသိသာ အလိုလို ပျောက်တတ်၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမလှည့်နည်း

မိန်းမများကို ရအောင်ကြံရာ၌ ကာမကို အရေးယူခြင်းသည် အရေးကြီးသည်ဟု အချို့ထင်တတ်ကြ၏။ ထိုကဲ့သို့ ထင်မှတ်ခြင်းသည် အခါများစွာ မှားတတ်သည်။ မချစ်မနှစ်သက် မလိုလားခိုက်မှာ အနိုင်အထက် ကာမကိုရအောင် ယူမိသည့်အခါ မုန်းထား စက်ဆုပ်တတ်လေသည်။ လင်ယောကျာ်းပင်ဖြစ်စေကာမူ မိန်းမအလိုမရှိသောအခါ၌ အတင်းအဓမ္မယူမိချေက မုန်းထားခြင်းကို ခံရတတ်လေသည်။

မိန်းမများသည် နဂိုက နူးညံ့သူများ ဖြစ်ကြလေရာ ကာမအရာ၌ နူးညံ့သိမ်မွေ့စွာ စ, ရလေသည်။

အကြောက်အရှက် အားကြီးသော မိန်းမအား အားနာ၍ လှည့်ပတ်ပြောဆိုဖြားယောင်း နှူးနှပ်ခြင်းမပြုဘဲ မနေအပ်၊ ထိုကဲ့သို့ အားနာခြင်းမျိုးကို ကြောက်ရှက်တတ်သော မိန်းမပင်ဖြစ်စေကာမူ သဘောမကျတတ်ချေ။ ငြင်းဆန်သောကြောင့် သနားညှာတာ၍ ပိုင်လောက်ပါလျက် မပိုင်ဘဲ လွှတ်ပြန်ချေက လည်း အလွှတ်ခံရသော မိန်းမမှာ စိတ်ဆိုးတတ်၏။ နီးစပ်စွာ နေပါလျက် ယောကျာ်းက မစဘဲ မလိုက်မရောရှောင်ရှားခြင်းသည်လည်း မုန်းထားစိတ်နာခြင်းကို ဖြစ်စေတတ်၏။

သို့သော်လည်း မိန်းမတို့၏စိတ်သည် လွန်စွာ အသိခက်၏။ ပါလေဟန်နှင့်လည်း မပါဘဲ နေတတ်သည်ကို သတိရှိရမည်။ အလွန်တရာ နီးကပ်အရောဝင်သောကြောင့်လည်း လိုလားသည်ဟု အယူမရှိ အပ်ပေ။



အချို့သောမိန်းမများ၏ စိတ်သည် ကဆုန်၊ နယုန်လရာသီနှင့်တူ၏။ ယခုချက်ချင်း ကြည်လင်၍ ယခုချက်ချင်း အုံ့ဆိုင်းတတ်၏။ ယခု လတ်တလော ရွှင်၍ ချက်ချင်းလည်း နေပူတတ်၏။ သို့ဖြစ်၍ မရမ်းကားဘဲ ရဲရမည်။ မိန်းမများသည် လူရှေ့ သူရှေ့၌ ယောကျာ်းတစ်ဦး၏ အရောဝင်ခြင်းကို မုန်းထားတတ်၏။ ချစ်သူရည်းစားပင်ဖြစ်စေကာမူ လူရှေ့သူရှေ့၌ အရောမဝင်လွန်းအပ်ပေ။ အရေးယူဂရုစိုက်ခြင်းကို မိန်းမတို့သည် လိုလား၏။ လှပသောလက်ဆောင်ကို ကြိုက်တတ်၏။ လှပသန့်ရှင်း မွေးကြိုင်စွာ ဝတ်ဆင်ခြင်းသည် မိန်းမတို့၏ စိတ်ကို ကြည်နူးစေ၏။ သာယာသောအသံဖြင့် စကားပြောခြင်းသည် စိတ်ကို ကြည်နူးစေ၏။ မိမိချစ်သောမိန်းမနှင့် တွေ့သည့်အခါ တစ်မျိုးတည်းသော အမွှေးနံ့ကိုသာ အမြဲဆောင်ရမည်၊ ပေါင်းသင်းခွင့်ရသည့်အခါ ထိုရနံ့ ပါရှိရမည်။

မိန်းမများအား စ,ရဲမှရ၏။ မိန်းမက စ,ဖို့ကို စောင့်မျှော်၍ နေချေက လူမိုက်ကြီးဖြစ်တတ်လေသည်။ အရှက်ကြီးက မိန်းမ မရနိုင်။ ဣန္ဒြေသိက္ခာသည် မိန်းမတို့၏အရာဖြစ်၏။ ဣန္ဒြေသိက္ခာကြီးလွန်းသော ယောကျာ်းကို မိန်းမသည် အတင်းလာ၍ ကြိုက်မည် မဟုတ်ပေ။ နားထောင်၍ကောင်းသော အထုပ္ပတ္တိအကြောင်းအရာတို့ကို ပြောရမည်။ ပရိသတ် လူပုံအလယ်၌ ထင်ရှားရမည်။ လူစုတဲ့၌ ရောရှနေသည့်အခါ မိမိကြိုက်သောမိန်းမ သတိထားမိ၊ ဂရုစိုက်မိအောင် ထင်ရှားသော အရာတစ်ခုခုကို လုပ်ရမည်။ ယောကျာ်း, မိန်းမ အဖော်တစ်သင်းနှင့် ပျော်ပွဲစားအလည်အပတ် သွားရာ၌ ချက်ပြုတ် ရေပိုက်ကြသည့်အခါ အများထဲတွင် ထင်ပေါ်အောင်လုပ်ကိုင်နေထိုင်ရာ၏။ ဖျတ်လတ်လျင်မြန် ထက်မြက်၍ ယောကျာ်း၏

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းသတ္တိဂုဏ်မာန်ကို ထင်ရှားစေရမည်။ စကားပြောရာ၌မူ ပြုံးလျက် နူးညံ့သိမ်မွေ့သော အသံ ရှိစေရမည်။ မိန်းမပျို၏ ချင်ခင်ရင်းနှီးသော အထိမ်းအမှတ်ဖြစ်စေ၊ ဆွေမျိုးဖြစ်စေ၊ တစ်ယောက်ယောက်ကို ခင်မင်ရင်းနှီးအောင် ပြုရမည်၊ သို့ ရင်းနှီးအောင် ပြုခြင်း၏ အကြောင်းရင်း ရည်ရွယ်ချက်ကိုပင် အသိခံရစေကာမူ ရင်းနှီးချစ်ခင်အောင် ကြိုးစားရမည်။ ထိုအခါ ၎င်း၏ ကောင်းသော ဂုဏ်တို့ကို ထိုမိန်းမကြီးက မိန်းကလေး၏ ဆွေမျိုးများသိအောင် ဖော်ပြလိမ့်မည်။

မိန်းကလေး၏ စိတ်အလိုကိုလိုက်၍ လိုသမျှကိုရအောင် လုပ်ပေးရမည်။ မိန်းကလေးများနှင့် တွေ့ကြုံသည့်အခါတိုင်း အချည်းအနှီး မဖြစ်စေရ၊ မိန်းမကြိုက်တတ်သော အရာတစ်ခုခု ပါရှိစေရမည်။ မိန်းကလေး၏ အလိုကို သိအောင် ကြိုးစားရမည်။ အချို့သော လက်ဆောင်များကို တိတ်တဆိတ် ပေးရာ၏။ အချို့ကို အထင်အရှားပေးရမည်။ မိန်းကလေး နားထောင်လျှင် ရယ်ရွှင်စရာ၊ ပျော်စရာ ပုံဝတ္ထုများကို ပြောရမည်။ အကယ်၍ မျက်လှည့် လက်လှည့် အထူးအဆန်း အတတ်တစ်စုံတစ်ရာရှိချေက ပြရမည်။ အတီးအမှုတ် အဆိုအက တတ်လျှင် မရှက်မကြောက်ဘဲ ပြရမည်။ အပြောင်အပြက်တတ်လျှင် ပီယတစ်မျိုးဖြစ်၏။ မိန်းကလေးက အဆိုတတ်လျှင် မိမိက တီးရမည်။ အရေးကြီးသော ပွဲလမ်းသဘင်များ၌ သင့်လျော်သော လက်ဆောင်များကို မမေ့ရာ။

❖❖❖❖❖



## မိန်းကလေး၏ အချစ်ကို သိနည်း

အချစ်ကို မပြအဲမနေနိုင်၊ ချစ်ကြိုက်သော ယောကျ်ားကို မိန်းမသည် ရဲရဲမကြည့်ဝံ့၊ ကြည့်လျှင် ရှက်ကြောက်၍ မျက်နှာပျက်တတ်၏။ လက်မောင်းများ၊ ခြေသလုံးများကို အမှတ်တမဲ့မြင်အောင်ပြတတ်၏။ ယောကျ်ားကလေး ထွက်၍ သွားသည့်အခါ နောက်ကနေ၍ ကြည့်တတ်၏။ တစ်စုံတစ်ရာကို ယောကျ်ားကလေးက မေးလျှင် ရှက်ကိုးရှက်ကန်းနှင့် မျက်နှာလွှဲကာ မပီမသ မရဲတရဲပြန်၍ ပြောတတ်၏။ ထိုယောကျ်ားကလေးနှင့် နီးနီးနေလို၏။ ယောကျ်ားကလေးကို ခပ်လှမ်းလှမ်းမှာ မြင်လျှင် စကားကျယ်ကျယ် ပြောတတ်၏။ ဝတ္ထုပစ္စည်းအမျိုးမျိုးကို ယောကျ်ားကလေးအား အကြောင်းတစ်စုံတစ်ရာ ဖန်တီး၍ ပြတတ်၏။ ပုံဝတ္ထုများကို နှေးနှေးပြော၍ ပြတတ်၏။ ထိန်း၍ နေသောကလေးကို မြှူတတ်၊ နမ်းတတ်၊ မြှောက်ချီကစားတတ်၏။ အားရပါးရ ပွေ့ဖက် နမ်းရှုတ်တတ်၏။ ယောကျ်ားကလေး ပေးသော လက်ဆောင်ကိုမြင်သာအောင် ကိုင်ဆောင်တတ်၏။ အခြားယောကျ်ား တစ်ယောက်ယောက်အကြောင်းကို ၎င်းအား ဆွေမျိုးများကပြောလျှင် ဝမ်းနည်းသောအသွင်ရှိ၏။ အခြားယောကျ်ားအကြောင်း ပြောတတ်သူကို ရှောင်ရှားတတ်၏။

ထိုကဲ့သို့ ချစ်မှန်းသိရသောအခါ မိန်းမ၏လက်ကို တမင်သက်သက် ကစားရာ၊ လုပ်ကိုင်ရာ၌ ထိကိုင်မိအောင်ပြုရမည်။ ရေကူး၍ ကစားလျှင် ခပ်လှမ်းလှမ်းမှ ငုပ်၍ လာပြီး

www.burmeseclassic.com



မိန်းကလေး၏အပါး၌ လာ၍ပေါ်ရမည်။ ၎င်း၏အနီးသို့ ကပ်မိအောင် ကြိုးစားရမည်။ ထိအောင် ပြုရမည်။ လက်ဆောင်ပေးတိုင်း, တွေ့တိုင်း ချစ်ခင်သော မျက်နှာကို ထက်သန်စွာပြုရမည်။ နီးကပ်သည့်အခါ "ငါ မင်းကို အရေးကြီးတာ တစ်ခု ပြောချင်တယ်"ဟု ပြောရမည်။ အချစ်ကို စကားထက် အမူအရာ လက်ဟန် ခြေဟန်ဖြင့် ပြုရမည်။ ချစ်ကြိုက်ကြောင်းသိမှလျှင် တစ်စုံတစ်ရာဖြစ်၍ ဖျားဟန်, နေမကောင်း ဟန်ဆောင်ရမည်။ လာ၍ကြည့်ရန် မှာရမည်။ ထိုအခါ ၎င်း၏ လက်ကို ကိုင်ယူ၍ မိမိ၏နဖူး၊ မျက်နှာကို အစမ်းခိုင်းရမည်။ ဆေးဝါးဖျော်၍ အပေးခိုင်းရမည်။ "မင်းမှမကြည့်ရင် ဘယ်သူကြည့်မလဲ ခင်ခင်။ ခင့်တာဝန်ဝတ္တရားလို့ သဘောထားပါ" စသည်ဖြင့် ပြောရမည်။ ကြည့်ရှုပြီး၍ ပြန်လျှင် "ဘယ်တော့လာဦးမလဲ၊ မလာဘဲ မနေနဲ့နော်၊ ခင်ဖျော်ထားတဲ့ဆေးကို သောက်ရမှ သက်သာလိမ့်မယ်လို့ ထင်ပါတယ်" စသည်ဖြင့် ပြောရမည်။ ထိုကဲ့သို့ သုံးရက် သုံးည မမာဟန်ဆောင်ရမည်။ ထို့နောက် စကားကို ရှည်လျားစွာ ပြောရမည်။ စကားမပြောလျှင် မိန်းမကို အနိုင်မရ တတ်ပေ။ မိန်းကလေး လုံးလုံး စိတ်ပါသောအခါ အကြင် လင်မယားအနေမျိုး မြောက်အောင် ကြိုးစားရမည်။ တစ်နည်းနည်းနှင့် ထိထိရောက်ရောက် ပိုင်အောင် ပြုရမည်ဟု ဟိန္ဒူကျမ်း၌ ပါရှိလေသည်။

❖ ❖ ❖ ❖ ❖



## လအလိုက် သက်တည်ရာဌာနများ

မိန်းများ၏ကိုယ်၌ သက်သည် နေ့အလိုက် ရွေ့လျား၍နေသည်ဟု အချို့သော ပညာရှိများ ယုံကြည်ကြ၏။ ထိုနေရာကို သိ၍ ကိုင်တွယ်သုံးသပ်သည့်အခါ မိန်းမကို ရလွယ်သည်ဟု ရှေးပညာရှိများ အယူရှိကြ၏။

လဆန်း ၁၅ရက်မှာ သက်သည် လက်ျာခြေမမှ စ၍ ဦးခေါင်းအထိပြောင်း၏။ လကွယ် ၁၅ ရက်မှာ ဦးခေါင်းမှ လက်ဝဲခြေ အထိပြောင်း၏။ လဆန်းတစ်ရပ်မှာ လက်ျာလက်မနှင့် လက်ညှိုးစပ်ကြား၌ သက်တည်၏။ ၂-ရက်မှာ လက်ျာခြေဖဝါး ၃-ရက်မှာ လက်ျာဖနောင့်၊ ၄-ရက် လက်ျာဒူး၊ ၅-ရက် လက်ျာပေါင်။ ၆-ရက် ခါး၊ ၇-ရက် အင်္ဂါပေါက်။ ၈-ရက် နံရိုး။ ၉-ရက် လက်ျာသားမြတ်။ ၁၀-ရက် ရင်ဘတ်အလယ်။ ၁၁-ရက် နှုတ်ခမ်းဖျား။ ၁၂-ရက် လက်ျာပါး။ ၁၃-ရက် လက်ျာနား။ ၁၄-ရက် လက်ျာမျက်စိ။ ၁၅-ရက် ဦးခေါင်း၏ လက်ျာဘက်။ လဆုတ် ၁-ရက် ဦးခေါင်း၏ လက်ဝဲဘက်။ ၂ရက် လက်ဝဲမျက်လုံး။ ၃-ရက် လက်ဝဲနား။ ၄-ရက် လက်ဝဲပါး။ ၅-ရက် နှုတ်ခမ်းဖျား၊ ၆-ရက် ရင်ဘတ်အလယ်၊ ၇-ရက် လက်ဝဲရင်။ ၈-ရက် နံရိုးများ။ ၉-ရက် အင်္ဂါပေါက်။ ၁၀-ရက် ခါး။ ၁၁-ရက် လက်ဝဲပေါင်။ ၁၂-ရက် လက်ဝဲဒူး။ ၁၃-ရက် လက်ဝဲဖနောင့်။ ၁၄-ရက် လက်ဝဲခြေဖဝါး။ ၁၅-ရက် လက်ဝဲလက်မနှင့် လက်ညှိုးစပ်ကြား။

www.burmeseclassic.com

www.burmeseclassic.com



ထိုတွေ့ရှိခြင်းများ သိမ်မွေ့ညင်သာစေ၍ အယားပျောက်သလိုရှိစေရမည်။

အိမ်ထောင်ပြုခြင်း၌ သုခအစစ်ကို ရလိုလျှင် ကာမအလုပ်မှာ မိန်းမကာစ စေရမည်၊ မိန်းမအလိုရှိမှ အလိုက်သင့်ပေါင်းသင်းရမည်၊ ပေါင်းသင်းရာ၌လည်း လှုပ်ရှားခြင်းကို မိန်းမကာစ၍ ပြုရမည်။ ယောကျ်ားဖြစ်သူမှာ အလိုက်သင့် အားကိုကူညီထောက်ပံ့သောအနေနှင့် သွားလာရမည်။ သုက်ကို မြကြာအောင်ကြိုးစားရမည်၊ သုက်အထွက်စောမည်ကို စိုးရိမ်ရလျှင် အသက်အောင့်၍ ဒွာရကို အတွင်းသို့အားနှင့် ရှုံ့ယူရမည်။ ကျန်းမာခြင်းကို အထူးဂရုစိုက်က သုက်မြဲ၏၊ အချို့က အိပ်ရာ၌ သုက်လွှတ်သည်ကို အားကြီးသည်ဟုထင်ကြ၏။ မဟုတ်ပေ။ အားနည်းခြင်းလက္ခဏာ ဖြစ်ပေရာ ထိုရောဂါမျိုးဖြစ်လျှင် သုက်ခိုင်ဆေးများကို မှီဝဲရမည်။

မိန်းမကာစရမည်ဆိုရာ၌ ယောကျ်ားက အသာနေရမည်မဆိုလို၊ နှူးနှပ်ခြင်း ကော်ဖြင့် သုံးသပ်ခြင်းကိုမူကား ယောကျ်ားက စ ရမည်။

❖ ❖ ❖ ❖ ❖



## ရင်ကို နုပျိုစေခြင်း

ရင်သားပါး၍ ညှိုးကျသော မိန်းမများသည် ရင်ကိုကြွစေလိုလျှင် နီ၍လာသည့်တိုင်အောင် လက်ဖြင့် ပွတ်သပ်ခြင်းပြုရမည်။ ထို့နောက် ပုလင်းထဲ၌ အနည်းဆုံး ရက်သတ္တတစ်ပတ်ထည့်၍ထားပြီးသော ကျွဲနို့နှင့် ပွတ်တိုက် လိမ်းနယ်ပြီးနောက်သွေ့ခြောက်သောအခါ ကပ်ရှိသော နို့များကို လက်ပါးဖြင့် အားရှိစွာ ပွတ်တိုက် စင်ကြယ်စေရမည်။ နေ့စဉ် ထိုကဲ့သို့နှစ်ကြိမ်လုပ်လေ။ ထိုကဲ့သို့ တနင်္ဂနွေနှစ်ပတ်လုပ်လျှင် ခြားနားသိသာ၍ လာလိမ့်မည်။

### သားမြွတ်ကို တင်းမာစေနည်း

ကြွက်ချေးကို ပုန်းရည်နှင့်ရော၍ တနင်္ဂနွေတစ်ပတ် နေလှမ်း၊ ၎င်းနောက် ရင်သား၌လိမ်းသောအခါ ထိုပုန်းရည်ကို နွားနို့နှင့် ရောစပ်လိမ်းနယ်ရမည်။ ထို့နောက် သားမြွတ်ကို ပင့်မြှောက်၍ အဝတ်ဖြင့် စည်းပတ်၍ထားလေ။

### မယားနှစ်ယောက်ရှိသောယောကျ်ား

လင်ယောကျ်ားသည် အငယ်အနှောင်းယူသည့် အခါမိန်းမကြီးဖြစ်သူသည် မခံမရပ်နိုင်ဖြစ်တတ်၏။ ထိုကဲ့သို့ မဖြစ်စေ၍ သဘောထားကြီးစွာထားပြီး မယားငယ်၏ စိတ်မျိုးကို မြဲစွာထား၍ မယားငယ်သည် လင်အပေါ်၌ အပြုစုကောင်းသလို

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ပြုစုချေက လင်ဖြစ်သူသည် မယားကြီးအပေါ်၌ ကြင်နာသနားခြင်းပို၍ လာနိုင်၏။ အကယ်၍ သဘောထား ငယ်ခါ အမြဲဆူပူ ငြိုငြင်ချေက တစ်နေ့တခြား အမုန်းပွားပြီးလျှင် လင်ဖြစ်သူ၏မျက်စိ၌ မယားကြီးသည် သရဲမကြီး၊ ဘီလူးမကြီးလို မှတ်ထင်ကာ၊ နောက်ဆုံး၌ အမြဲကွဲကွာ၍ စိတ်အေးချမ်းသာရာဌာနဖြစ်သော မယားငယ်ထံသို့ လုံးလုံးကြီး ရောက်တတ်လေသည်။ အကယ်၍ မကောင်းယုတ်မာသော လင်ဖြစ်သဖြင့် မိန်းမတစ်ယောက်ကိုမှ ကောင်းစွာလုပ်ကိုင်ကျွေးမွေး ထောက်ပံ့ခြင်းမပြု၊ သားသမီးကိုစွန့်ခွာကာ အလေလိုက်သူ ဖြစ်ချေက၊ မကောင်းသော ဤယောကျ်ားမျိုးကို စွန့်နိုင်လေသည်။

❖ ❖ ❖ ❖ ❖



## ယောကျ်ားကို ရအောင်ကြံနည်း

ယခုခေတ်သမယမှာ ယောကျ်ားကောင်းတစ်ယောက် ကို ရဖို့မလွယ်ချေ။ ကောင်းသော ယောကျ်ားမုန်းသိ၍ ယူလိုသော စိတ်ရှိချေက မိန်းမသည် ကိုယ်စွမ်း ကိုယ်စကို အသုံးပြုအပ် ပေသည်။ ထိုယောကျ်ားနှင့် နှစ်ကိုယ်တည်းတွေ့အောင်နည်းလမ်းကို ဖန်တီးရမည်။ ဤသို့ ဖန်တီးခြင်းကိုလည်း ယောကျ်ားမသိရအောင် သတိပြုရမည်။

သို့သော်လည်း မိန်းမက ချစ်စကား ကြိုက်စကားကို စ၍မပြောအပ်ပေ။ ယောကျ်ားတို့ ထိကိုင်တွယ်ခြင်းကို ပြင်းထန်စွာ ငြင်းဆန်ခြင်းမပြုရ။ ပွေ့ဖက်ခြင်းကိုပင် ခံနိုင်၏။ သို့သော်လည်း သို့ပွေ့ဖက်ခြင်းခံရာ၌ ခံစားခြင်းရှိသည်ကိုကား မပြအပ်ပေ။ ယောကျ်ား၏ထိပါး ကိုင်တွယ်ခြင်းများ၌ အကောင်းအဆိုးကို တစ်စုံတစ်ရာ နားမလည်သော ကလေးအရိုင်းကဲ့သို့ နေရမည်။ ရင်ကိုကိုင်ခြင်း၊ နမ်းရှုပ်ခြင်းကိုမူကား ငြင်းဆန်ရမည်။ ထိုထက်ပို၍လည်း အခွင့်မပြုအပ်ပေ။ သို့သော်လည်း အမှန်ချစ်၍ အမှန်ယူမည့် ယောကျ်ားဖြစ်သည်ကို သိရလျှင်မူကား အခွင့်ပေးနိုင်၏။

သို့အခွင့်ပေးပြီးနောက် ချက်ချင်း အကြင်လင်နှင့် မယားအဖြစ်သို့ရောက်အောင် တရားနည်းလမ်းကျစွာ ယူဖို့ တိုက်တွန်းရမည်။ ဤကား ဟိန္ဒူကျမ်းအတိုင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက မိန်းမကိုရအောင် ကြံရာ၌လည်း နောက်ဆုံး၌ ပိုင်အောင်ပြုရမည်ဟူသော စကားသည် ဟိန္ဒူအယူဖြစ်၏။ ခရစ်ယန် လူမျိုးတို့၏ အယူ မဟုတ်ပေ။

ဗုဒ္ဓဘာသာမြန်မာတို့၏ အယူမှာကား အကြောင်းအားလျော်စွာ အခြေအနေအတိုင်း ဖြစ်စေရ၏။ အကြောင်းမူကား နှစ်ပေါင်းကြာစွာ ချစ်ကြိုက်ပြီးမှ ယောက်ျားက ရိုးအားကြီးသဖြင့် အခြား ယောက်ျား၏ လက်တွင်းသို့ ကျရောက်သည်များကိုလည်း တွေ့ရှိနိုင်လေသည်။

❖ ❖ ❖ ❖ ❖



## လင်မယားအချစ်ကို တိုးတက်မြဲစေသောနည်း

အချစ်သည် အပေါ်ယံ၌ လွန်စွာ အရောင်အဆင်း ပဝင်းတောက်ပသဖြင့် ထိုအရောင်အဆင်း၏အရှိန်ကြောင့် ချစ်သူနှစ်ဦးတို့မှာ တစ်ဦး၏အပြစ်ကိုတစ်ဦး မမြင်တတ်ကြချေ။ အချစ်သည် ဝေးသောတောတောင် သာယာခမ်းနားခြင်းနှင့်တူ၏။ အတွင်းသို့ရောက်မှသာလျှင် အခက်အခဲများကို တွေ့မြင်နိုင်ဖော်သည်။ အချစ်၏လှည့်စားခြင်းကို ယုံကြည်ကာ တစ်ယောက်အပေါ်၌ တစ်ယောက်အပြစ်ကို မမြင်သဖြင့် တစ်ယောက်ကိုတစ်ယောက် လွန်စွာ အထင်ကြီးတတ်ကြလေသည်။ သို့ အထင်ကြီးသောစိတ်နှင့် ညားကြသူတို့သည် အကြင်လင်မယားဖြစ်ကြသောအခါ အထင်နှင့်အမြင် မကိုက်ညီကြသည်ကို တွေ့ရှိရသဖြင့် စိတ်ပျက်ကာ နတ်ပြည်သို့ ရောက်သည်ဟု မှတ်ထင်ရာမှ ငရဲသို့ ကျဆင်းတတ်ရလေသည်။ သို့ဖြစ်၍ ပျိုရွယ်သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်ကြသည့်အခါ တစ်ယောက်၏အပြစ်ကို တစ်ယောက်မြင်အောင် ရှာကြရမည်။ တွေ့ရှိသော အပြစ်များကို သိရပါလျက် ထိုအပြစ်များ၏ဒဏ်ကို ခံနိုင်လောက်အောင် ငါတို့၏အချစ်သည် ခိုင်မာပါမည်လားဟု မိမိတို့ကိုယ်ကို စိတ်ချလောက်အောင် စစ်ဆေးပြီးမှ ပေါင်းသင်းကြလေ၏။

ချစ်စခင်စ လင်မယားဘဝ၌ အထူး သတိထားရန်အချက် တစ်ခုမှာလည်း အမြဲနီးကပ်လျက် နေလိုခြင်းဖြစ်လေသည်။ ထိုကဲ့သို့နေခြင်းသည် တစ်ယောက်၏ လွတ်လွှတ်မှု

www.burmeseclassic.com



ကလေးတွေကို တစ်ယောက်သိလွယ်သဖြင့် လျှင်မြန်စွာ ငြီးငွေ့ခြင်း ဖြစ်စေနိုင်လေသည်။

အထူးသဖြင့် အချစ်က နည်းပါး ဂုဏ်အသရေစွာ စည်းစိမ်ကို အားကိုးယူကြသူပဲ့မှာ တစ်ယောက်က အချစ်ပို၍ တစ်ယောက်က အချစ်ယုတ်သည့်အခါ အချစ်ပိုသူက နှိမ်ချကပ်စွာနေချင်လေလေ လွယ်ကူစွာ အမုန်းခံရလေလေ ဖြစ်တတ်၏။ တစ်ယောက်က အချစ်အား များနှစ်စွာမသန့်၊ တစ်ယောက်မှုကား အချစ်သန်သဖြင့် လင်မယားဖြစ်ကြောင်း မြင်သမျှသောသူတို့အား ပြချင်သဖြင့် ပူးကပ်စွာနေသည့်အခါ သာ၍ပင် ဆိုးလေသည်။

အချစ်ညီသူတို့မှာလည်း ယောက်ျားဖြစ်သူက ပညာတတ်၍ မိန်းမက ပညာမတတ်သူဖြစ်သည့်အခါ ယောက်ျားဖြစ်သူက စာပေနှင့် ငြိမ်သက်စွာ တစ်ကိုယ်တည်းပျော်တတ်သဖြင့် မိန်းမကို မေ့၍နေတတ်၏။ ထိုအခါ မိန်းမမှာ မကျေမနပ်ဖြစ်တတ်၏။ အိပ်ရာ၌ ယောက်ျားသည် မဂ္ဂဇင်းကိုဖတ်၍နေ၏။ မိန်းမကမူ တစ်ကိုယ်တည်း တွန့်လိမ်ခါ "တော်ပါတော့လား၊ ညဉ့်နက်လှပြီ၊ အခုတောင် မအိပ်သေးဘူးလား၊ ဒီဘက်လှည့်ပါဦး၊ ဒီမီးအိမ်ကြီးကလဲ" စသည်ဖြင့် ပူးကပ်ပွတ်သပ်ခါ၊ အနှောင့်အယှက်ပြုတတ်လေရာ လင်ဖြစ်သူက စာဖတ်ကောင်းနှင့် ကြုံသည့်အခါ ဒေါသထွက်လျက် တွန်းဖယ်၍ ပစ်တတ်လေရာ အသားနာသော မိန်းမမှာ ခပ်ခွာခွာ တစောင်းခွေ၍ နေရရှာသည်တွင် အတော်ညဉ့်နက်မှ ယောက်ျားဖြစ်သူက ခြေဂလန့်ချိတ်ခါ အပါးသို့ ဆွဲယူရလေသည်။ သို့ ထပ်ခါထပ်ခါ ဖြစ်ချေက အစဦး၌ ချော့မော့၍ စိတ်ပြေနိုင်သော်လည်း အကြိမ်ကြာသည့်အခါ စိတ်နာတတ်လေသည်။



သို့ဖြစ်၍ မကပ်လွန်း မခွာလွန်း၊ နီးလွန်းက ခွာ ကွာလွန်းလျှင် ကပ်အပ်ပေသည်။

အိမ်ထောင်၏ သုခချမ်းသာခြင်းသည် အမြဲပူးကပ်၍ နေခြင်း၌ တည်တံ့ခြင်းမဖြစ်နိုင်၊ တစ်ဦးကိုတစ်ဦး လွတ်လပ်နိုင်သမျှ လွတ်လပ်စွာ နေနိုင်သောအခွင့်ကို ပေးကြရမည်။ သို့မှသာ အချစ်၏ နိုင်မြဲခြင်း ဖြစ်နိုင်လေသည်။

များစွာသော ယောက်ျားတို့သည် အပျိုကိုရသည့်အခါ ငါ့မိန်းမ အပျိုအစစ်ဖြစ်သည်။ လက်ဖျားနှင့် မထိရသေးသော ဘူးသီးနုကလေးအစစ်ပဲဟု မှတ်ထင်ယုံကြည်ခါ စိတ်ချကြည်နူး၍ နေတတ်ကြ၏။ ထိုကဲ့သို့သော ယောက်ျားများသည် ငါ၏ မိန်းမ အပျိုမစစ်ကြောင်း မတော်တဆသိရလျှင် ငါအဘယ်ပုံဖြစ်မည်နည်း။ ငါ့စိတ်မှာ ထိုအသိကို ခံနိုင်ပါမည်လားဟု စစ်ဆေးအပ်ကြလေသည်။ ခံနိုင်သောစိတ်မရှိက ရှိအောင် မိမိ၏ စိတ်ကို သွန်သင်ရမည်။ သွန်သင်၍မရနိုင်သော အရာလည်း မဟုတ်ချေ။ စိတ်သဘောကြီးရင့်ခိုင်မာသူတို့မှာ ထိုအသိသည် များစွာအရေးမကြီးချေ။ အကယ်၍ မိန်းမဖြစ်သူမှာ အပျိုမစစ်အံ့။ သို့ အပျိုမစစ်ဘဲလျက် လင်မယားအဖြစ်သို့ရောက်ကာ အတော်ကြာသဖြင့် တစ်ယောက်အပေါ်၌တစ်ယောက် မေတ္တာကြီး ခိုင်မြဲစိတ်ချ၍လာရာတွင် အပျိုမစစ်ကြောင်း လင်ဖြစ်သူကသိအံ့၊ သိသောအကြောင်းအရာမှာလည်း ဖုံးကွယ်၍ မနိုင်လုံသော အကျိုးအကြောင်း သက်သေ အထောက်အခံ ရှိအံ့၊ ထိုအကြောင်း ထိုယောက်ျားက မကျေချမ်းသဖြင့် အကြိမ်ကြိမ်မေးအံ့၊ ထိုအခါ မိန်းမသည် ဆက်လက်ကာ လင်ဖြစ်သူအား လှည့်စား၍ မနေသင့်ပေ။ ဒို့၌သိပါလျက် လှည့်စားခြင်းကို ခံရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် အနာကြီးဆုံးသောအရာ ဖြစ်လေရာ မတော်တဆ မှားယွင်းမိသည်ဖြစ်စေ၊ အတင်းအဓမ္မ အနိုင်ပြုခြင်း ခံခဲ့ရသည် ဖြစ်စေ ရှုးမိုက်သောအရွယ်က ဖြစ်ပွားမိသော အရာဖြစ်စေ၊ ရိုးသားမှန်ကန်စွာ ဝန်ခံအပ်လေသည်။ သို့ဝန်ခံရာ ယောကျ်ားက မခံမရပ်နိုင်သဖြင့်ကွဲရခြင်းသည် မကျေနပ်သူနှင့် အတူနေရ ခြင်းထက် ပိုမို၍ စိတ်၏ချမ်းသာခြင်းကို ဖြစ်စေနိုင်လေသည်။ သဘောထားကြီးသော ယောကျ်ားမှန်က ရှေးအခါက ဘယ်လို ပင်ဖြစ်စေကာမူ ယခု မိမိအပေါ်၌ ရိုးသားဖြောင့်မှန်၍ သစ္စာရှိ သည်ကို သိရလျှင် အခွင့်ကိုမလွှတ်ဘဲ နေရုံမက စိတ်ထဲ၌ သံသယ မကင်းခြင်း၊ မသက်ာခြင်းတည်းဟူသော ဝန်လေး ကြီးပင် ပပျောက်ကာ စိတ်ထဲ၌ သန့်ရှင်း၍သွားနိုင်လေသည်။ အကောင်းမူကား အချစ်သည် ကိုယ်ကာယမဆိုင်၊ အရင်းမှာ စိတ်နှင့် ဆိုင်လေရာ တစ်ယောက်၏စိတ်ကို တစ်ယောက် လုံးလုံးကြီးပိုင်ချေက တစ်စုံတစ်ရာ ဝန်လေးခြင်းဖြစ်ဖို့ မရှိရုံမက ဆိုင်ကိုလိုဂျ်နည်းလမ်းအရ ထိုကဲ့သို့ သိရခြင်းသည် အချစ်ကို ပိုမို၍ပင် တိုးတက်ခြင်း ဖြစ်စေနိုင်လေသည်။ ဒိန်းဒလိန်း နှုတ် ဆိုသည်မှာ အချစ်၏ ဝေလျှံပေါက်ကွဲခြင်းဖြစ်လေရာ အသိ ပညာနှင့် ထိန်းတတ်က လူ၏စည်းစိမ်မက နတ်၏ စည်းစိမ်သုခ ကဲ့သို့ လေးနက်သော ချမ်းသာခြင်းကို ပေးနိုင်လေသည်။ ဤ အရာ၌ အကျယ်ချဲ့ကာ အကြောင်းရင်းကိုပြ၍ နေရန်မလို၊ ရိုး သော စိတ်ကိုသုံးကာ လက်တွေ့ကို စမ်းသပ်၍ ကြည့်ကြလော့။ သဘောကြီးလျှင် နှုတ်ပြည့်၊ သဘောငယ်လျှင် ငရဲဟု မှတ်။ ယောကျ်ားကလည်း တစ်ပါးမိန်းမနှင့် တွေ့ကြုံဖူးသမျှကို မိန်းမ က သိလို၍ အိပ်ရာ၌ နှစ်ကိုယ်တွေ့ရာမှာ ထပ်ခါထပ်ခါ ပြင်း



ထန်သည့် အာသာဆန္ဒနှင့် မေးသည့်အခါ ရိုးသားစွာပြော၍ ပြရမည်။

ထိုအချက်ကြီးသည် အကြင်လင်မယားတို့အတွက် အထူးအရေးကြီးသဖြင့် ကုန်စင်အောင် နက်နဲနိုက်ချွတ်စွာ မာတ်ကိုခွဲစိတ်၍ပြချေက အချို့သောသူတို့အတွက် အကျိုး များစွာရှိနိုင်သော်လည်း အချို့သောသူတို့အတွက် အကျိုးများ စွာ ယုတ်မှာစိုးသဖြင့် ကုန်စင်အောင် ဖွင့်လှစ်၍ မပြအပ်ပေ။ သို့သော်လည်း သဘောထားကြီး၍ တစ်ယောက်ကို တစ် ယောက် အဟုတ်တကယ် ချစ်သော လင်မယားတို့မှာကား တဖြည်းဖြည်း အလိုလိုသိနိုင်သော နည်းလမ်းရှိလေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အရွယ်နှင့် ကာမ

လူ့သက်တမ်း နှစ်ပေါင်း ၇၀ အရွယ် လေးပိုင်းရှိ၏။ ပထမ ကလေးအရွယ်၊ ဒုတိယ ပျိုမျစ်ခြင်း၊ တတိယ လူကြီးဖြစ်ခြင်း၊ စတုတ္ထ အိုခြင်းဖြစ်လေ၏။

ပထမအရွယ်မှာ ၁၂နှစ်၊ ၁၃နှစ်၊ ၁၄နှစ်၊ အရွယ်တိုင်ဖြစ်၏။ ထိုအရွယ်သည် လွန်စွာအရေးကြီး၍ မကောင်းသောအကျင့်တစ်ခုခုကို ၎င်းအရွယ်၌ စိုက်ပျိုးမိက ကြီးသည့်တိုင်အောင် ထိုအကျင့်သည် မြဲနိုင်တတ်လေရာ ၎င်းအရွယ်၌ ငယ်ရွယ်သူတို့ကို အထူးစောင့်ရှောက်၍ အကျင့်ကောင်း နမူနာပုံသက်သေကို ပြရမည်။

ဒုတိယအရွယ်မှာ ပန်းပွင့်သောအရွယ်မှစသဖြင့် ထိုအခါ၌ သွေးသားလွန်စွာထကြွလေရာ ထိုအရွယ်၌ သုက်ကိုကိုယ်တိုင်အလုပ်ဖြင့် ဖြုန်းတတ်ချေက သို့မဟုတ် မိန်းမနှင့်ပေါင်းသင်းချေက အရုက်အားကို ဖြုန်းရာသို့ ရောက်သဖြင့်ကြီးသောအရွယ်သို့ ရောက်သောအခါ ထိုအခါ၌ ပျော်ပါးခံစားသင့်သလောက် မခံစားနိုင်အောင် ချို့ငဲ့ခြင်းဖြစ်တတ်လေသည်။

ထိုအရွယ်၌ အရှက်ကြောက်ကြီး၏။ အရှက်ကြောင့်မပြောရဲမဆိုရဲဖြစ်ရုံမက အပြောအဆို ကဲ့ရဲ့ရှုတ်ချခြင်းကိုကြောက်သဖြင့် ရှက်ရမ်း, ရမ်းတတ်လေရာ ခေါင်းမာသောအဆိုးအတော အမိုက်အမဲဟု ထင်မှတ်ခြင်းခံရသဖြင့် ရိုက်နှက်နှိပ်စက်ခြင်း ခံရတတ်လေသည်။ ထိုအခါသာ၍ သုန်မှုန်လျက်



မိမိအပေါ်၌ မတရားပြုကျင့်သည်ဟု အယူရှိခါ အမုန်းစိတ်ကြီးမား၍ လာတတ်လေသည်။ ထိုအရွယ်၌ သွန်သင်ဆုံးမသူမကောင်းက ပျက်စီးတတ်၏။ ၁၆နှစ်သားအရွယ်သို့ တိုင်အောင်လိမ္မာသော အထိန်းအစောင့်နှင့် လယ်ယာချောင်းမြောင်းဥယျာဉ်ပန်းမာလ် အလုပ်များကို လုပ်ကိုင်ကာ လောကစိတ်နှင့်နီးကပ်စွာထားချေက ကိုယ်ရောစိတ်ရော ဖွံ့ဖြိုးလျက် ယောကျ်ားကောင်း မိန်းမကောင်း ဖြစ်နိုင်လေသည်။ အကောင်းအဆိုးကိုမခွဲ အတုခိုးတတ်၏။ လူဆိုးပုံ ဝတ္ထုဇာတ်လမ်းများကို ရှုမြင်ဖတ်ကြားရက ဆိုးတတ်၏။ မြင့်မြတ်သောပုံ သက်သေကောင်းများနှင့်တွေ့ရလျှင် မြင့်မြတ်သောအတုကို ယူလေသည်။ ကြွင်းသော အရွယ်နှစ်ပိုင်းမှာ ပထမအရွယ် ၂ပိုင်းအပေါ်တွင် များစွာတည်မှီခြင်းပြုရလေရာ အထူးဖွင့်ဆိုရန် မရှိလှပေ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သုခချမ်းသာနှင့် ပြည့်စုံသော အိမ်ထောင်များ

ကမ္ဘာပေါ်၌ အကြင်လင်မယားအဖြစ်သို့ ရောက်၍ အတူနေထိုင်ပေါင်းသင်းသူတို့အနက် ရာခိုင်နှုန်း ငါးဦးခန့်မျှသာ သုခချမ်းသာနှင့် ပြည့်စုံကြသည်ဟု ခန့်မှန်းရရှိလေသည်။ ကြွင်းသူတို့မှာ အထင်ကြီးနှင့် ခုစာင်ကြီး ဤသို့ရောက်ပြီး အထင်ကြီးသမျှတွေ အလဟဿဖြစ်သည်ကို တွေ့ကြုံရသူများသာ ဖြစ်ကြလေသည်။ "အို.... ဒီကလေးတွေကြောင့် ဒီလို နေရတာပါ။ ဒင်း ကလေးမရရင် ဒီလင်မျိုးနဲ့ အတူတူ မနေနိုင်ပါဘူး"ဟူသော စကားမျိုးကို အခါများစွာ ကြားရဖူးလေသည်။ ထိုကဲ့သို့ ဖြစ်ခြင်းမှာ ကာမပညာကို နားမလည်ခြင်းကြောင့် ဖြစ်လေရာ ဤအကြောင်းအရာများနှင့်ဆိုင်လျှင် အသေးအဖွဲမကျန် ဖတ်ရှုမှတ်သားသင့်ကြလေသည်။

အိမ်ထောင်ပြုစဉ်၌ မိန်းပျိုကလေးမှန်လျှင် ကြောက်ရွံ့မြဲဖြစ်၏။ ထိုမိန်းမပျိုကလေးမျိုးကို တစ်စတစ်စ ရဲအောင် နှုးချော့ခြင်းမပြုဘဲ အတင်းဆွဲပွေ့ကာ ထင်ရာကိုကျင့်ချေက အစဦးကပင် စိတ်ပျက်အောင်ပြုသည်နှင့်တူလေရာ နောင်အရှည်သဖြင့် ဤအရာကို မုန်းထား၍ နေတတ်၏။ အချို့သော ပညာသတိရှိသူတို့သည် နှစ်ရက် သုံးရက်ကြာအောင် သွေးဆောင်ကြလေသည်။

ပင်မယားပျိုရွယ်သူတို့သည် အကြောင်းပါပြီးစ လပေါင်းအနည်းငယ်အတွင်းမှာ မိမိတို့ဘာသာ သီးခြား လွတ်လပ်



စွာ လူကြီးများမရှိသောနေရာ၌ နေရမည်။ သို့မှ ပျော်သင့်သလောက် ပျော်ခွင့်ရ၍ အချစ်၏ ရေသောက်မြစ်ကြီးကို နိုင်မြဲစွာ တည်နိုင်လေသည်။ ယောက္ခမလူကြီးများနှင့် နေရသော ပျိုရွယ်သူမိန်းကလေးမှာ အနေအစားကြံ့လျက် လွတ်လပ် ပျော်ရွှင်သင့်သလောက် မပျော်နိုင်၊ ငြိုငြင်လျက် အိမ်ထောင်ဦးမှ မသာယာခြင်း ဖြစ်တတ်သည်။ အိမ်ထောင်ဦး၌ ပျော်ရွှင်သာယာခြင်းသည် အိုသည့်တိုင်အောင် မမေ့နိုင်သောအရာ ဖြစ်လေရာ၊ နောင် တစ်စုံတစ်ရာဖြစ်၍ လင်မယား မသင့်မတင့်ပင်ဖြစ်စေကာမူ ငယ်စဉ်က ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသမျှတွေကို ပြန်လည်တွေးတော ထင်မြင်ကာ တစ်ယောက်အပေါ် တစ်ယောက် အကြင်နာ ရောက်နိုင်လေသည်။ သို့မဟုတ်ချေက "ကျုပ်က ဖွင့်မပြောချင်လို့ပါ ဘယ်တုန်းက သူ့အမေက ဘယ်လို ပြောတာပဲ၊ သူ့နမတွေက ဘယ်လိုသဘောထားတာပဲ၊ မပြောချင်လို့သာ မြိုထားရတယ်၊ တွေးများတွေးလိုက်ရင် အို .... အသည်းထဲများ ခွဲပြလိုက်ချင်ပါရဲ့"ဟူသော စကားမျိုးတွေကို များစွာကြားရဖူးသည့်အတိုင်း ညောင်မြစ်တူး ပုတ်သင်ဥပေါ်သော နည်းမျိုးတွေ ဖြစ်တတ်လေသည်။ အကြောင်းမူကား ယောက္ခမများကအစ ရက်လအနည်းငယ်မှာ ဘယ်လို ကောင်းဟန်ရှိ၍ "တကယ်ပင်ဖြစ်စေ၊ လူမြင်၍ ကောင်းအောင်ဖြစ်စေ အဘယ်မျှပင် အရေးယူသော်လည်း အပြစ်ကို ရှာတတ်မြဲ ဖြစ်သည့်ပြင် အပြစ်ကိုပင် မရှာစေကာမူ အထင်လွဲစရာတွေ များစွာရှိလေသည်။ မယားဖြစ်သူမှာလည်း ယောက္ခမ မျက်နှာရအောင် ပင်ပန်းစွာ အလုပ်လုပ်ရလေရာ အဘယ်မှာ သာယာခြင်း ရှိပါမည်နည်း။ သို့ဖြစ်သောကြောင့် မိဘ၏ အိမ်ကိုမခိုဘဲ ကိုယ့်ဘာသာနေနိုင်သော အခြေအနေရှိမှ အိမ်ထောင်ပြုကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းရည်ကိုလျက်စေရစေတော့ ......." ဟူသောစေားသည် ထိုအခါမျိုးနှင့်ဆိုင်လေရာ ထန်းပလပ်တဲနှင့်ပင် နေရစေကာ မူ ဘာသာနေနိုင်အောင် ကြိုးစားရမည်။ ထိုကဲ့သို့ ဘာသာ နေနိုင်က တိုင်ပင်လိုသမျှကို တိုင်ပင်နိုင်၍ လူကြီးမိဘကို အား မကိုးသော လင်ယောကျ်ား၏ အစွမ်းသည်လည်း တိုးတက်လျက် မိန်းမကလည်း မိမိယောကျ်ားအခြေအနေကို အကုန်အစင် သိရသဖြင့် အဘယ်မျှလောက် မိမိ၏အကူအညီကို လိုသည်ဟု သိနိုင်လေသည်။ ထို့အပြင် မိမိ၏ယောကျ်ား အဘယ်မျှ လောက်ရအောင် ရှာဖွေနိုင်သည်၊ ငါ အဘယ်မျှလောက်သာ သုံးမှတော်မည် စသည်ဖြင့် ဆင်ခြင်နိုင်လသေည်။

အချို့သော လင်ယောကျ်ားများသည် အရှာအဖွေ သွားပြီးနောက် အပေါက်အလမ်းမတည့်၍ ပြန်လာသည့်အခါ၌ အိမ်မှာဟီးချကာ ညည်းကြ၏။ ထိုအခါ ယောကျ်ားကို မြင်းမိုရ်တောင်ကြီးပမာ အားပြု၍နေရရှာသော မယားသည်မှာ နေစရာ နေရာရှာ၍မရနိုင်အောင် ပူလောင်လျက် အားငယ်ဖို့ ရှိလေသည်။ သို့ဖြစ်၍ အဖြစ်အပျက်ကို ကြွားဝါခြင်းလည်း မရှိဘဲ မှန်ကန်စွာပြော၍ ပြုပြီးလျှင် အားရှိစရာ လမ်းအချက်တို့ဖြင့် အားပေးရမည်။ လွန်စွာ ခက်ခဲကြပ်တည်းခြင်းဖြစ်၍ နေရာ၌ မယားမသိအောင် လိမ်၍ထားပြန်ကလည်း မသိသောမယားမှာ အသုံးအစွဲကို တိုင်းထွာရန်မသိဘဲ သုံးမိသည့်ပြင် အဖြစ်အပျက် အခြေအနေကိုကို တစ်စုံတစ်ရာ မသိဘဲနေရာမှ ရုတ်တရက် ဒုက္ခ ဖြစ်သောအခါ မခံမရပ်နိုင်အောင်ပင် စိတ်ဒုက္ခ ကြီးတတ်လေ သည်။ အချို့ယောကျ်ားများကား မိမိတို့ဘာသာ သုံးစွဲပျော်ပါး လိုက်စား၍ ကုန်ကျခဲ့ရာ၊ မယားဖြစ်သူ အပြစ်ဆိုးမှာ စိုးသဖြင့် အိမ်က ရောက်သည်နှင့် တစ်ပြိုင်တည်း ဟီးချတတ်ကြလေရာ ထိုလူမျိုးမှာ မကြင်နာသောလူမျိုးဖြစ်သဖြင့် စာဖွဲ့ရန်မလိုတော့ပေ။



ယောကျ်ားသည် မိမိမယားကို အပျိုလှူပျိုအခါမှာကဲ့သို့ ချစ်ကြည်သိမ်မွေ့စွာ ယုယပြောဆိုလျက် မယားဖြစ်သူ လုပ် သောအလုပ်၊ ချက်ပြုတ်သော ဟင်းထမင်း စသည်များကို သဘောကျသောအမှတ်ဖြင့် ချီးမွမ်းတတ်ချေက မယားဖြစ်သူ ပိုမိုကြည်ဖြူလျက်၊ အမြဲသမီးရည်းစားဘဝမှာကဲ့သို့ ပျော်ပျော် ကြီး နေကြရမည်ကား အမှန်ဖြစ်လေသည်။ အိပ်ရာ၌လည်း ကြမ်းကြုတ်ရမ်းကား ဘီလူး သဘက် ဖမ်းစားသလို ပြုမူခြင်း များ ကင်းစေလျက် ရှေးအခါကလို မိန်းမဖြစ်သူ ညွတ်နူးစိတ်ပါ အောင် ပြုရမည်။ အသက် ၇၀ ကျော်မှ ငယ်မူကိုလွမ်းဆွတ် သော အဘိုးကြီးအမယ်ကြီး လင်မယားသည် ညတစ်ည ငယ် ငယ်က အဖြစ်အပျက်တွေကို ပြန်လှန် အောက်မေ့ကြသော ကြောင့် အမယ်ကြီးအား သနပ်ခါးသွေး၍အနေခိုင်းပြီး၊ နောက် ဖေးမှ ဒလုခါးထောင်၍ တက်သဖြင့် အဘိုးကြီးမှာ လိမ့်ကျ၍ ခါးကျိုးဖူးသော်လည်း၊ စိတ်ပျော်ခြင်းသာ ပဓာန ဖြစ်ပေလသည်။ သို့သော်လည်း ကလေးကလား ပြုမူခြင်းမျိုးနှင့် ချစ်ခင်ကြင်နာ ခြင်းကား တစ်လမ်းစီ ဖြစ်လေသည်။ တစ်ယောက်ကို တစ် ယောက် အပြစ်ရှိတိုင်း မှန်ရာကို မပြောဆိုအပ်။ အကျိုးမယုတ် စေလောက်သော အပြစ်ကလေးများကို လျစ်လျူရှု၍ အပြစ်ကို ပေါ်မည့်အခါ ဆင်ခြင်ကာ အကျိုးကလေးများကို ရှာပြီးလျှင် မိန်းမရေ မင်းမနေ့ကလုပ်တဲ့ ကြာဆံကြော်ကလေးဟာ ကောင်း လိုက်တာကွယ်၊ နက်ဖြန်ခါ လုပ်စမ်းပါဦးကွဲ့၊ စားကောင်းလို့ပါ ဟူသော စကားမျိုးကလေး တစ်လုံးသည် မယားဖြစ်သူ၏ရင်ထဲ၌ အိုင်စကရင် ရေခဲမုန့်ပမာ အဘယ်မျှလောက် ချမ်းမြေ့သွား မည်ကို သိသင့်လှပေသည်။

မယားနှင့်နွား မသနားကောင်းဟူသော စကားရှိသဖြင့် ခွေးလိုလင် မကြင်ကောင်းဟူသော စကားရှိသည်ကို မှတ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးတို့၏စိတ်၌ မိန်းမကို လွန်စွာရှုတ်ချ၏။ သို့သော်လည်း ယခုခေတ်နှင့် ရှေးခေတ် မကူတော့သည်ကို သတိမူကြရမည်။ များစွာသော သူတို့သည်ကား ကွယ်ရာ၌ "ကိုယ့်မိန်းမကို ပြောတာမဟုတ်ဘူးကွဲ့၊ တကယ်တော်တာ ချက်ပြုတ်ရာမှာလဲ အင်မတန်လက်ဆိတ်ရှိတာပဲ" ဟု မယားကွယ်ရာမှာ ပြောတတ်ကြ၏။ အကယ်၍ ထိုစကားမျိုးကို မကြားခဏ အိမ်မှာ မယားသိအောင် သုံးတတ်ကြချေက မယားချစ်ဆေးကြီးတစ်ပါး ဖြစ်နိုင်သည်ကို သတိမထားမိကြသည်မှာ လွန်စွာမှားကြလေသည်။

ကာမနှင့်ဆိုင်သော ပညာသည် ကိုယ်ခန္ဓာကျန်းမာရေးနှင့်လည်းကောင်း၊ အကျင့်စာရိတ္တနှင့် လည်းကောင်း၊ အသိဉာဏ်နှင့်လည်းကောင်း၊ သက်ဆိုင်သဖြင့် ဤလောကတွင် ထိုပညာထက် ပိုမိုအသုံးဝင်သော ပညာမရှိဟု မဟာဒေဝီခေါ် နတ်မင်းကြီး၏ အမိန့်ရှိကြောင်းနှင့် ဟိန္ဒူလူမျိုးတို့ အယူရှိကြလေသည်။

ယောကျ်ား မိန်းမဟူသမျှတို့မှာ မိမိတို့နှင့် ပေါင်းဖော်ရန်သင့်လျော်သော မိန်းမအသီးသီး ရှိကြ၏။ ၎င်းပေါင်းသင်းဖို့ရန် တစ်ယောက်နှင့် တစ်ယောက် သင့်လျော်သော ထိုယောကျ်ားမိန်းမများမှာ ကိုယ်ခန္ဓာစိတ်နေ သဘောထား ဖွားမြင်ခြင်း အင်္ဂါများသည် တစ်နည်းနည်းအားဖြင့် သင့်လျော်နီးစပ်ခြင်း ရှိလေသည်။ သို့ဖြစ်၍ ယောကျ်ားမိန်းမ အမျိုးမျိုးကို သိဖို့ရန် အရေးကြီးလေသည်။

❖ ❖ ❖ ❖ ❖



## ယောကျ်ားလေးမျိုး

၎င်းယောကျ်ားလေးမျိုးမှာ ၁။ ယုန်နှင့်တူသော အသကခေါ် ယောကျ်ားတစ်မျိုး၊ ၂။ သမင်နှင့်တူသော မိဂ ခေါ် ယောကျ်ားတစ်မျိုး၊ ၃။ နွားလားနှင့်တူသော ဥဿဘခေါ် ယောကျ်ားတစ်မျိုး ၄။ မြင်းနှင့်တူသော အဿခေါ် ယောကျ်ားတစ်မျိုး ပေါင်းလေးမျိုးဖြစ်၏။

၁။ ယုန်နှင့်တူသော ယောကျ်ားသည် ကာမအရာ၌ အဘယ်အခါမျှ လွန်ခြင်းများခြင်းမရှိ ကာမအားနည်း၏။ အရပ်မနိမ့် မမြင့်ရှိ၏၊ လှပ၏၊ ရတနာသုံးပါး မိဘဆရာသမားကို ကြောက်ရွံ့ရိုသေ၏၊ သူတော်ကောင်းများနှင့် ပေါင်းဖော်လေ့ရှိ၏။ ကာမအရာ၌ မတရားလိုက်စားခြင်း ပြုလေ့မရှိ၊ ကြင်နာတတ်၏၊ ယဉ်ကျေးသိမ်မွေ့၏၊ သနားတတ်၏၊ ကိုယ်ကျင့်တရားကောင်း၏၊ ၎င်း၏ ယောကျ်ားအင်္ဂါမှာ လက် ၆-သစ်။ ၆

၂။ သမင်မျိုး၊ အလွန်လျင်မြန် ထက်မြက်၏၊ ကိုယ်လက်ကြီး၍ သန်မာ၏၊ ခုန်သလိုသွားလာတတ်၏။ အများအားဖြင့် ပြုံးလျက်နေလေ့ရှိ၏၊ ရတနာသုံးပါးနှင့်ဆိုင်ရာ ဇာတားကများ မရိုတ်၊ ဂါထာပုဒ်ကို ရွတ်ဆိုလေ့ရှိ၏။ အစာများစွာ စားချင်ဝတ်ကျေ၏။ ၎င်းအင်္ဂါလက် ၈ သစ်။

၃။ နွားမျိုး၊ ကိုယ်လက်ကျန်းမာ သန်စွမ်း၏၊ အနှင်နိမ့်၏၊ ဝ၏၊ လျှာရှည်လျား၏၊ သားသမီးများ၏၊ နွားလို စားချင်၏၊ မိန်းကကလေးများကို ထက်သန်စွာ စူးစိုက်ကြည့်တတ်၏၊ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်နေ၏၊ မိန်းမများအပေါ်၌ မမြတ်သော စိတ်ကို ထားတတ်၏၊ ကာမအားကြီး၏၊ အင်္ဂါလက်-၁၈သစ်။

၄။ မြင်းမျိုး၊ အသားညိုမည်း၏၊ နားရွက်ကြီး၏၊ ဝ၏၊ အအိပ်နည်း၏၊ မနာလိုတတ်၏၊ မုသားပြောလေ့ရှိ၏၊ ဆိုးသွမ်းလိမ်ကောက်၏၊ အဘယ်လို မိန်းမမျိုးမဆို လှသည့် အရုပ်ဆိုးသည်မရွေး ၎င်းနှစ်သက်တတ်၏၊ အင်္ဂါ လက် ၁၂ သစ်။

**အောက်ပါနည်းများဖြင့် ယောက်ျားအမျိုးမျိုးခွဲခြား၍ သိနိုင်၏။**

၁။ နှာခေါင်းအလျားနှင့် နှာဝနှစ်ခု၏ အဝိုင်းကို တိုင်း၊ လက် ၆-သစ်ရလျှင် ယုန်မျိုး၊ ၈-သစ်ရလျှင် မြင်းမျိုးဟု မှတ်လေ။

၂။ လက်ဝါး၏ အလျားသည်လည်း နှာခေါင်း အလျား နှဝများ၏ အကျယ်ပမာဏပေါင်းသလောက် ရှိ၏။

### မိန်းမလေးမျိုး

၁။ ပဒုမ္မာကြာမျိုး ပဒုမ္မနီ၊ ၂။ ဆေးခြယ်၍ ထားသည်နှင့်တူသော စိတ္တရနီ၊ ၃။ ခရုသင်းမျိုးဖြစ်သော သင်္ခါရနီ၊ ၄။ ဆင်မျိုးဖြစ်သော ဟတ္ထနီ။

၁။ ပဒုမ္မနီ-မျက်လုံးကျယ်၏၊ စင်ကြယ်၍ အပြစ်ကင်း၏၊ လင်ကို ချစ်ခင်လေးစားရှိသေ၏၊ သမင်၏ မျက်လုံးမျိုးရှိ၏၊ တန်ခိုးကြီးသော ကြည်ခြင်းရှိ၏၊ သာယာကြည်နူးဖွယ်သော အသံရှိ၏၊ ယဉ်ကျေးလှပ၏၊ ချစ်လဲ ချစ်တတ်၏၊ ချစ်ဖွယ်ရာလည်းကောင်း၏၊ ထိုမိန်းမမျိုးသည် ချမ်းသာတတ်၏၊ နှာဝ ကျဉ်း၏၊ နှာတံနှင့် နှာဝ အဝိုင်းများ၏ ပမာဏမှာ လက် ၆-သစ်ထက် အလျားမရှိ။



၂။ စိတ္တရနီ-လွန်စွာလှ၏၊ လင်အပေါ်၌ ဝတ္တရား ကျေ၏၊ လင်မှတစ်ပါး အခြားယောက်ျားကို တပ်မက်လေ့မရှိ၊ ကာမအရာ၌ အလိုနည်း၏၊ ကြင်နာသနား၍ သူတစ်ပါးအပြစ်ကို အခွင့်လွှတ်တတ်၏၊ နှာတံမှာ ပဒုမ္မာနီထက်ပု၍ ရှည်၏၊ နှာတံနှင့် နှာဝများကို တိုင်းလျှင် လက် ၈-သစ်ရှိ၏။

၃။ သင်္ခါရနီမှာ ဆံပင် ရှည်လျားတောက်ပ၏၊ အရပ်မြင့်၏၊ ကိုယ်သေးသွယ်၏၊ စကားကျယ်ကျယ်ပြော၏၊ ၎င်း၏ပြုံးခြင်းသည် ကိလေသာစိတ်ကို ကြွစေ၏၊ အများအားဖြင့် ကိလေသာ စိတ်အားကြီး၍ လင်ယောက်ျားအပြင် အခြား ယောက်ျားများကို လိုက်စားတတ်၏၊ အိမ်၌ မိမိထက်ကြီးသူတို့ကို ရိုသေလေ့မရှိ၊ နှာခေါင်းရှည်၏၊ နှာတံနှင့် နှာဝများ၏ အလျား လက် ၁၀-သစ်ရှိ၏။

၄။ ဟတ္ထနီ၊ ကိုယ်နံ့သည် ဝိုင်အရက်နှင့် တူ၏၊ ဆံပင် နည်း၏၊ မျက်လုံး နီကြင်ကြင်ရှိ၏၊ ပြုံး၍နေ၏၊ အတော်အတန်လှပ၏၊ ကာမအား လွန်စွာအားကြီး၏၊ လင်ယောက်ျားနှင့် မတင်းတိမ်နိုင်၊ အခြားကို လိုက်စားတတ်၏၊ အုပ်ထိန်းရန် ခက်၏၊ အိမ်မှထွက်၍ အခြား၌ ပျော်ပါးတတ်၏၊ နှာတံနှင့်နှာဝကို တိုင်းလျှင် အလျား လက် ၁၂-သစ် ရှိ၏။

သျှတ္တရကျမ်းများ၌ ဤကဲ့သို့ ရေးသော်လည်း အမျိုးစစ် အမျိုးမှန် မိန်းမယောက်ျားများကို တွေ့ဖို့ခက်၏၊ ရောလျက်သာ များတတ်ကြ၏၊ ဥပမာ ပဒုမ္မာနီအစစ်ကို တွေ့ရခဲ၏၊ ၎င်းပဒုမ္မာနီ၏ ရုပ်အင်္ဂါများထဲတွင် စိတ္တရနီ၊ သင်္ခါရနီ၊ ဟတ္ထနီ အင်္ဂါများ ရောစပ်လျက် ရှိကြလေသည်၊ ယောက်ျားများမှာလည်း ထို့အတူ ဖြစ်တတ်လေရာ အဘယ်ဘက်မှာ စိတ်အားကြီးသည်ကို တစ်ထစ်ကျ မှတ်ယူရန် ခက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မျိုးရိုးဂုဏ်၊ ပညာဂုဏ် စသည်တို့ ရှိတတ်ကြလေရာ ဟုတ်သော အင်္ဂါများပင် ထင်ရှားစေကာမူ၊ အင်္ဂါရုပ်ရုပ်ဆိုးသလောက် ယုတ်မည်ဟူ၍လည်း ပုံသေ မယူအပ်ပေ။ ဂုဏ်မာန် အသိပညာဖြင့် စိတ်ကို ချုပ်တည်းနိုင်ပြန်လေသည်။

## ကောင်းကျိုးပေးသော မိန်းမြွတ်တို့၏ လက္ခဏာ

ပါးအို့နီခြင်း၊ ပုလဲရောင် သွားအဆင့်ရှိခြင်း၊ မျက်လုံးဝိုင်းကျယ်ခြင်း၊ မျက်နှာလှပခြင်း၊ ကိုယ်၌ အမွေးအမျှင်ပါးခြင်း၊ လှုပ်ရှားသွားလာခြင်း၌ သိမ်မွေ့၍ အရှက်အကြောက်ရှိခြင်း။ ထိုအင်္ဂါတို့သည် ကောင်းကျိုးပေးသော မိန်းမမြွတ်တို့၏ လက္ခဏာဖြစ်၏။+

## မကောင်းကျိုးကို ပေးသော မိန်းမမြွတ်တို့၏ လက္ခဏာများ

အသားနက်ခြင်း၊ သွားထူ၍ ရှည်လွန်းခြင်း၊ မျက်တွင်းကျခြင်း၊ မျက်လုံး၌ အဝါရောင် အပြာရောင် လိုလိုရှိခြင်း၊ ခြေ၌ အမွေးအမျှင်များခြင်း၊ ခါးပိုင်းပိုင်းကြီးရှိခြင်း၊ စိတ်ခက်ထန်၍ အရှက်အကြောက်ကင်းခြင်း၊ မချုပ်မတည်းဘဲ ထင်သလို ရယ်မောတတ်ခြင်း၊ ထိုမိန်းမမျိုးသည် ဘုရင့်သမီးပင် ဖြစ်စေကာမူ မယူအပ်၊ မကောင်းကျိုးကို အမှန် ဖြစ်စေ၏။

## အလတ်စား မိန်းမများ

ဟိန္ဒူ သျှတ္တရကျမ်းများအရ အိမ်ထောင်ပြုအပ်သော အလတ်စား မိန်းမများ၏ လက္ခဏာများ။



အရပ်မနိမ့်လွန်း၊ မမြင့်လွန်း၊ တောက်ပရှည်လျားသော ဆံပင်ရှိ၏။ လျှံ့မြန်ထက်မြက်၏၊ အမြဲပြုံး၏၊ အပြောအဆိုယဉ်ကျေး၏၊ သန့်ရှင်းစင်ကြယ်၏၊ အစာ အနည်းငယ်နှင့် တင်းတိမ်၏၊ စိတ်နှလုံးဖြူစင်၏။ အိမ်ထောင်ပြုအပ်သော မိန်းမမျိုးပေတည်း။

## မိန်းမလေးမျိုးကို နှစ်လို့အောင်ပြုနည်း

ပဒ္မမိနီ မိန်းမများအား တရားစကားဖြင့် စိတ်ကို ညွှတ်နူးစေရာ၏။

စိတ္တရနီ မိန်းမများအား အပါး၌ ထိုင်ကာ သာယာချစ်ခင်ဖွယ်သောအသံနှင့် ပြောရာ၏။ ၎င်း၏ အလိုသို့ လုံးလုံးလျားလျား လိုက်ပါကြောင်း သိစေရမည်၊

သင်္ခါရနီ မိန်းမများအား ဆင်ယင်တန်ဆာ အဝတ်အစားကိုပေး၍ စိတ်ကိုညွှတ်စေရာ၏။ ချစ်ခန်း ကြိုက်ခန်းဆိုင်ရာ ပုံပြင်ဝတ္ထုများကို ပြောရမည်။

ဟတ္ထနီ မိန်းမများကို အစားများများ ကျွေး၍ အဲမြဲ့ အပါး၌ ကပ်ကာ ကာမအလိုကို ရောက်အောင် ပြုနိုင်မှ စိတ်ကျေနပ်ကြ၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ရာသီအကြောင်း

မိန်းမများမှာ ၁၃–နှစ်အရွယ်မှ ၄၅–နှစ်အရွယ်အထိ လစဉ် ဓမ္မတာ တစ်ကြိမ် ဖြစ်ပေါ်၏။ လာသောအချိန်မှာ သုံးရက်မှ ငါးရက် ကြန့်ကြာလေသည်။

### ဓမ္မတာထုံးစံအခါ၌ ပေါင်းသင်းခြင်း၏ အပြစ်များ

မိန်းမတို့ ဓမ္မတာ ထုံးစံလာသည့်အခါ အတွင်း၌ ပေါင်းသင်းခြင်းကို ရှောင်ကြဉ်ရာ၏။ ရာသီလာသော ပထမရက်၌ မိန်းမကို ပေါင်းသင်းသောသူသည် မိမိ၏အသက်ကို တိုအောင်ပြု၏။ ဒုတိယနေ့၌ကား အပြစ်ရှိ၏။ တတိယနေ့၌ ပေါင်းသင်းမိသည့်အခါ မိန်းမမှာ ပျက်စီးဖောက်ပြန်လိုသောစိတ် ဖြစ်တတ်သည်ဟု ဟိန္ဒူသုဇ္ဇတ္တရကျမ်းများက ဆိုသည်။

ထိုရာသီရက်များ လွန်၍ မိန်းမမှာ စိတ်ဆန္ဒအဟုန်လွန်စွာ ထကြွ၍ လာသောအခါများ၌ မပေါင်းမသင်းဘဲနေသော ယောကျ်ားမှာ အရွယ်မရောက်သေးသော မိန်းကလေးကို ကျူးလွန်သော အပြစ်ကဲ့သို့ ကြီးလေးသော အပြစ်ရှိ၏။

### ပဋိသန္ဓေတည်သောနေ့

ရာသီစ၍ ပေါ်ပြီးသည်မှစ၍ ရေတွက်သော ၄–ရက်မြောက်သောနေ့မှ ၁၆–ရက်နေ့ မြောက်သောနေ့အထိ ၎င်းနေ့များအတွင်း ပေါင်းသင်းသည့်အခါ ပဋိပန္ဓေ ဖြစ်တတ်သည်။



### ရာသီလာခိုက် လိုက်နာရန် အချက်များ

ကျေးလွယ်ကျက်လွယ် နူးညံ့သော အာဟာရကို မှီဝဲရမည်။

နေ့အချိန်များ၌ မအိပ်ရ၊ အိပ်လျှင် ရောဂါရတတ်၏။

ရာသီလာခိုက်မှာ ငိုကြွေးခြင်းမပြုရ၊ ကိုယ်လက်ပြင်းထန်စွာ လှုပ်ရှားသော အလုပ်များကို မလုပ်ရ၊ ရောဂါရတတ်သည်။ ကျင်ကြီး ကျင်ငယ်ကိုလည်း အောင့်၍ မထားရ။ အောင့်၍ထားလျှင် ပြင်းထန်သော ဝေဒနာများ ဖြစ်တတ်၏။

### ပဋိသန္ဓေအခါ၌ လိုက်နာအပ်သော အချက်များ

ပဋိသန္ဓေအခါ၌ ပေါင်းသင်းခြင်းကို ရှောင်နိုင်လျှင်ကောင်း၏။ သို့သော်လည်း စိတ်အားကြီး၍ မနေနိုင်လျှင် ဤစာအုပ်၌ပါသော နည်းများအတိုင်း ပေါင်းသင်းရမည်။

ပင်ပန်းစွာ အလုပ်မလုပ်ရ၊ ပူပြင်းသော အစာများကို ရှောင်ကြဉ်ရာ၏။ နေ့အခါ၌ လွန်စွာမအိပ်ရ၊ ထိတ်လန့်ကြောက်ရွံ့ခြင်းများ မဖြစ်စေရ။ ကြောက်မက်ဖွယ်သော ပုံပြင်ဝတ္ထု၊ အကြောင်းအရာ ရုပ်ပုံတို့ကို မကြားအပ်၊ မမြင်အပ်ပေ၊ မွတ်သိပ်ဆာလောင်ခြင်းသည် အန္တရာယ်ကိုပေးတတ်၏။ အစာမစားဘဲ အစာခံ၍မနေရ၊ မကောင်းသော ရုပ်ပါရုတ်တို့ကို ရှောင်ကြဉ်ရမည်။ ဒေါသမဖြစ်ရ။ ခရီးပင်ပန်းစွာ မသွားရ။ မညီညွတ်သော နေရာ၌မထိုင်ရ၊ နူးညံ့သောအစာကို မှီဝဲရမည်။ မြင့်မြတ်သော ဓာတ်နိပါတ်တော်များကို နားထောင်ရမည်။ တရားနာရ

www.burmeseclassic.com

www.burmeseclassic.com

မည်။ သံဃာသော ဂီတတေးကဗျာများကို ကြားနာရမည်။ လှပသော တောကားတောင်ကား ရုပ်ပုံကားများကို ကြည့်ရမည်။ စိတ်ကို ထိန်းသိမ်းရမည်၊ ကာမစိတ် လွန်စွာ ထက်သန်လျှင် အနည်းငယ်မျှသာ မလွန်ကြူးအောင် ဆက်ဆံရမည်။ သို့ပေါင်းသင်းရာ၌ ဆီးစပ်ပေါ်တွင် ပြင်းထန်စွာ ဖိစီးခြင်းမရှိစေရအောင် သတိပြုရမည်။

❖ ❖ ❖ ❖ ❖



## အသက်ရှုလေ့ကျင့်နည်း

အသက်ရှုခြင်းသည် အသက်ရှည်ခြင်းဖြစ်သည်။ အသက်ကို အသက်ရှုနည်းမှန်လျှင် အသက်ရှည်၏။ လေကောင်း လေသန့်ကို နှာခေါင်းမှ တစ်ဖြည်းဖြည်း အဆုတ်ပြည့်အောင် ရှူပြီးနောက် နှာခေါင်းမှ အကုန်အစင် ပြန်၍ ထုတ်ခြင်းသည် သွေးကို စင်ကြယ်စေ၍ ရောဂါကို ကာကွယ်၏။

ဤသို့ လေ့ကျင့်ခြင်းကိုလည်း တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်ပြုလော၊ တစ်ကြိမ်မှာ နံနက်ရေမိုး သုတ်သင်ပြီးသည့်အခါဖြစ်၍ ညအိပ်ရာဝင်တစ်ကြိမ် ဖြစ်စေရမည်။ သို့သော်လည်း အစာနှင့် အနည်းဆုံး တစ်နာရီ ကွာခြားရမည်။ နေရာလူသူ အနှောင့်အယှက်ကင်း၍ ဆိတ်ငြိမ်လျက် လေသန့်သောနေရာဖြစ်စေရမည်။ ထိုအကျင့်ကိုကျင့်ရာ၌ သွေးသား စင်ကြယ်၍ ကိုယ်ရော စိတ်ရော အသစ်ဖြစ်သည်ဟု စိတ်၌ မြဲမြံစွာ ယုံကြည် စွဲပိုက်ရမည်။ စိတ်မလွင့်ပါးရအောင် တစ်စုံတစ်ရာ၌ စူးစိုက်၍ ထားရမည်။

**ပထမနည်း။** ။ ရင်၊ လည်ပင်း၊ ဦးခေါင်းမှာ ကော့မတ်ဖြောင့်စင်းစွာရပ်၊ ပါးစပ်ကိုပိတ် လက်ျာ နှာခေါင်းပေါက်ကို လက်ျာလက်မနှင့် ပိတ်၊ လက်ဝဲနှာပေါက်ဖြင့် နှေးနှေးရှူ၊ ထို့နောက် လက်ဝဲနှာပေါက်ကို လက်ညှိုးနှင့်ပိတ်၍ လက်ျာနှာဖြင့် လေကို မထုတ်ဘဲ အဆုတ်လေကို တစ်မိနစ်မျှ မထားလေနှင့်၊ ထို့နောက် လက်ဝဲနှာဝကို လက်ညှိုးနှင့် ပိတ်၊ လက်ျာနှာဝဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းရှူ။ ၎င်းနောက် အသက်ကို တစ်မိနစ်မျှ အဆုတ်၌ အောင့်မထားဘဲ လက်ျာနှာဝကို လက်ညှိုးနှင့် ပိတ်၍ လက်ဝဲနှာဝဖြင့် လေကို ထုတ်လေ။ အစမှာကဲ့သို့တည်း။ ထိုကဲ့သို့ နံနက် ၅-ကြိမ်၊ ည ၅-ကြိမ်လုပ် ဒုတိယရက်သတ္တပတ် ကျသော အခါ နံနက် ၁၀-ကြိမ်၊ ည ၁၀-ကြိမ်လုပ်၊ တတိယ ရက်သတ္တပတ်မှာ ၁၅-ကြိမ်၊ စတုတ္ထ ရက်သတ္တပတ်မှာ အကြိမ်-၅၀ စီ လုပ်လေ။

၎င်းနောက် ဘစ်ခါလုပ်လျှင် အကြိမ် ၂၀-ထက် မတိုး စေဘဲ တစ်နေ့သုံးခါလုပ်၊ တိုးအပ်သောအခါမှာ နေ့လယ် ထမင်းစားပြီး တစ်နာရီခန့်အခါ ဖြစ်စေရမည်။ ထိုကဲ့သို့ တစ်နေ့ သုံးခါ ၁၄-ရက် ကျင့်ပါ။ ထိုအခါ ဒုတိယလ၏ ရက်သတ္တပတ် ပြည့်၏။

ထို့နောက် ၎င်း ဒုတိယလ၏ တတိယရက်သတ္တပတ်က စ၍ စတုတ္ထရက်သတ္တပတ်အထိ တစ်နေ့ လေးခါလုပ်လေ။ တိုးရမည့် စတုတ္ထအခါမှာ သန်းခေါင်အချိန် ဖြစ်စေရမည်။ သို့မဟုတ် ညစာ မစားမီ ၁-နာရီအချိန် ဖြစ်စေရမည်။ ထိုအခါ ကျင့်သည့်နေ့မှစ၍ နှစ်လပြည့်၏။ အသင်၌ ထူးခြားသော တန်ခိုးသတ္တိဖြစ်ပေါ်၍ လာလိမ့်မည်။ ကျင့်တိုင်း ငါ၌ တန်ခိုး ကြီး၍ လာ၏။ သွေးသားစင်ကြယ်၏။ ရောဂါဟူသမျှ ကင်းစင်၏။ ငါ အသစ်ဖြစ်၏ဟု စိတ်ချ ယုံကြည်လေ။

၎င်းနှစ်လကုန်သောအခါ ကိုယ်လက်ပေါ့ပါး၍ ထိုင်းမှိုင်းတွေဝေ ပျင်းရိခြင်းဟူသမျှ ပပျောက်လတ္တံ့။ အခြားလူတို့၏ စိတ်ကို အလိုလိုသိ၍လာလိမ့်မည်။

တနင်္ဂနွေနေ့တိုင်း နှာခေါင်းကို ဆေးရမည်။ နှာခေါင်း ဆေးသော ကိရိယာမှာ နှုတ်သီးရှိသော ကရားငယ် ဖြစ်စေရ



မည်။ ၎င်းကရားငယ်၏ အထဲသို့ ရေသန့်သန့်အနည်းငယ်ကို ဆားနည်းနည်းနှင့် ရော၍ ထည့်။ ၎င်းကရားငယ်၏ အပေါ် အဝကို လက်နှင့်ပိတ်၍ လက်ျာနှာခေါင်းထဲသို့ နှုတ်သီးဖြင့် ဆားရည်ဝင်စေရမည်။ သို့ဆားရည်သွင်းရာ၌ အသက်ကိုအပြင်သို့ ရှူထုတ်၍ထားပြီး ရှိစေရမည်။ (အသက်မရှူနှင့်) မော့၍ ထည့်၊ ရေဝင်ပြီးသောအခါ နှာဝများကို လက်မ၊ လက်ညှိုးဖြင့် ခိုင်စွာ ဖျစ်ထားပြီး မြေကြီးကို ငုံ့ကြည့်၊ အတန်ကြာစွာ နှာဝကို မဖွင့်ဘဲထား။ ထို့နောက်မှဖွင့်၍ ရေကိုလွှတ်၊ ၎င်းနောက် ထိုနည်းအတိုင်း လက်ဝဲနှာဝဖြင့် ရေကိုသွင်း၍ ထိုအတိုင်းထုတ်လေ။

တတိယလ၏ အစ၌သာ၍ အရေးကြီးသော အကျင့်ကို စ,ရမည်။

ဒုတိယနည်း-ကုလားထိုင်၌ ကော့မတ်စွာ ထိုင်၊ လျှာများကို အပေါ် အာခေါင် သွားရင်းသို့ ကော့၍ ထိထားရမည်။ အပေါ်သွားနှင့် အောက်သွားများ မထိစေရ။ နည်းနည်းကလေး ဟ,၍ထားလေ။ ဘာကိုမျှမတွေ့ဘဲ နှာဖျားကိုစိုက်၍ ကြည့်၊ အစ၌ ငါးမိနစ်မျှ ဤသို့လုပ်။ ထို့နောက် တဖြည်းဖြည်း တိုး၍ ကြာစေ။ နံနက်တစ်ကြိမ်၊ ညအိပ်ရာမဝင်မီ တစ်ကြိမ် လုပ်လေ။

ထိုဒုတိယနည်းကို လုပ်ရာ၌ ပထမနည်းကိုလည်း မပေါ့အပ်ပေ။ နှာဖျားကို စိုက်ကြည့်ခိုက်မှာ စိတ်မလွင့်စေရ။

ဒုတိယနည်းကို ကုလားထိုင်၌ မတ်စွာကော့ရ ဒုတိယနည်းကဲ့သို့ ပုခုံးများ နောက်ပစ်ပြီး ဖြောင့်ဖြောင့်ထိုင်၊ လက်ျာနှာဝကို လက်ျာလက်မနှင့် ပိတ်၊ လက်ဝဲနှာဝဖြင့် လေကို ရှူနိုင်သမျှ ရှူ၍ သွင်း။ သို့ ရှူရာ၌ လောကဓာတ်၏ သံလိုက်ဓာတ်ဖြစ်သော အသက်အားကြီး ပိုမို ရှူရှိုက်ရရှိ၏ဟု ယုံကြည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှာဝနှစ်ဘက်စလုံးကို လက်ညှိုး၊ လက်မဖြင့် ပိတ်။ ရှူရှိုက်သော အချိန်ပမာဏ၏ နှစ်ဆကြာစွာ အသက်ကို ချုပ်၍ထားလေ။ ထိုအခိုက် အသင်၏ ကျန်းမာခြင်းအတွက် လေထဲမှ အာသက်အားကို ရှူရှိုက်ရရှိ၏ဟု နူးစိုက်စွာ ယုံကြည်လေ။ ထို့နောက် လက်ျာနှာဝကိုဖွင့်၍ လေကို ထုတ်၊ လေထုတ်သောအချိန်မှာ ရှူသွင်းသော အချိန်လောက် ကြာစေရမည်။ ထို့နောက် လေကို ထုတ်ပြီးသောအချိန်မှာ လေကို ချုပ်ထားသောအချိန်လောက် ကြာစွာထားလေ။ ထို့နောက် လက်ဝဲနှာဝကိုပိတ်ပြီး လက်ျာနှာဝဖြင့် အသက်ကိုရှူ၍သွင်း။ ထို့နောက် အထက်နည်းအတိုင်း အချိန်နှစ်ဆချုပ်ထားပြီး လက်ဝဲနှာဝဖြင့် လေ ရှူ၍ထုတ်၊ အစာ,၌ တစ်ခါကျင့်လျှင် ငါးကြိမ်ထက်ပို၍ ရှူထုတ်ခြင်းမပြုရ၊ ထို့နောက်မှ တဖြည်းဖြည်း အကြိမ်တိုးလေ။ ထိုအကျင့်ကို တစ်လကျင့်ပြီးသောအခါ ဤ-သို့မဟုတ်၊ ဘုရားဟု လေကိုရှူခိုက် နှင်ထုတ်ခိုက်မှာ စိတ်၌ဆိုလေ၊ ထို့နောက် အဆင်း အဂ် ပိုမိုလှပ၍ အသံကောင်းလာလိမ့်မည်။ ရောဂါဟူသမျှကို ကင်းစင်စေလိမ့်မည်။ ဉာဏ်ကြီး၍ လာလိမ့်မည်။ အသင်၏ ကိုယ်မှအမွှေးနံ့ ထွက်ပေါ် လာလိမ့်မည်။ တန်ခိုးကြီးသော သူတို့ကိုလည်းကောင်း၊ နတ်များကိုလည်းကောင်း အမိန့်ပေး ၍ ခေါ်ဆိုလိမ့်မည်။

စက်တင်ဘာလ ၁၉၃၁-ခု။

ပီမိုးနင်း



## နိဂုံး

ဤ ကာမသိဒ္ဓိကျမ်းသည် ကာမသက်သက်၏ အကြောင်းများအပြင်၊ အိမ်၏ သုခချမ်းသာရေး၊ အသက်ရှည်ခြင်း၊ နည်းလမ်းစသည်များကို ပိုမိုပြည့်စွက်၍ ထားလေရာ စာကို အကျယ်ချဲ့၍ရေးလျှင် စာအုပ်ကြီးဖြစ်နိုင်သော်လည်း မည်သူမဆို သိအပ်သော အချက်များကို မြန်မြန်ကြီး သိစေရလျှင် ရည်ရွယ်ချက် ပြီးမြောက်သည်ဟု သဘောထားကာ စာကိုလည်း မချဲ့၊ လိုရင်းအရေးကြီးသော အချက်ဟူသမျှလည်း ပါလေအောင် တိုတိုတုတ်တုတ် အချုပ်တွေကို ရေးလိုက်ခြင်း ဖြစ်လေ၏။ ဖတ်သူတို့မှာ အကျိုးထူးများလိမ့်မည်ဟု မျှော်လင့် ယုံကြည်ပါကြောင်း။

ပီမိုးနင်း

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူလက်ခွဲ

ချစ်သူများ သတိထားဖို့

သတိပေးစကား ရေးသားသော်လည်း အကျိုးရှိမည် မဟုတ်သော ချစ်သူနှစ်မျိုးရှိ၏။

**၁။ မိမိချစ်သော မိန်းမအပေါ်၌ အကျိုးအပြစ် မမြင်နိုင်အောင် အရူးအမူးချစ်၍ နေသူမျိုး။**

**၂။ အချစ်ကို အဓိကမပြု ပစ္စည်းဥစ္စာ ဂုဏ်သရေကို အဓိကပြုသော ချစ်သူတစ်မျိုး ဤနှစ်မျိုးဖြစ်၏။**

ပထမအမျိုးမှာ အချစ်သည် ရူးသွပ်ခြင်းအဖြစ်သို့ ရောက်သဖြင့်၊ ချစ်သူကို မရမက သေမလောက် ဖြစ်တတ်ကြ၏။ ယခုကာလ မြန်မာပြည်၌ အချစ်ကြောင့် အသက်သေသူတွေ များစွာရှိကြသည်မှာ အရူးတွေ ဖြစ်ကြလေသည်။ အသက်ဆယ့်ခြောက်နှစ်နှင့် နှစ်ဆယ်နှစ်ကြားမှာ အချစ်နှင့်ရူးကာ ထင်ရာကိုပြော၊ ထင်ရာကို လုပ်တတ်ကြလေသည်။ ထိုအရွယ်၌ အချစ်ကြောင့် တစ်သက်လုံး ကြီးပွားရာလမ်းတွေကို စွန့်ကာ ချစ်သူ၏ရင်ခွင်သို့ ပြေး၍ ဝင်ချင်၏၊ ချစ်သောမိန်းမက အေးစက်စက်နေသည်ကို တွေ့ရသဖြင့် စိတ်ပျက်ခြင်းတည်းဟူသော ချောက်ကမ္ဘားကြီးအတွင်းသို့ စောက်ထိုးကျသကဲ့သို့ ဖြစ်ကြလေသည်။ ချစ်သူမိန်းမ အခြားသူတစ်ယောက်၏ ရင်ခွင်သို့ ရောက်သည်ကို သိမြင်ရသောအခါ ဦးခေါင်းတွေပွင့်ကာ ဦးနှောက်တွေလွင့်စဉ် အရူးပြင်ပြင်ဖြစ်သူတွေ ရှိကြလေသည်။



စာရေးသူကိုယ်တိုင် ပထမချစ်သူတစ်ယောက်နှင့် တွေ့ဖူး၏။ သမ္မန်ကို မနိုင်ပဲလျက် မိုးသက်လေထဲတွင် တစ်ကိုယ်တည်း ရေဝဲတီမြစ်ကို ဖြတ်ကူးခဲ့ဖူး၏။ ထိုချစ်သူအား အခြားသူ တစ်ယောက်က လက်ဆွဲစကားပြောသည်ဟူသော စကားကို ကြားရသောအခါ မတ်တတ်ရပ်နေရာမှ အုန်းပင်စိုက် ခြေနှစ်ချောင်းထောင်၍နေသလို ဖြစ်ခဲ့ဖူးလေသည်။ ထိုကဲ့သို့ အရူးအမူးဖြစ်ခိုက်မှာ ဆုံးမစကား နည်းလမ်းညွှန်ပြခြင်းသည် များစွာ အကျိုးဖြစ်စေမည် မဟုတ်ပေ။

အင်္ဂလန်ပြည်၌ ၁၈၂၈–ခုနှစ်သို့တိုင်အောင် မိမိကိုယ်ကိုမိမိ သတ်သေသူ၏အလောင်းများကို လမ်းလေးခွမှာ ထုတ်ချင်ခတ် သံစို့ထိုးစိုက်၍ မြှုပ်နှံခြင်းကို ခံရလေသည်။ အချစ်ကြောင့် မိမိကိုယ်မိမိ သတ်သေသဖြင့် ထိုကဲ့သို့ မြှုပ်နှံခြင်းကို အရှက်တကွဲ ခံရသူတွေ များစွာရှိလေသည်။ အချစ်ကြောင့် ရူးသူတို့အား တရားပြခြင်းသည် အရှိန်ပြင်းသောရေကို တမံတုတ်သည့်အခါ ဝေလျှံကျိုးပေါက်၍ ကျသကဲ့သို့သာ ဖြစ်ဖို့ရှိလေသည်။ ထိုကဲ့သို့ဖြစ်ကြောင်း သိရသည့်အခါ အရပ်နေရာ ပြောင်းရွှေ့ခြင်း၊ အသစ်ဖြစ်သော အပျော်အပါးတို့ကို ရှာခြင်းသည် အတော်အတန် သက်သာရာရစေနိုင်သော်လည်း အကုန်အစင် လဲစင်အောင် ကုဖို့ကား ခက်လေသည်။

အချစ်နှင့် ပတ်သက်၍ တဝက်ရူးသူ၊ လုံးလုံးရူးသူများကို ကုသရန် ကြိုးစားခြင်းအလုပ်သည် မိန်းမပျို့မုန်က မနှစ်လို့သောအလုပ် ဖြစ်လေသည်။ ၎င်းတို့၏ သဘာဝမှာ မိမိတို့၏ သွေးဆောင်ခြင်းတည်းဟူသော ပင့်ကူအိမ်၌ အမိခံရသူများ လွတ်မြောက်၍ သွားသည်ကို မရှုချင် မမြင်လိုသော သဘာဝ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပျိုကလေး တစ်ယောက်သည် အကြင် မိန်းမပျိုကလေးတစ်ယောက်ကို အသည်းစွဲချစ်သည့်အတွက် ထင်ရာမြင်ရာကို အဘယ်မျှပင် ရူးသွပ်စွာ လုပ်စေကာမူ မိန်းမပျိုသည် မမုန်းနိုင်၊ မိမိကိုချစ်လို့ လုပ်ကြောင်းသိလျှင် ခွင့်လွှတ်မြဲဖြစ်လေသည်။

ဒုတိယချစ်သူမျိုးမှာ မိန်းမကို ပစ္စည်းဥစ္စာနှင့် ဖက်သက်၍ စကားကွန့်ပါ အကွရာသချာဖြင့် ကိုက်အောင်တွက်၍ ယူလိုသူများဖြစ်ကြလေရာ၊ ထိုလူမျိုးအတွက်လည်း ဤစာသည် အသုံးမဝင်ပေ။ ထိုလူမျိုးသည် မြေတိုင်းသမား၏ သံကြိုးနှင့် အိမ်ထောင်မှုကိုတိုင်းသော လူမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ထိုလူမျိုး၏ အိမ်ထောင်ခြင်းသည် အရောင်းအဝယ်ပြုခြင်းဖြစ်ကြောင်းနှင့် "ကောသဲက်" ခေါ်သူ အင်္ဂလိပ်ပညာရှိကြီး ရေးခဲ့လေသည်။

ယောက်ျားပျိုသည် မိမိတို့၏ အဆင့်အတန်းစားဖြစ်သော အမျိုးသမီးများကို ယူသင့်ကြ၏။ အကြောင်းမူကား ၎င်းတို့မှာ ဆက်ဆံရင်းနှီးမြဲခြင်းကြောင့် တစ်ယောက်အကြောင်းကို တစ်ယောက် သိပြီးဖြစ်ကြလေသည်။ (ဓာတ်သိ အစင်းသိသူ)ဟူလို။ ရှေးအခါက ထိုကဲ့သို့ ဓာတ်သိသူများကိုပင် လေးနှစ်ဆိုင်းကာ အကဲခတ်ကြလေသည်။ ယခုကာလ၌ကား (Lovr at First Sight) ဟူသော ကာလဝတ္ထုသွားမျိုးနှင့် ကြိုက်ကြလိုက်ကြသောကြောင့် မိုက်ကြလေသည်။ ထိုအချက်ထက် ငွေကြေးဥစ္စာကို ပဓာနထားသူများကိုသာ ထိုစကားကို မှတ်သားရန်လိုမည်မဟုတ်ပေ။

ဂုဏ်သည် ရုပ်ကိုပိုလှသည်ဟူသော အထင်အမြင်ကို ဖြစ်စေနိုင်၏။ သာမန်အချက်ကို အကြီးအကျယ်ကဲ့သို့ ထင်ရ



အောင် ပြုနိုင်၏။ ဂုဏ်ကာဖုံးသဖြင့် အိမ်ထောင်မှု ဧည်းဟူသော ဆေးကြောင်ကို ထိုးမိရာ၊ အကြီးအကျယ် ဒုက္ခတွေ့ကြသူတွေ ရှိကြလေသည်။

ဘိလပ်ပြန်နှင့် မနုရှင်သမီးတို့ တွေ့ကြုံကာ အိမ်ထောင်မှ သဘောဖျက်ကြသူတွေ အဘယ်မျှလောက်များကြပါသနည်း။

ဥရောပမင်းများ နယ်စား မင်းညီမင်းသားများမှာ အများအားဖြင့် အချစ်နှင့်ဆိုင်သော အိမ်ထောင်ခြင်းထက် ဂုဏ်နှင့်ဆိုင်သော အိမ်ထောင်ခြင်းကပို၍ များပြားကြလေသည်။ ၎င်းတို့၏ကြီးမြင့်သော အခြေအနေတို့နှင့်ဆိုင်သည့် သုခချမ်းသာနှင့် စည်းစိမ်သည် အိမ်ထောင်မှုအပြစ်ကြောင့် ခံရသော ဆင်းရဲဒုက္ခနှင့် မကာမိပေ။

သူဌေးသူကြွယ် ဂုဏ်သရေရှိသူများလည်း ထို့အတူဖြစ်ရာ ၎င်းတို့၏ မင်္ဂလာအခမ်းအနားများ ကြီးကျယ်သလောက် သဘောပျက်ခြင်း ကြီးကျယ်တတ်လေရာ၊ ဆင်းရဲသူ ဆင်းရဲသား၊ လုပ်စားကိုင်စားတို့၏ အိမ်ထောင်သုခမျိုး၊ အချစ်စည်းစိမ်မျိုးကို ၎င်းတို့မှာမရရှိ မခံစားရ၊ အပြင်အပ အရောင်အဝါမျှသာ ၎င်းတို့မှာ ရှိကြလေသည်။ အချစ်နှင့် အနှစ်သာရကို အစွမ်းကုန် မရရှိကြပေ။ အချစ်သည် ဆင်းရဲလေလေ ထက်သန်လေလေဖြစ်လေသည်မှာ ဓမ္မတာဖြစ်လေသည်။ ထိုအခြေအနေမျိုး၌ တစ်ယောက်အပေါ်တစ်ယောက် အကြင်နာအမြဲတိုး၍ နေတတ်လေသည်။ အခါများစွာမှာလည်း စည်းစိမ်ဥစ္စာသည် မမြဲသော သဘောတရားအတိုင်း ပျက်စီး၍ သွားတတ်လေသည်။ ဤတစ်သက် ငါတို့ မဆင်းရဲနိုင်ကော့ပြီ။ ငါ့ဘက်ကလည်း နိုင်လုံသည်၊ သူ့ဘက်ကလည်း တောင့်သည်၊ အလုပ်အကိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ငွေကြေးလျှင် ထရံပင် သံတိုင်ဖြစ်နိုင်သည်။ ငါတို့သည် ဘယ်သောအခါ၊ အဘယ်ရာထူးနှင့် အခြေအနေသို့ ရောက်ပြီး၊ အဘယ်ကဲ့သို့ နေထိုင်မည်စသည်ဖြင့် တသက်လုံး ပျက်စီး ဆုတ်ယုတ်ဖို့မရှိ၊ တိုးတက်သည်ထက် တိုးတက်ကာ၊ နိုင်လုံဖို့ အခြေအနေတွေကို နေရာတကျ၊ ကွက်စိပ်ချကာ၊ ပြုလုပ်သော အိမ်ထောင်ဖြစ်သဖြင့် "နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်" ဆိုသည့် ပမာလို အားတက်စရာရတွေ၏အလယ်၌ အထင် ကြီးနှင့် ခုတင်ကြီးပေါ်မှာ လေမွေ့ရာနှင့် နေကြသူများပင် ကျောအောက်၌ လေမွေ့ရာကို မီးလောင်ကာ ယမ်းအိုးကွဲပေါက် သလို ဖြစ်ကြရတတ်လေသည်။ ထိုကဲ့သို့ ဖြစ်သောအခါ၌ သာလွန်၍ မဆိုးပါသော။ ထိုကဲ့သို့ပင် မဖြစ်စေကာမူ၊ အချစ် ကား နှစ်ယောက်၏ စပ်ကြား၌ အသီးအပွင့် မဝေဆာသဖြင့် လေမွေ့ရာမှာ ကန္တာရသဲပုပမာသို့ဖြစ်ကာ၊ သွေ့ခြောက်၍ နေ တတ်လေရာ သုခစည်းစိမ် လုံးလုံးမရှိသည့် အခြေအနေ ဖြစ်ဖို့ သာ ရှိလေသည်။ ထိုအခြေအနေမှတဖန် ဖြစ်ပြန် ပျက်ပြန် လောကဓံဟူသောစကားလို လေမွေ့ရာ မီးတောက်ချေကာ၊ အဘယ်မျှ ပိုမိုဆိုးဝါးမည်နည်း။ မီးမလောင်ဘူးဟု မည်သူပြော နိုင်မည်နည်း။ လောက၌ "လူကားကြံ၏ ဘုရားကဖန်၏" ဟူ သော အင်္ဂလိပ်စကားရှိလေသည်။ Man Proposes God Disposes လောက၌ Circumstances ခေါ်သော အကြောင်းတွေ အမျိုးမျိုးသော စက်ကြီးပေါ့ ဆင်သလို ရှိနေရာ လူတို့သည် ထိုစက်ကြီးတွေကို ရှောင်နိုင်၏။ မမြင်နိုင်သော စက် ကြီးတွေကို အဘယ်သို့ ရှောင်နိုင်မည်နည်း။ သို့ဖြစ်လေရာ သုခချမ်းသာအတွက် ကျိန်းအသေဆုံးကား ပစ္စည်းဥစ္စာကို



မကြည့်ဘဲ အဘယ်မိန်းမသည် ငါ့အား အစဉ်တစိုက် ချမ်းမြေ့ သာယာသော အဖော်ဖြစ်မည်နည်းဟူသော အချက်ကို ပဓာန ထား၍ ယူအပ်ခြင်း ဖြစ်လေသည်။

အလုပ်ကောင်း အခြေကောင်းရှိသော ယောကျ်ားမျိုး သည် အဘယ်အတွက် နေရှင်သမီးကို ရှာဖို့ လိုပါသနည်း။ အဘယ်အတွက် သိုက်ဆရာလုပ်ဖို့ လိုပါသနည်း။ ဆင်းရဲလျက် ကောင်းမြတ်သော အမျိုးသမီးများကို ထိုက်တန်သော အဆင့် အတန်းသို့ ချီးမြှောက်တင်ဆောင်ခြင်း မပြုရဟု၍ မနုကျမ်းက ဆိုပါသလား။ သို့သော်လည်း အဘယ်မိန်းမကား မိန်းမယုတ် ဟူ၍ သိသိသာသာ ဆေးဖြူနှင့်ဆေးနက် ခြားနားသလို ခြားနား စွာ ပြုခြင်းမှာ မည်သည့်သျှတ္တရ မည်သည့်ကာလီဒါသမျှ ညွှန်ပြ ခြင်းမပြုနိုင်။ "အမွေးမြင် အပင်သိ" ဟူသော စကားလို၊ အကဲ ခတ်ခြင်း၊ စုံစမ်းခြင်း၊ သတိနှင့် ကြည့်ရှုမှတ်သားခြင်းသာ ပြုဖို့ လိုလေသည်။ မိန်းမ အဘယ်နှစ်မျိုးဟူသော စကားသည် ပုံသေ မမှန်၊ မိန်းမအမျိုးသည် မရေမတွက်နိုင်အောင် များလေရာ ခြောက်ပြစ်ကင်းမိန်းမကို ရဖို့ ခက်လှပေသည်။ သို့ဖြစ်လေ ရာ မိမိ၏ အခြေအနေ မိမိ၏ စိတ်နေသဘောထားကို ချင့်ကာ အဘယ်လိုအပြစ်မျိုးလောက်ကား ငါ့အတွက် အရေးမကြီး။ အဘယ်လို သတ္တိ၊ အဘယ်အကျင့်၊ အဘယ်စိတ်မျိုးရှိလျှင် ဆောင်သင့်ပြီဟူသော အမြင်ကိုရအောင်သာ သတိပြုဖို့ လိုလေ သည်။

## မိန်းမပျိုင်း

အကြင် မိန်းမတစ်ယောက်သည် အဟုတ်အဘယ် အသည်းစွဲချစ်မိအံ့၊ မိမိမှာလည်း မယားတစ်ယောက်ကို အနိုင်း

www.burmeseclassic.com

www.burmeseclassic.com



အစေများနှင့် ထားနိုင်သော အခြေအနေရှိအံ့၊ ထိုမိန်းမသည် အရာရာ၌ ချီးမွမ်းလောက်သော ဂုဏ်များရှိလျက်၊ ပျင်းတတ်သော အပြစ်ကလေးတစ်ခုသာ တွေ့ရှိအံ့၊ ထိုမိန်းမကို ယူခြင်းကြောင့် မှားမည်မဟုတ်ပေ၊ အကြောင်းမူကား အလွန်ပျင်းသော မိန်းမများသည် ယောကျ်ားဆိုးနှင့် ညားသည့်အခါ ပေါ့ပေါ့ပါးပါး နေတောင်းခေါင်းရွက်ကာ၊ ဈေးရောင်းချ၍ ကျွေးသည်ကို တွေ့ရဖူးလေသည်။ သူ့ခိုးကို ပြုပြင်ရန် ခက်၏၊ အပျင်းမှာ ဆင်းရဲဒုက္ခနှင့် တွေ့သည့်အခါ ပြုပြင်၍ ရနိုင်လေသည်။

ပျင်းသောမိန်းမကို အဝတ်အစား မဖြူစင်ခြင်း၊ အနေအထိုင် မရှင်းလင်းခြင်းဖြင့် သိနိုင်လေသည်။ အကယ်၍ မိမိနှင့်ယှဉ်၍ လုပ်ကိုင် အသက်မွေးရမည် ဖြစ်ချေက၊ အပျင်းရောင်မှ တော်ချေမည်။ မိန်းမပျင်းလျှင် တစ်အိမ်လုံးညစ်တတ်၏။ ပျင်းလျှင် ရိုးတတ်ပြန်၏။ အကြောင်းမူကား မရိုးမသားခြင်းသည် ထကြွလုံ့လဥဿာဟနှင့် ဒွေးနှစ်ဖော်ဖြစ်တတ်လေသည်။ လူပျင်းသည် လူလိမ်မဖြစ်နိုင်၊ လူလိမ်သည် ထကြွလုံ့လများစွာလိုသော အလုပ်ဖြစ်လေသည်။ သို့ဖြစ်၍ ဖျတ်လတ်သူကို ကြောက်ရမည်။

## ဂုဏ်ကြီးရှင်

ဂုဏ်ကို ယူခြင်း၌ ဂုဏ်မမြဲသောခါ ဂုဏ်ကြီးရှင် မိန်းများသည် အထူးသဖြင့် အနီးဆုံးသောရန်သူဖြစ်တတ်လေသည်။ အချစ်နှင့် ပေါင်းသင်းသူတို့မှာ တစ်နေ့သ၌ ဆင်းရဲဒုက္ခဖြစ်စေကာမူ တစ်ယောက်၏ အချစ်၌ တစ်ယောက် ဖြေဖျော်ရာ ရနိုင်လေသည်။

အချို့သော မိန်းမများမှာ မတော်တဆ နာမည်ပျက်ခဲ့ကြသဖြင့် ယောကျ်ားကောင်းကို မရကြသောကြောင့် တိုး၍



ပျက်တတ်ကြ၏။ နာမည်အဘယ်မျှပင် ပျက်စေကာမူ ပျက်နည်းကို စုံစမ်းကြည့်ရာ ၎င်းကိုယ်တိုင်၏ ဆိုးယုတ်ခြင်း သက်သက်ကြောင့်မဟုတ်က မည်သူ၏ ကဲ့ရဲ့ပြောဆိုခြင်းကိုမှ လေးစားဂရုပြုဖို့မရှိ။ ၎င်းနှင့် ပေါင်းသင်းက အဟုတ်တကယ် စိတ္တကာယသုခနှစ်ဖြာ ရဖို့ရှိအံ့၊ ပေါင်းသင်းအပ်လေသည်။ ပျက်စီးရာမှ မိန်းမကောင်းပြန်၍ဖြစ်သူတွေ များစွာရှိကြ၏။ ပျက်စီးလောက်သော အခြေအနေနှင့်မတွေ့ရသည့်အတွက် ကံကောင်းထောက်မ၍ မိန်းမကောင်းဖြစ်သူတွေလည်း ရှိကြ၏။ ကံဆိုးသဖြင့် မတော်တဆ ပျက်စီးရသူတွေလည်း အများပင် ရှိကြလေသည်။

## မိန်းမပေါ

သို့သော်လည်း မိန်းမပေါ့များကို ရှောင်နိုင်သမျှ ရှောင်ရမည်။ ပေါ့လျှင် အဘယ်အခါမျှ စိတ်ချရမည်မဟုတ်ပေ၊ မိန်းမပေါ့ကို အဘယ်ပုံသိနိုင်ပါသနည်း။ သရော်ပြက်ချော်နှင့် ညစ်ညမ်းသော စကားများကို လွယ်ကူစွာ ပြောလေ့ရှိခြင်းဖြစ်လေသည်။ ယောကျ်ားများနှင့် ညစ်ညမ်းသော လူပြက်စကားများကို ပြောရာ၌ ပြုံးရွှင်ကျေနပ်ခြင်းသည် မိန်းမပေါ့၏ လက္ခဏာဖြစ်၏။ ထိုစကားများသည် ထိုစိတ်မှထွက်သောစကားများပင်ဖြစ်၏။

ထိုမိန်းမမျိုးသည် ဆိတ်ကွယ်ရာ၌ မိမိတို့ လိုလားသူနှင့် တွေ့က ထိုစကားမျိုးကြောင့် ပျက်စီးတတ်လေသည်။ ထိုစကားများသည် စိတ်တွင်းမှ ဆူဝေ၍ထွက်သောစကား ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွင်းဘွင်းကြီး ပြောတတ်သည်"ဟူသော မိန်းမမျိုးကိုလည်း မယုံရပေ။

ကြွေနွှေရှိခြင်းသည်လည်း အခါတိုင်း မယုံရသောအရာဖြစ်၏။ ဟန် ကြွေနွှေရှင်တွေ များစွာရှိကြလေသည်။ အင်္ဂလိပ်လို False modesly ဟုခေါ်၏။ အစစ်အမှန် ကြွေနွှေမှာ လွန်၍ နေစေကာမူ ဟန်ကြွေနွှေလောက် စိုးရိမ်ဖို့ မရှိပေ။

❖ ❖ ❖ ❖ ❖



## မသောက်ခံခ်

မသကာခြင်းသည် နှစ်ဦးနှစ်ဝ၏ စိတ်ကို ဆင်းရဲစေ၏။ တစ်ယောက်အပေါ်၌တစ်ယောက်မသကာသည့်အခါ မသကာခြင်းကို ခံရသူသည် သိ၏။ ထိုအသိကြောင့် အနေတစ်မျိုး အမူအရာတစ်မျိုး လေပေါက်တစ်မျိုးဖြစ်လေရာ သော၍ မသကာဖွယ် ဖြစ်တတ်လေသည်။

မသကာခြင်းသည် မသကာခြင်းမျှ ဖြစ်၏။ ပိုင်နိုင်သော ဒိဋ္ဌအသိ မဟုတ်ပေ။ သို့ဖြစ်လေရာ အခြေအမြစ် နိုင်လုံစွာ မသိသမျှ မသကာသောစိတ်ကို ဖျောက်ဖျက်ရမည်။ မသကာရုံနှင့် စွပ်စွဲခြင်းမပြုအပ်ပေ၊ ထိုမသကာခြင်းသည် လင်မယားမှသာ မဟုတ်၊ သမီးရည်းစားများမှာလည်း ဆိုး၏။ မသကာသူကို မသကာခံရသူမှန်က မုန်းပြဖြစ်၏။ မသကာခြင်းနှင့် အချစ်သည် အတူတကွ မနေနိုင်၊ သို့သော်လည်း မသကာခြင်းဟူ၍ တစ်စွန်းတစ်စမျှမဖြစ်နိုင်အောင် ဤအရာနှင့်ပတ်သက်၍ တစ်သက်လုံး စိတ်ချရအောင် အစကနဦးကပင် အသိနှင့် ရွေးချယ်ရမည်။

## ကြွေနွှေရှင်

မိန်းမမှန်က သေမှသာ စိတ်ချရသည်ဟူသော စကားရှိသော်လည်း စိတ်ချရသော မိန်းမတွေလည်း များစွာ ရှိကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤအရာ၌ မျိုးရိုးဇာတိနှင့် ဘူခြေကို အထူးမှတ်သားဖို့ လိုပေသည်။ အရုက်အကြောက်၊ မျိုးဂုဏ် ဆွေဂုဏ်သည် အကောင်းဆုံးသော အထိန်းအကွပ် ဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်၍ အကြင်လင်နှင့် မယားအဖြစ်သို့မရောက်မီ လွန်စွာယဉ်ပါးခြင်း ဖြစ်အံ့။ ထင်သလို ပြုမူခြင်းကိုခံရသော မိန်းမဖြစ်အံ့၊ စိတ်ချဖို့ရန် ခက်ပေလိမ့်မည်။

အသည်းစွဲချစ်သူ ယောကျ်ားပျိုကလေး တစ်ယောက်ကို လူကြီးမိဘများ သဘောတူ၍ သားရင်းကဲ့သို့ အိမ်ပေါ်၌ တင်ထားပါလျက် တစ်နှစ်ကျော်ကျော် ကန့်စုံတစ်ရာမဖြစ်ဘဲ အတူတကွနေကြသော ချစ်သူနှစ်ယောက်ကို ကျွန်ုပ်ကိုယ်တိုင်တွေ့ဖူး၏။ ယဉ်ပါးလိုက လွယ်ကူစွာ ယဉ်ပါးနိုင်သော လမ်းအခွင့်များလည်း ရှိ၏။ သို့ပါလျက် ယဉ်ပါးခြင်း မဖြစ်ခဲ့ကြပေ။ ၎င်းတို့သည် အကြင်လင်မယားအဖြစ်သို့ တွေ့ကြရောက်ကြသောအခါ အခြားဆင်းရဲဒုက္ခများပင် မရောက်သေးသော်လည်း လင်ယောကျ်ားသည် မယားအပေါ်၌ အမြဲစိတ်ချထားနိုင်လေသည်။ မိန်းမဖြစ်သူနှင့် ရွယ်တူဖြစ်လျက် ချောမောလှပသော ယောကျ်ားကလေးများနှင့် အိမ်မှာထားပြီး ယောကျ်ားသည် ရပ်ဝေးသို့ စိတ်ချလက်ချသွားနိုင်၏။ တစ်စုံတစ်ရာ မဖြစ်ကြောင်း သိရလေသည်။

## မယ်မငြင်း

သဘောကောင်းအားကြီးသူ အားနာတတ်သူတို့သည် မငြင်းပယ် ခေါ်ရာပါဟူသောအဖြစ်မျိုးကို ရောက်တတ်လေသည်။



ယခုအခါ အသောက်အစားကိုပင် မရှောင်သော မိန်းမမျိုးတွေရှိကြလေသည်။ မြန်မာမိန်းမများမှာကား ရှားပါး သို့သော်လည်း ခေတ်အလျောက် ပေါ်ပေါက်စပြုကြောင်း သိရလေသည်။ ၎င်းတို့မှာ စိတ်ချဖို့ရန် အထူးခက်ခဲလေသည်။ လင်ယောကျ်ားမရှိခိုက်မှာ သောက်စားတတ်သူနှင့်တွေ့လျှင် အဘယ်ပုံ ဖြစ်မည်နည်း။

သောက်စားခြင်းသာမဟုတ် အခြားအသုံးအစွဲ လွန်ကျူးခြင်း၊ လက်ဖွာခြင်း၊ အပျော်အပါး အဝတ်အစားကို လွန်စွာစုံမက်ခြင်း၊ ပွဲလမ်းလွန်စွာ ဝါသနာပါခြင်းများသည် အိမ်ထောင်၏ သုခကို အမြဲဖျက်ဆီးသောအရာများဖြစ်ရာ လင်ယောကျ်ားက ချွေတာသူဖြစ်အံ့၊ ထိုကဲ့သို့သော မယားမှာ မရိုးသားသော စိတ် ဖြစ်တတ်လေသည်။

## မိန်းမမြွတ်

အိမ်မှ အခြားသို့သွားသည့်အခါ ဘယ်လိုသုံးစွဲ နေထိုင်ရစ်မည်နည်း။ စိတ်ပူရပါမည်လားဟူ၍ ကြောင့်ကြပူပင်ရချေက အဘယ်မှာ ချမ်းသာနိုင်တော့မည်နည်း။ အနည်းငယ်မျှ ပူပင်ကြောင့်ကြခြင်းမရှိဘဲ၊ အိမ်ကို ညဉ့်အိပ်ညဉ့်နေ စွန့်၍ သွားနိုင်သူသည် စိတ်ချမ်းသာသူဖြစ်၏။ "စီးတဲ့ရေ ဘယ်သည့်ကန်သင်း" ဟူသောစကားနှင့် ညီညွတ်သော မိန်းမကို အဘယ်ပုံ သိရမည်နည်း။

ထိုမိန်းမျိုးသည် ပေါ့လျော့သူမျိုးမဟုတ်၊ အလွန်နှင့် ပျော်ပိုက်သူမျိုးဖြစ်၏။ အပျော်အပါးကို မိမိတို့နှင့် မဆိုင်သလို နေတတ်၏။ အဝတ်အစားကို ပျိုစဉ်ကပင် သင်ယျော်ရုံထက်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ မက်မောခြင်းမရှိ၊ ရှိလျှင်သုံးမည်၊ ဝယ်မည်၊ ဝတ်မည်၊ သွားမည်၊ လာမည်ဟူသော စိတ်မျိုး၏ အငွေ့အသက်များ အဘယ်မျှ ပေါ်ပေါက်သည်ကို ဂရုစိုက်ကာ ကြည့်ခြင်းဖြင့် စီးမည့်ရေကို ဖောက်ချမည့် ကတွတ်ပေါက်မ,တွေကို သိမြင်နိုင်လေသည်။

အချို့ မိန်းမများသည် လင်ယောကျ်ားမရှိနိုက်မှာ အတောမသတ် သွားလာလည်ပတ်ကြလေသည်။ ရွာသိမ် ရွာငယ်များမှာပင် အိမ်လည်ကြူးသော မိန်းမများ ပျက်စီးတတ်ကြလေရာ မြို့ကြီး ရွာကြီးများ၌ အလည်ဂါသနာပါလျှင် အဘယ်ပြောစရာ ရှိပါတော့မည်နည်း။

ပျိုရွယ်စဉ်က အမူအရာများသော မိန်းမ၊ အမြောက်အပင့်ကြိုက်သော မိန်းမ၊ အဝတ်အစား၌ ခေတ်ဆန်လွန်းစွာ ကြိုက်သော မိန်းမများကို ကင်းလွတ်စေရမည်။ သားမယားအပေါ်၌ အယုံမရှိသူသည် အဆင်းရဲဆုံးသောသူဖြစ်၏။ အစကနဦးကပင် ယုံကြည်စိတ်ချရမည့် မိန်းမကို စစ်စစ်ဆေးဆေး စုံစုံစမ်းစမ်းမယူဘဲ အရူးအမူးချစ်နှင့် ယူသူများ၊ ဂုဏ်မက်၍လည်းကောင်း ယူသူများသည် မယုံကြည်ခြင်းဒုက္ခနှင့် တွေ့ရမည်သာတည်း။

ရတနာသုံးပါးကို ကြည်ညိုသောမိန်းမထက် ရတနာနှစ်ပါးကို ကြည်ညိုသော မိန်းမက ပို၍ စိတ်ချရ၏။

ယောကျ်ားပျိုများသည် အဆိုပါ စိတ်ချရသော မိန်းမမျိုးထက် ခေတ်ဆန်ဖျတ်လတ် လျှင်မြန်သူ၊ အမူအရာများသူ၊ အသွားအလာများသူတို့ကို ပို၍ စွဲလမ်းတတ်ကြလေသည်။ ၎င်းတို့စိတ်၌ ချူချာသော ပန်းလိပ်ပြာမကလေးများကို ဘာရေးရေး ထင်မြင်တတ်၏။ ဟိုလိုဟာမကလေးများကတော့ ရှီးအ, ဘာအမှုမပါ။ ငါးခြောက် ငါးခြမ်းပမာ သဘောထားတတ်ကြ၏။ ဝင်းကနဲ၊ လျှပ်ကနဲ၊ ဖြတ်ကနဲ၊ လှုပ်ကနဲတာတွေကို ဝက်သ



နီချက်မှတ်ထင်ကြ၏။ အဘယ်ဟင်းကအအီမြန်သည်၊ အဘယ်ဟင်းက အသိုးမြန်သည်၊ ငါးခြောက်ပြားမျိုးကဲ့ စိတ်ချ လက်ချ ဆန်အိုးထဲ ထိုးထားသော်လည်း မသိုးမပုပ်မပျက်မစီး အထားရ အသိုရလည်း လွယ်ကူ၏။ ခံတွင်းမှာ ကြာကြာလည်း အမြဲခံ၏၊ လိုရင်းမှာ ပျံလွှားမ၊ လိပ်ပြာမဖြစ်ဖို့ မလို။

စိတ်ကောက်တတ်သူ၊ စူတတ်၊ အောင့်တတ်သူသည် စိတ်လျှင်မြန်၍ မကြာမကြာ ခိုက်ရန်ဖြစ်သော မိန်းမထက် ဆိုး၏။ ခိုက်ရန်ဖြစ်ခြင်းသည် လေမုန်တိုင်းထပြီးနောက် သာယာသော ပင်လယ်ရေပြင်ကို ဖြစ်စေသလို အိမ်ဟောင်းကို မကြာမကြာ အိမ်သစ်စေ၏။ ငြိုငြင်မှောင်ကျသော စိတ်သည် ပင့်ကူအိမ်တွေ ကျုပ်ခိုးစွဲလျက် မည်းနက်၍နေသောအိမ်ကို ဖြစ်စေ၏။ အချို့သော မိန်းမများသည် အခြားယောကျ်ားများနှင့် တွေ့လျှင် တစ်မျိုးနေတတ်၏။ သုန်မှုန်ခြင်းကိုကား လင်ယောကျ်ားအတွက် စပယ်ရှယ်ထားတတ်ကြလေသည်။

အိမ်၌ တကြော်ကြော်ဗောဆိုကာ ကလေးကို မြူစားလျက်၊ တဂူးဂူး၊ တဝါးဝါး၊ တောက်တိုမယ်ရ ထင်ရာတွေကို အော်ဆိုကာ၊ နှုတ်မအား၊ လက်မအားနေသော မိန်းမသည် ဘိုင်ကိုမှီလျက်ထိုင်ကာ၊ တောင်ငေး၊ မြောက်ငေး၊ တွေးချင်ရာတွေး၊ ဆွေးချင်ရာဆွေးနေသော မိန်းမနှင့်စာသော် သန်းခေါင်ယံအချိန်နှင့် အရုဏ်တက်ချိန် ခြားနားသလို ခြားနားလေသည်။

မိမိမှာ မချမ်းသာသဖြင့် အခိုင်းအစေများ ထားနိုင်ဖို့မရှိက ပျင်းသောမိန်းမကို သိဖို့ရန် မခက်ပေ။

အပြောအဆို လျှင်မြန်ပြတ်သားသော မိန်းမ၊ ခြေကို လျှင်မြန်စွာ ခပ်ပြင်းပြင်းနင်း၍ သွားတတ်သော မိန်းမ၊ ထမင်းစားသည့်အခါ မေးစေ့ကို သွက်သွက်လှုပ်သောမိန်းမ၊ အသတ်အစားနှင့် လည်ပင်း၊ နားနောက်မှာ အမြဲသန့်ရှင်း၍နေသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုးသည် ပျင်းရိသူမျိုး မဟုတ်ပေ။ မိန်းမပျင်းကို ခြေမထင်ဘဲ သိနိုင်၏။ ခေါက်ဆွဲတစ်ခွက် ကျွေးရုံနှင့် သိနိုင်၏။ စားရာ၌ မေးကို မလှုပ်ချင် လှုပ်ချင် မသိတသိလိုလို စားသူသည် မိန်းမပျင်းဖြစ်သည်ဟု ပုံသေမှတ်ရမည်။

လူကြီးများ စကားပြောရာ၌ ဝင်စွက်ခါ မိမိ၏ အသိအလိမ္မာကိုပြသော မိန်းကလေး၊ စာတတ်ပေတတ် အထူးသဖြင့် လူကြီးပရိသတ်များရှေ့၌ အဘိဓမ္မာစကားပြောသော မိန်းကလေးများကို သတိပြုရမည်။ ၎င်းတို့မှာ လူကြီးမိဘတို့၏ မြှောက်စားခြင်းကို ခံရသဖြင့် ကြက်တူရွေးအတတ်မျိုးဖြင့် မာန်တက်ကာ မိမိတို့ကိုယ်ကို အထင်ကြီးလျက် လင်ယောကျ်ားထက် အရာရာမှာ တတ်သိလိမ္မာသည်ဟု မှတ်ထင်ကြလေသည်။ ၎င်းတို့မှာ ထိုအထင်မှတစ်ပါး အခြားတကယ် အနှစ်သာရ နည်းပါးတတ်လေသည်။ ထိုမိန်းမမျိုးသည် အမြဲလိုလို ဂလန်ကဆန်မမျိုးဖြစ်ရာ အိမ်ထောင်တည်းဟူသောလှည်းကို အဘယ်အခါမျှ ကောင်းစွာ ရုန်းမည်မဟုတ်ပေ။

အခြားများစွာသော ရေပေါ်သွား မိန်းမတွေလည်း ရှိ၏။ ခေတ်ကာလပေါ် ပညာကလေးဖြင့် ပီယာနိုတီးခြင်း၊ ဂီတာလိုက်တီးခြင်း စသည့် ဂုဏ်ကလေးမျိုးတွေနှင့် အရာရာမှာ လင်မြင်ချက်ပေးတတ်၊ ဖွက်တတ်သူမျိုး၊ အငြင်းသန်သော မိန်းမမျိုးသည် အရာရာ၌ ဝင်စွက်တတ်လေရာ တစ်စတစ်စ မယားကြောက်ရသော လင်အဖြစ်သို့ ရောက်တတ်လေသည်။ ၎င်းတို့အထဲတွင် ပညာတတ် စကားနိုင်လုခြင်း၊ အထက်၌ နာမည်ရသူများလည်း ပါတတ်လေသည်။

အချို့သော မိန်းမတို့စိတ်၌ လိပ်ပြာနှင့်တူသော မိန်းမ



များသာလျှင် လင်ယောကျ်ား စိတ်ပျော်ရွှင်ခြင်းကို ဖြစ်စေနိုင်သည်ဟု မှတ်ထင်ကြ၏။ ထိုစကားသည် လွန်စွာ [illegible] လိပ်ပြာသည် ပျားနှင့်မတူ။ ပျားသည် ပန်းတစ်ပင်ကို စွဲမြဲစွာ သွားလေ့ရှိ၏။ လိပ်ပြာသည် ထိုပန်းမှ ဟိုပန်းသို့ ကူးတတ်၏။ လိပ်ပြာမနှင့် ညားသူမှာ အတော်ကလေးကြာလျှင် ရိုးသည် အထင်ခံရတတ်၏။ သို့ထင်သော လိပ်ပြာမသည်လည်း လိပ်ပြာနှင့်တူသော အလားတူ ယောကျ်ားသစ်၊ မျက်နှာသစ်ကို တွေ့ရမှ လိပ်ပြာတို့၏ လှုပ်ရှားပျံခြင်းအစွမ်းကို ပိုမို၍ ပြတတ်၏။ လင်ယောကျ်ားကိုမူကား သစ်တုံးလို သဘောထားတတ်၍ ထိုင်တတ်လေသည်။ ရိုးရိုးသားသား သည်လင်–သည်သားနှင့် မြဲအောင် ပေါင်းပါရစေဆိုသည့်မိန်းမမျိုးမှာ အိုးအိမ်ကို ခင်မင်သတောက် လင်ယောကျ်ားအပေါ်၌လည်း အချစ်စိတ် သန်တတ်လေသည်။ ၎င်းတို့ ဒါဆို ဒါမျိုးဖြစ်လေသည်။ ထိုကဲ့သို့သော မိန်းမမျိုး၏အချစ်ကို ရရှိသူမှာ အိမ်ထောင်ခြင်း ပြောမဆုံးနိုင်သော သုခစည်းစိမ်ကို အတွေ့ခံစား ရရှိနိုင်လေသည်။

ကျွန်ုပ်၏ ဒုတိယမိန်းမဖြစ်ရသော ကျော်စိုး၏မိခင်သည် ကျွန်ုပ်နှင့်တွေ့သောအခါ ၁၄–နှစ်၊ ၁၅–နှစ်စပ်ကြားမှာ ရှိ၏။ ၎င်း၏အိမ်၌ ကျွန်ုပ်သည် ရင်းနှီးစွာ တစ်နှစ်ကျော်နေခဲ့၏။ လွန်စွာမိုး၏။ ကျွန်ုပ်တို့မှာ ထိုအချိန်ကာလအတွင်း နှစ်ယောက်တည်း နေ့ညမရှောင် ပျော်ရွှင်စွာ အတူသွားလာ နေထိုင်ခဲ့၏။ သူငယ်ချင်းများနေပုံထက် ပိုမိုရင်းနှီးခြင်း မဖြစ်ခဲ့ပေ။ သူကိုယ်တိုင်ကလည်း ပိုမိုရင်းနှီးလိုသော အထိမ်းအမှတ်ကိုမပြ။ ကျွန်ုပ်ကိုယ်တိုင်ကလည်း သွေးဆောင်ခြင်းမပြုခဲ့ပေ။ ၎င်းသေသည့်တိုင်အောင် ကျွန်ုပ်မှာ စိတ်ချရ၏။ အဘယ်ကိုပင် သွားစေကာမူ နောက်ဆံမငင်ရ။ ကျွန်ုပ်၏ မှားယွင်းမှုကြောင့် ၎င်းမှာ မှတ်စိ ဆောင်ရသောအခါ သူ့ခမြာ အပြစ်မရှိဘဲ သတ်သက်ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ အရွယ်ကောင်းတုန်း၊ ချောတုန်း၊ လှတုန်းလည်း ဖြစ်သည်ဟု စဉ်းစားကာ ထင်သလို ပျော်သလို နေခွင့်ပေးထား၏။ သို့သော်လည်း သေသည့်တိုင်အောင် တစ်စုံတစ်ရာ မကြား ရပေ။ ကျွန်ုပ်၏မိန်းမမှာ မမျက်စိပျက်သော်လည်း ရုပ်ပျက်သူ မဟုတ်ပေ။

ခေတ်ကာလပညာကို တတ်ပါလျက် အနေအထိုင် အပြောအဆို ရိုးသားသော မိန်းကလေးမျိုးကို တွေ့ဖူး၏။ ၎င်းတို့မှာ အများအားဖြင့် မျိုးရိုးဇာတိ ကောင်းကြလေသည်။

မျိုးရိုးဇာတိဆိုသည်မှာ မင်းစိုးအရာရှိမျိုးကို မဆိုလို။ အရာရှိမျိုးမှန်သမျှ အမျိုးကောင်းမဟုတ်။ ဂုဏ်အသရေရှိ မြန်မာမျိုးစစ်၊ ၎င်းတို့နီးစပ်သော အမျိုးများ၌ စည်းစောင့်သူ များရမည်၊ သို့ဖြစ်လေရာ၊ မျိုးရိုးကိုစစ်ခြင်းသည် အိမ်ထောင် ရေး၌ များစွာအရေးကြီးလေသည်။ အမှုယာလို နောက်ချေးထဲ မှ ကြာမျိုးကိုရှာလျှင် ကြာမျိုးတွေကို အများအားဖြင့် တွေ့လိမ့် မည်။

စာတတ်သော မိန်းမနှင့် စာမတတ်သော မိန်းမ ဘယ် သင်းကပိုကောင်းသလဲဟု မေးအံ့၊ ယုံကြည်စိတ်ချရ၍ အိမ် ထောင်၏ သုခချမ်းသာခြင်းကိုဖြစ်သော မိန်းမသည် အကောင်း ဆုံးဟု ပြောရလိမ့်မည်။

ကိုယ်ကျင့်တရားသည် စာနှင့်မဆိုင်၊ စာသည် သညာ သာ ဖြစ်၏။ မပျင်းမရိ၊ ဝီရိယရှိသူ၊ လက်မဖွာသူ၊ အရှက် အ ကြောက်ရှိသူ၊ မျိုးရိုးဇာတိကောင်းသူ၊ လင်ကိုချစ်သူ၊ အိုးအိမ် ကို ခင်မင်သူ၊ အတင်းမပြောသူ၊ အပျော်အပါးလွန်စွာ မမက်သူ၊ လင်နှင့် သားနှင့်အတူ သွားရမှ ပျော်သူ၊ ဤလိုမိန်းမမျိုးသည် စာတတ်ဖို့မလို၊ သို့သော်လည်း ထိုမိန်းမမျိုးမှာ စာတတ်လျှင်



အထူးအမြတ် ဖြစ်လေမည်။ ၎င်းတို့၏စာသည် မစ္စတာရှည်စ် ဒေးဗစ်၊ မစ်ဆက်စ်ရှည်စ်ဒေးဗစ်တို့လို နှစ်ယောက်စလုံး ကျမ်း ပြုနိုင်ကြသဖြင့် ကမ္ဘာကျော်ဖြစ်လောက်လျှင်ကား ချီးမွမ်းရလေ မည်။ သို့မဟုတ်ချေက မိန်းမတတ်သော စာသည် မီးဖိုချောင် နှင့် အိမ်မှုရေးရာမှာ အသုံးပြုလျှင် သာ၍ အကျိုးများလေသည်။ မီးဖိုချောင်နှင့်ဆိုရာမှာ ယိုလုပ်နည်း၊ ချက်ပြုတ်နည်း၊ ကြာမြင့် စွာခံသော အစားအစာတို့ကို လုပ်နည်း၊ အိမ်မှု အီကော်နော် မီ နည်းလမ်းများဖြစ်လေသည်။ တောင်မကျ၊ မြောက်မကျ၊ စာရေးဆရာလိုလို၊ အဘိဓမ္မာဆရာလိုလို၊ လိုလိုမျိုးထဲမှာ အသုံး ပြုချေက အမြဲလို၍ နေပေလိမ့်မည်။

နံနက်စောစောထကာ အလုပ်တစ်ခုခုကို လုပ်၍နေ သော မိန်းမမျိုးကိုမြင်လျှင် သတိပြု၍ မှတ်ရမည်။ ၎င်းမှာ မိန်းမ မြတ်မျိုးစေ့ရှိလေသည်။ နံနက်ခင်း၏ ချမ်းမြေ့စိုပြည်သော လောကဓါတ်အလင်းရောင်ကို အဘယ်အခါမျှ ဂရုမထား၊ ပဆစ် ထိုင်ခြင်း၊ ဂျိုကာဆွဲခြင်းဖြင့် ညဉ့်အချိန်ကို များစွာ အသုံးပြုသော မိန်းမမျိုးသည် နေ့မျိုးမဟုတ်၊ ညဉ့်မျိုးဖြစ်၏။ ညဉ့်မျိုးဖြစ်က လသာမှန်အိမ် သို့မဟုတ် ဓါတ်မီးရောင်၌ မှန်ထောင်သော အမျိုးအစားနှင့် ဆွေညာတကာ တော်တတ်လေသည်။ ထိုမိန်းမ မျိုးကို မိန်းမပေါ့မျိုးဟုခေါ်လျှင် မမှားပေ။

နံနက် နေမြင့်အောင်အိပ်တတ်သော မိန်းမကို အဘယ် ပင် အစဉ် ချစ်စေကာမူ တစ်လနှစ်လကြာ ရွံ့စရာဖြစ်၍ လာ လိမ့်မည်။

မိန်းမတစ်ယောက် ပြောဖူးသည်ကား မိမိဗိုလ်ကတော် ဖြစ်စဉ်က မိမိ၏ ယောက်ျားဗိုလ်ကြီး နံနက်စောစော အလုပ်သွား သောအခါ၊ ဗိုလ်ကြီးက အိပ်ရာထဲဝင်၍ ပါးနားကာပြီး သွား

www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဟု နှုတ်ဆက်ရသတဲ့၊ ထိုအခါ ၎င်းမိန်းမက မျက်စိကို မဖွင့်ဘဲ "အောရိုက်"ဟု ပြန်ပြောပြီး အိပ်ရာမှမထဘဲ "ဖိမ်" ယူနေကာ နေရစ်သတဲ့၊ ဤသို့ မိန်းမမျိုးကို ထိုလင်ယောကျ်ား သည် ကြာမြင့်စွာ ချစ်နိုင်ပါမည်လား၊ အောရိုက်ဟူသော စကား နှင့်အတူပါလာသော အပုပ်နံ့ကို ချစ်နိုင်ပါမည်လား။ ထိုမိန်းမ မျိုးမှာ ယခုအခါ ကျွန်စုတ်လိုဖြစ်နေ၏။ အခြားလင်တစ်ယောက် ကို ရွေးရောင်း၍ ကျွေးနေ၏။ သို့သော်လည်း ထွန်းထွန်းပေါက် ပေါက် မရောင်းနိုင်သဖြင့် ဆင်းရဲ စုတ်နုက်ညစ်ပတ်လျက်နေ သည်ကိုသာ တွေ့ရလေသည်။

မျက်နှာချိုတိုင်းလည်း စိတ်ကောင်းရှိသည်ဟု မထင် အပ်ပေ။ မျက်နှာချိုသော မိန်းမ၏ မျက်နှာကို ဉာဏ်မျက်စိနှင့် ပို၍ ကြည့်ရမည်။

အချို့သောမိန်းမပျိုတို့သည် ချစ်သူယောကျ်ားပျို လာ ရောက်သည့်အခါ၌လည်း ပြုံးပြုံးအေးအေးနှင့် နေရစ်တတ်လေ ၏။ ထို မိန်းမမျိုးသည် လင်ယောကျ်ားကို အေးအေးနှင့် စွန့်နိုင် ၏။ ၎င်းတို့မှာ အချစ်များစွာ မရှိဟန်သာ ရှိ၏။

ရှင် မလာတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ တခြားသွားနေတာ ပေါ့လေ။ ကြည့်ပါလား မျက်နှာကြီးက မချိုမချဉ်နဲ့၊ သူသွားမှာ မိအေးတို့ဆီကို သူကေန်သွားနေမှာဟူသော စကားနှင့် မကျေ မချမ်း ဆီး၍ နှုတ်ဆက်ပြောဆိုသော မိန်းမမျိုးသည် ပြုံးပြုံးက လေးနှင့် နေတတ်သော မိန်းမမျိုးထက် အချစ်အခင် ပိုတတ် လေသည်။

လင်ယောကျ်ားအဖြစ်သို့ ရောက်သောအခါ၌ကား အရေးကြီးဆုံးသောအရာသည် မယားဖြစ်သူအပေါ်၌ ဒေါသ အမျက်ကို မပြအပ်ခြင်း ဖြစ်လေသည်။



တစ်ခုလပ် မုဆိုးမများကို ရသူတို့ကား ထိုအရာ၌ အရေးမကြီးပေ။ ယင်းမိန်းမများ ထုံ၍နေ၏။ သမီးရည်းစား အပျိုအရွယ်ကို ရသူများမှာ အထူးသတိပြုဖို့ လိုလေသည်။ အကြောင်းမူကား မိန်းမပျို၏ အချစ်သည် ယောကျ်ား၏အချစ် ထက် များစွာ ပိုမိုမြဲမြံ ထက်သန်လေရာ မျက်စောင်းတစ်ချက် အထိုးခံရလျှင် ဓားမြှောင်တစ်ချက် အထိုးခံရသလောက် နာ ကတ်လေသည်။ သို့အတွက် မယားအဖြစ်သို့ ရောက်ရာ၌ ဤ အချက်ကို အထူးသတိပြုအပ်သည့်ပြင် မိမိ၏အိမ်ထက် အခြား အိမ်၊ ကလပ်၊ အရက်ဆိုင် စသည်တို့မှာ အချိန်ကို ပို၍ ဖြုန်း ခြင်းသည် ချစ်သူမယား၏ အသည်းကို ဓါးချဉ်အကိုက်ခိုင်းသည် နှင့် တူလေသည်။

အခြားကိုသွားရာ၌ အဘယ်အချိန်ပြန်၍လာမည်ဟု မိန်းမဖြစ်သူအား မှာကြားပြီး အချိန်မီအောင် ပြန်၍ လာရမည်။ ထင်သလို သွား၍နေသော လင်ယောကျ်ားသည် သွားလာ၍ နေသမျှကာလပတ်လုံး ချစ်သူမယား၏အသည်းကို မီးကင်သလို လုပ်ရာသို့ ရောက်လေသည်။ မချစ်သူမယားကို မဆိုလို၊ မိမိ၏ မယားမှာ မမာမကျန်းဖြစ်သည့်အခါ ဂရုစိုက်ခြင်း၊ ဆေး အန္တရာယ်မဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ခြင်း စသည့် အရေးကြီးသောအချက်များ၌ ဂရုစိုက်ခြင်းသည် အိုးပုတ် ကလေးနှင့် ချိုးရုပ်ကလေးကို ဝယ်ပေးသည်ထက် မယား၏စိတ် ကို ပိုမိုထိခိုက်စေလျက် အချစ်၏ ရိုးမှန်သော တုံ့ပြန်ခြင်းကို ရရှိနိုင်လေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သန့်ပို့ထားခြင်း

အခိုင်းအစေ အပိုအလျှံထားခြင်းသည် ယခုအခါ ခေတ်၏ အလေ့တစ်ခု ဖြစ်လေသည်။ ထိုအလေ့မှာ အကောင်းနည်း၍ အဆိုးများလေသည်။ စည်းစိမ်ဥစ္စာ လွန်စွာ ကြွယ်ဝလှသဖြင့် အခိုင်းအစေများနှင့် အိမ်သားများ မရောမစပ် မထွေးမယှက်ဘဲ နေနိုင်အောင် ကြီးကျယ်သော အဆောက်အဦးနှင့် ပိုလျှံစွာ ကျွေးမွေးနိုင်သူတို့မှာ အခြေအနေနှင့် ညီစွာ အခိုင်းအစေ ထားအပ်လေသည်။

သို့သော်လည်း ထိုအခိုင်းအစေများမှာ အိမ်တွင်းလူအဖြစ်သို့ မရောက်စေရအောင် သတိပြုရမည်။ သုံးနှစ်တစ်ရာ ထမင်းစား ကျွန်ခံ၊ တူလိုလိုသားလိုလို၊ သွေးရင်းလိုလို၊ ကျွန်လိုလို အခိုင်းအစေများကိုထားခြင်းသည် များစွာအနှောင့်အယှက်ဖြစ်စေတတ်လေသည်။ မိန်းကလေးများသာဖြစ်လျှင် အိမ်ရှင်ယောက်ျားနှင့် နီးစပ်တတ်၏။ မနီးစပ်စေကာမူ မယားဖြစ်သူ၏ မသင်္ကာဖွယ်ရာအကြောင်းတွေ ဖြစ်ပေါ်တတ်လေသည်။

အခြားယောက်ျား ဖျက်ဆီးမှာကိုလည်း စိုးရသဖြင့် တာဝန်များစွာပိုသော အလုပ်ဖြစ်လေသည်။ အခိုင်းအစေမိန်းကလေးများ ကုလားနှင့်လည်းကောင်း၊ ဂေလေကျိုးတို့နှင့်လည်းကောင်း၊ လိုက်ပြေးသည့်အတွက် အိမ်ရှင်ယောက်ျားတို့အချို့မှာ အရှုးပမာ ဒေါင်ချာလည်၍ နေသည်များကို တွေ့ရဖူးလေသည်။ အိမ်ရှင်မိန်းမအတွက်မှာ ထိုမျှလောက် အရေးမကြီး



အိမ်ရှင်ယောက်ျားမှာ ပိုမို၍ အရေးကြီးသည်မှာ အဘယ်အတွက်ပါနည်း။

ကျွန်ုပ်ထင်မြင်ချက်ကား ဤသို့ရှိ၏။ အချို့သော အစေခံမကလေးများမှာ အရွယ်ရောက်၍လာစဉ် ယောက်ျားအချို့မှာ အပျော်အပါးအသောက်အစားကလေး မကင်းသည့် ပုထုဇဉ်မျိုးဖြစ်တတ်၏။ ထိုအခါ ဒင်းတင်ပါးကလေးဟာ ဟိုနှစ်ကနဲ့မတူ၊ ယခုနှစ် ခွက်၍လာ၏။ သင်းရင်ဘတ်ကလေးဟာ အခုတလော ဆူလာသောဟူ၏။ ဒင်းကြည့်ပုံ ပြုံးပုံကလေးဟာ မရိုးတရိုး ဆန်းသလို၊ ဘယ်နေရာမှာ ဘယ်ကြမ်းပိုးက ပန်းထိုးအလုပ်နှင့် ဆွယ်ပါလိမ့်မလဲ" စသည့် ဆင်ခြင်တွေးတောခန်းကလေးများ ပေါ်ပေါက်၍ နေတတ်လေ၏။ အချို့လည်း စေခံမကလေးလုပ်သမျှအလုပ်တွေကို ကြိုး၍ လုပ်ရလောက်သော အခြေအနေသို့ရောက်သဖြင့် လွန်စွာ ပင်ပန်း၏။ သူမေဒါ ကိုယ့်မေဒါပေကိုး၊ မယားသိမှာ စိုးရသေးသည်။

အချို့မိန်းကလေးများလည်း အတင့်ရဲတတ်ကြ၏။ အိမ်ရှင်ယောက်ျား၏ ရင်ခွင်ကြားသို့ ညအခါ ဝင်ရောက်ကာ ခွေရဲ၏။ ဤကဲ့သို့ ခွေရဲသည့်အခါ မယားဖြစ်သူ ရာမပွဲ၊ ရုပ်ရှင်ပွဲ၊ အောင်ညီမ်းပွဲများမှာ စွဲနေခိုက်ကြုံချေက အပုံကြီး မခက်ပေသား ထိုကဲ့သို့ ဖြစ်ပျက်ဆဲ ဖြစ်ပျက်လုနီး မဖြစ်ဘဲဖြစ်၊ ဖြစ်စဖြစ်န တစ်ခါထဲမှာ သာလွန်၍ စွဲစရာကောင်းသော ဇာတသာလိ ပြည်သား ပဋိက္ခရားခေါ်တောတို့နှင့် ကျော်စော၍ သွားသောအခါ၌ အိမ်ရှင်ယောက်ျားမှာ ဒိန်းဒလိန်း တမ္ဘူပူးကာ အရှုးနှာ ထတတ်ခြင်း ဖြစ်လေသည်။

ဤကား အတွေးမဟုတ် အတွေ့ဖြစ်ခဲ့ဖူးပေသည်။ ကိုယ်တွေ့မဟုတ်၊ မိတ်ဆွေတစ်ယောက်၏အတွေ့ကို တွေ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်လေသည်။ ၎င်းအား မယားကပင် ရှင့်နှယ်ကော်၊ ဒီလောက်တောင် ဖြစ်ရသလား၊ ချွေးနေရာမရသလို တောင်ပြေးမြောက်ပြေးနဲ့၍ဟု ပြောရလေသည်။ ၎င်းမိတ်ဆွေသည် ခေါ်တောနဲ့ ထွက်ပြေးသော အစေခံမကလေးကို ညတွင်းချင်းပြန်မိသောအခါ နှင်ဒါလောက်လင်လိုချင်ရင် ငါတစ်ယောက်လုံးရှိတယ်ဟဲ့ ချွေးကောင်မလေးရဲ့ ပြောခါ အရှုးပမာ မိန်းကလေးအား အတင်း ဗလက္ကာရ ပြုမည်ကြံသဖြင့် မယားဖြစ်သူ ဆူပွက်မှ သတိရရှာလေသည်။

ထို့ပြင် မရိုးသားသော အစေခံမကလေးများ မွေးမိသည့်အတွက် ဆိုးပါးခြင်းဖြစ်ရသူတွေလည်း များစွာရှိကြလေသည်။ အခြားအရေးကြီးသော အချက်မှာ အတွင်းမီး အပြင်ကို ရောက်တတ်ခြင်းဖြစ်ရာ လူပိုလူလျှံထားခြင်းသည် အများမသိကောင်းသော အတွင်းမှုတို့ကို အများသိအောင်လုပ်ရာ ရောက်လေသည်။

ယောက်ျားကလေးများကို ထားခြင်း၊ ဆင်းရဲသောကြောင့် လက်ခံကျွေးမွေးထားခြင်းမှာ သာ၍ပင် ဆိုးတတ်လေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ "ခြေနှစ်ချောင်းနှင့် လူဖူးတောင်း" ဟူသော စကားရှိသဖြင့် အထူးချဲ့ရန် မလိုတော့ပေ။

အစေခံထားနိုင်သော အခြေအနေရှိသဖြင့် အစေခံနှင့်တူစွာ အစေခံ၏လစာကို ဟုတ်ဟုတ်ညားညား ပေး၍ ထားနိုင်ချေက တင့်တယ်ပေမည်။ သို့မဟုတ်မူ၍ အစေခံ၏လစာကို မပေးနိုင်ဘဲ အမျိုးသမီးကလေးများအား ရက်စက်စွာ နိုင်းစေခြင်းမှာ ထိုမိန်းကလေးများအပေါ်၌ မတရားရာရောက်လေသည်။ ၎င်းတို့မှာ မိမိတို့ ပင်ပန်းသောအခါကို ပြည့်စုံစွာမရ။ အချို့မှာ လုံးလုံးမရ။ ၎င်းတို့၏ ရက်စက်သောမိဘနှင့် ပွဲစားများ



သာ ရကြသဖြင့် ဆိုးဝါးသောမိဘများအား ကလေးများကို ကျွန်လုပ်ခြင်းအလေ့၌ အားပေးရာ ရောက်လေသည်။ ဤအလုပ်သည် လူမျိုး၏ စိတ်နေသဘောထားပုံကို ယုတ်နိမ့်အောင်ပြုလုပ်သော အလေ့ဆိုးကြီး ဖြစ်လေသည်။

လင်ပျို မယားပျိုတို့ ငယ်ရွယ်သူတို့၏ အိမ်ထောင်များမှာ အစေခံကို သာ၍ပင် မလိုအပ်ပေ။ သေးငယ်သော အိမ်ထောင်များမှာ အလုပ် ထိုမျှလောက်မများပေ။ လင်ယောက်ျားဖြစ်သူက ငွေကိုရှာအောင်ရှာဖွေနိုင်ပါလျက် စလယ်ဝင်အိုးနှင့် အိမ်အလုပ်ကလေးများကို မလုပ်နိုင်သော မိန်းမသည်မိန်းမပေ့၊ မိန်းမပျင်းမျိုးနှင့် ခြားနားတော့မည် မဟုတ်ပေ။

ပျင်းလျှင် မသန့်ရှင်းနိုင်၊ ပျင်းသောမိန်းမသည် အဘယ်မှာပင် ဖြူစင်သန့်ရှင်းလှစေကာမူ ၎င်း၏လက်ဖြင့် လုပ်ကိုင် ချက်ပြုတ်သောအစာကို ကျွန်ုပ်ကား အဘယ်သောအခါမျှ မစားနိုင်ပေ။ အကြောင်းမူကား ပျင်းလျှင် အရာရာ၌ သန့်ရှင်းသင့်သလောက် သန့်ရှင်းမည် မဟုတ်ပေ။ နံနက်၌ မျက်နှာလည်းသစ် ဆံလည်းဆေး၊ ပါးနီလည်းဆိုးသော မိန်းမမျိုး၏ အကျင့်သည် အဘယ်မျှ ရွံစရာကောင်းလိမ့်မည်နည်း။

အိမ်ထောင်ကလေးများမှာ အစေခံထားခြင်းသည် အပျင်းကို အားပေးခြင်းပင် ဖြစ်လေသည်။ ပျင်းသော မိန်းမတို့သည် လုလျှင် ထစ်မျက်နှာသာ လာတတ်၏။ ကိုယ်အင်္ဂါအားလုံးမှာ ကျန်းမာခြင်း၏ ဖွံ့ဖြိုးစိုပြည်သော အဆင်းမရှိဟုတ် ပျင်းလျှင် လျှော်ခြင်း ဖွပ်ခြင်းစသည့်လုပ်များကို ကောင်းစွာမလုပ်သည့်အတွက် လက်မောင်းများမှာ မကြီးမထွား။ လက်မောင်းပိန်ကလေးများမှာ ကိုယ်လုံးကိုယ်ပေါက်နှင့်မမျှ သေးငယ်သဖြင့် အမြင်ဆိုးသော ဖားပြုတ်လက်များနှင့် တူလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်ုပ်၏ ကွယ်လွန်သော မိန်းမနှင့် ယခုမိန်းမမှာ လွန်စွာ မြန်ထက်၍ အလုပ်လွန်စွာကောင်းသဖြင့် လက်မောင်းများမှာ အလေးမ,သူများကဲ့သို့ ပြည့်ဝလျက် လုံးကျစ်သော ၎င်းတို့၏ ကိုယ်နှင့်စာလျှင် အချိုးအစား လွန်စွာကျလေသည်။

အခိုင်းအစေ လုပ်ငန်းစားများအပြင် မွေးစားခြင်းကို သည်း များစွာ သတိပြုရမည်။ မသိသောသူများ၏ ကလေးများကို မွေးစားမိသောကြောင့် ကြီးသောအခါ ဒုက္ခများစွာ တွေ့ကြရသူတွေ ရှိကြလေသည်။

အချို့မှာ သားသမီးမရသဖြင့်လည်းကောင်း၊ သားသမီးရှိလျက်နှင့် မကျေနပ်၍လည်းကောင်း၊ မသိသောသူများ၏ ကလေးများကို မွေးစားမိကြရာ မျိုးရိုးဇာတိ ပင်ကိုမကောင်းတတ်သည့်ပြင် မွေးစားသောကလေးများ၏ ထုံးစံအတိုင်း အလိုလိုက်ခြင်းခံရသောကြောင့် ကြီးသောအခါ ဆိုးသွမ်းတတ်ကြလေသည်။ အကယ်၍ မွေးစားလိုက ဓာတ်သိဖြစ်သော နီးစပ်သူများ သားချင်းပေါက်ဘော်များ၏ ဆင်းရဲသောကလေးများကို မွေးမြူသင့်ကြလေသည်။ မည်သည့်အမျိုးအစားစုမှာ မဆို ဆင်းရဲသူများရှိကြလေရာ အမျိုးထက် သူစိမ်းကိုမှ ပိုမို၍ ချစ်တတ်ခြင်းသည် စိတ်နေသဘောထား၏ အပြစ်တစ်မျိုး ဖြစ်လေသည်။

❖ ❖ ❖ ❖ ❖



## အိမ်လည်ခြင်း

မြန်မာလူမျိုးမှာ အိမ်လည်ခြင်းအလေ့သည် လွန်စွာ ဆိုးဝါးသော အလေ့တစ်ခု ဖြစ်လေသည်။ အိမ်နီးပါးချင်းတစ်ရွာတည်း တရပ်တည်းနေသူများပင် ဖြစ်စေကာမူ အကြောင်းမဲ့ သွားလာခြင်းသည် အနှောင့်အယှက် အမျိုးမျိုးကို ဖြစ်စေနိုင်၏။ ထိုအနှောင့်အယှက်များမှာ သိသာသော အနှောင့်အယှက်၊ မသိသာသော အနှောင့်အယှက်အမျိုးမျိုးတွေ ဖြစ်ကြလေသည်။

အချို့သော ယောကျာ်းများသည် အိမ်၌ စားရုံသာ အိမ်မှာနေ၍ အခြားအချိန်များမှာ အလုပ်မရှိလျှင် အိမ်နီးပါးချင်းထံ သွား၍ နေတတ်ကြ၏။ သို့သွားသောအိမ်များ၌ ရုပ်ရည်သနားဖွယ် မိန်းမများ အပျိုကြီးများသော်လည်းကောင်း၊ တစ်ခုလပ် မုဆိုးမများသော်လည်းကောင်း ရှိတတ်ကြ၏။ ၎င်းတို့မှာ ဂုဏ်သရေရှိသူများ အနေအထိုင် အတော်အတန် သားနားသူများလည်း ဖြစ်တတ်လေရာ၊ ၎င်းတို့ထံသို့ လာ၍လည်နေကျဖြစ်သူ ယောကျာ်းတစ်ယောက် မပေါ်လာလျှင် တမျှော်မျှော်နေတတ်ကြ၏။ လာလျှင်လည်း စားဖွယ်သောက်ဖွယ် အကောင်းကလေးများနှင့် ဧည့်ခံကာ၊ စကားလက်ဆုံကျ၍ နေတတ်ကြ၏။ ပြောပုံဆိုပုံ အမူအယာမှာ အပြစ်ဆိုစရာမရှိ လွန်စွာနားလည်၏။ ရတနာ ဆုံးပါးနှင့် အမြဲနေ၏။ ပုတီးလက်ကိုင်လည်း ရှိတတ်၏။ သို့သော်လည်း သားမယားရှိပါလျက် အိမ်မှာမနေနိုင်ဘဲ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ညှို့သည်က ၎င်းတို့ထံ သွားရပါသနည်း။ ဤကား ကိုယ်တောင့်နက်မှသာ သိအပ်သော အခြင်းအရာဖြစ်၏။ ထို အိမ်သားများကလည်း ဘယ်အတွက် တမျှော်မျှော်နေကြရပါ သနည်း။

အများအားဖြင့် ထိုမိန်းမမျိုးနှင့် ညှို့သည်၏ မယားမှာ များစွာ အရောဝင်လှေ့ မရှိကြပေ။ မေးထူးခေါ်ပြောမှုထက်ပို လှေ့မရှိပေ။ အတော်အရေးကြီးသော မမာရေး မကျန်းရေးရှိမှ သာ ညှို့သည်ယောကျ်ား၏ အိမ်သို့ သွားရောက်မေးမြန်းတတ် ကြလေသည်။ ဤကား အဘယ်လို သဘောမျိုးနည်း။

သို့ယောကျ်ားဖြစ်သူ သွားလာမှု ကာလပတ်လုံး အိမ်၌ရှိသော မိန်းမမှာ မပြောသာ၍ မပြောဘဲနေရသော်လည်း စိတ်၌ကား အဘယ်နည်းနှင့်မှု အေးချမ်းမည်မဟုတ်ပေ။ အထူး သဖြင့် ညားပြီးစမယားမျိုးမှာလည်း သာ၍ပင် နာကျင်တတ် လေသည်။

ဤကဲ့သို့သော လူတစ်မျိုးအကြောင်းကို ကြားဖူး၏။ ထိုလူမှာ မယားရှိလျက် အမြဲနေ့ဇဥ် အပျိုကြီးတစ်ယောက်၏ အိမ်ကို သွား၍နေ၏။ အပျိုကြီးကလည်း ၎င်းမလာလျှင် တမျှော်မျှော်နေ၏။ လာလျှင် ကျွေးမွေးညှို့ခံ၏။ သို့နေခိုက်မှာ ၎င်းယောကျ်ားမှာ မိန်းမဆုံး၏။ သို့ဆုံးရာ အသိမိတ်ဆွေများက "နေရာကျပြီ အတော်ပဲ သင်းတို့နှစ်ယောက်လဲ တစ်ယောက်ကို တစ်ယောက် ခင်မင်ကြသည်" ဟုပြောကာ ၎င်းတို့နှစ်ယောက် ကို စေ့စပ်၍ပေးကြလေ၏။ ထိုအခါ ယောကျ်ားက ကျုပ်မှာ သူလို မိန်းမတစ်ယောက်ရှိလို့ လူပြည်မှာ ပျော်ပျော်နေရတာ။ သူ့ကိုယူရင် နောင်သူ့လိုဟာတစ်ယောက်ကို ရှာနေရဦးမှာဟု ပြောတာ ငြင်းပယ်သတဲ့။



သို့သော်လည်း သူ့လိုအိမ်လည်ဝါသနာပါသူ တစ်ရာ လျှင် သူ့လိုငြင်းပယ်သူတစ်ယောက် ရှိပါမည်လား။ မယားဖြစ်သူ ၏စိတ်မှာ ဤအတိုင်း မတွေးပေဘူးလား။

ထိုကဲ့သို့သော အခြေအနေမျိုး၌ မယားဖြစ်သူများမှာ နှောင့်ယှက်ဖျက်ဆီးသူများ ပေါ်ပေါက်ချေက လင်ကို စိတ်နာ ပြီး ကလဲ့စားချေသောအနေဖြင့် ဖောက်ပြန်တတ်ကြလေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

၂၈

## လူဝင်လူထွက်

ချောမောလှပသော မယားရှိသူများသည် လူပို့လူလျှံများကို အိမ်၌လက်ခံခြင်းမပြုအပ်ပေ။ အချို့ယောကျ်ားကလေးများမှာ ကိုကို-မမခေါ်ခါ အတွင်းဝင် အပြင်ထွက် လုပ်တတ်ကြ၏။ မီးဖိုကိုဝင်၍ ထမင်းအိုးကိုလှန်ကာ စားတတ်ကြသည်။ ထိုယောကျ်ားပျိုမျိုးမှာ နှုတ်ရဲ လက်ရဲ မရှက်မကြောက် ပြောင်ချော်ချော် ရယ်ရယ်မောမောနှင့် ထမင်းအိုးကို လှန်စားသလို လင်ယောကျ်ားကို၊ လစ်ခိုက်မှာ တခြားအစာများကိုလည်း လှန်စားတတ်လေသည်။

ဒီကောင် အရှုးပဲ၊ ဘလွတ်ရှတ်တအကောင်ပဲဟု ယုံစားစိတ်ချလျှင်မှားတတ်လေသည်။ ဖောက်ပြန်လိုသော မိန်းမကလည်း လင့်ရှေ့မှာပင် ဟဲ့တိရစ္ဆာန် ငါနှင့်လိုက်ခဲ့စမ်း၊ မောင်လိုက်တာ ဟိုဘက်နားခဏဟု သဘောရိုး အမူအရာနှင့်ခေါ်တက်သော်လည်း သဘောရိုးသည့်အခါ များစွာသဲသောဆန်းဖြစ်တတ်လေသည်။

ဆုံးမတတ်သော ဆရာသမားဂုဏ်သိက္ခာ သမာဓိဂုဏ်ရှိဟန်နှင့် လူကြီးများသည်လည်း စိတ်မချအပ်ပေ။

ကျွန်ုပ်ကိုယ်တိုင် မော်ဆရာကြီးတစ်ယောက်နှင့် ခင်မင်ရာ အတွင်းဝင်အပြင်ထွက် အခွင့်ပြုထား၏။ ကျွန်ုပ်တူမနှင့် ကျွန်ုပ်၏မယားဖြစ်သူက ၎င်းကိုယုံကြည်၍ ကောင်းစွာညှော်၍ စကားပြောကြရာ မယားငယ်ယူတတ်သော ယောကျ်ားများ



အကြောင်းသို့ စကားရောက်လေသည်။ ထိုအခါ ၎င်းဆရာကြီးက လင်ယောကျ်ားမယားငယ် မယူနိုင်သောနည်း မိမိမှာရှိသည်ဟု ပြော၏။ မိန်းမနှစ်ယောက် ထိုနည်းကို မရမက မေး၏။ ထိုအခါ ဆရာကြီးက "တယ်ခက်တာကိုး၊ နင်တို့ တယ်ထူတာပဲ၊ ငါ မပြောချင်ဘူးဟယ်" စသည်ဖြင့် ငြင်းလေလေ၊ အတူးမနှစ်ယောက်က မေးလေလေဖြစ်ရာ၊ ဖောင်စီးလက်ဖွဲ့ဆိုတာ နင်တို့ ကြားဖူးဘူးလားဟု ဆရာကြီးကပြော၏။ အတူးမ နှစ်ယောက်က မသိကြောင်းပြောပြရာ တစ်တစ်ခွခွပြောပြပြီး နင်တို့ကိုယ်တိုင်လုပ်ဖို့ ပြောတာမဟုတ်ဘူးဟု ၎င်းတို့ထံမှ ကျွန်ုပ်ကိုယ်တိုင်တစ်ဆင့် ကြားရလေသည်။ ထိုအခါကျမှ ဆရာသမားလုပ်သူများထဲ၌ ဤလိုလူမျိုးတွေ ပါဝင်၍နေကြောင်း သိရလေသည်။

အချို့သောဆရာကြီးများမှာ ရုပ်ရည်လည်းသားနား အပြောအဆို ကျနွေ့လွန်စွာခန့်ညားပြီး ရိုးသားဟန်ဆောင်တတ်ကြရာ ၎င်းတို့မှာ အာသဝေါကုန်ခန်း၍ နေသည်ဟူ၍ပင် မှတ်ထင်ရလေ၏။ မိန်းမများ မကျန်းမမာ၍ ၎င်းတို့ကို ယုံကြည်စိတ်ချပြီး၊ နှီးနှီးကပ်ကပ် သားအဖကဲ့သို့လည်းကောင်း၊ တူအရီးကဲ့သို့လည်းကောင်း၊ ကြည့်ရှုပြုစုကုသသည်ကို လင်ယောကျ်ားက အခွင့်ပြု၏။ လင်ယောကျ်ား၏စိတ်ကား ငါ့မယား ငါ့ကိုချစ်သည်။ ဆရာလဲ လူရိုး လူအကြီးဟု စိတ်ချကာ မလျော်သောအကြောင်းအရာကို သတိသော်မှရမည် မဟုတ်ပေ။ ထိုနည်းဖြင့်ကျွန်းမာသောအခါ ဆရာအပေါ် အကြည်ညိုတိုးပြီး/လိုက်ပါ၍သွားတတ်လေသည်။

မိန်းငယ်ငယ်ဖြစ်သောကြောင့် ယောကျ်ားကြီးကြီးနှင့် စိတ်ချ၍ မထားအပ်၊ မိန်းကြီးသောကြောင့် ယောကျ်ားငယ်ငယ်နှင့်လည်း စိတ်ချ၍ မထားအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

အချို့ယောက်ျားများသည် လည်လည်ပတ်ပတ် ထက်ထက်မြက်မြက်ဖြစ်သောကြောင့် အရာရာ၌ အသုံးဝင်၍ အားကိုးလောက်သူဟု မှတ်ထင်ကာ အိမ်၌ထားရာမှ အိမ်တွင် ဩဇာတက်လျက် လင်ဖြစ်သူမှာ ညှိုးသည်၊ လူပုံမှာ အိမ်သည်လို ဖြစ်တတ်လေသည်။ သို့သော်လည်း ထိုကဲ့သို့ ဖြစ်ခြင်းမျိုးမှာ နည်းပါးလေရာ ညီ၏အိမ်၌ အစ်ကို၊ တူ၏အိမ်၌ ဦးလေးကဲ့သို့ သောသူများ ဖြစ်ကြလေသည်။ ထိုကဲ့သို့ ဖြစ်နည်းမှာ လင်ဖြစ်သူ ယုံလွန်းသောကြောင့်လည်းကောင်း၊ ထူဖွွန်း၊ ညံ့လွန်းသောကြောင့်လည်းကောင်း ဖြစ်တတ်လေသည်။

အချို့မှာလည်း အစမှာ လွန်စွာကောင်းပြီး တစ်စ တစ်စလူဆိုးဇာတိကို ပြမှန်းမသိပြကာ အမွှကြီးသူများ ဖြစ်ကြလေရာ၊ ကြောက်တတ်သူများမှာ ခံ၍နေကြရလေသည်၊ မယားက ထိုကဲ့သို့သော လူကြီးဘက်သို့ ပါသည့်အခါ သာ၍ ဆိုးလေသည်။

အစ၌ မယားကလင်ကို အကြောင်းတစ်ခုနှင့် ပတ်သက်၍ အပြစ်တင်၏။ သို့တင်ရာ၌ လူဝင်စား လူဆိုးက မသိမသာ ထောက်ခံ၏။ ထိုနည်းမျိုးဖြင့် လင်ရိုးမှာ လူနံ-လူအ အဖြစ်သို့ ရောက်မှန်းမသိရောက်၏။ သို့ရောက်သည့်အခါ မယားသည် သူ့ဘက်သို့ လုံးလုံးပါတတ်လေသည်။ သို့သော်လည်း ထိုကဲ့သို့ ပြောင်ပြောင်ကြီး ဖောက်ပြန်သော မိန်းမများမှာ လွန်စွာ ရက်စက်၍ လွန်စွာအရှက်နည်းသူများဖြစ်ကြသဖြင့် များစွာမရှိတတ်ကြပေ။ သို့သော်လည်း ထိုမိန်းမမျိုးတွေ ရှိကြောင်း သတင်းစာများဖြင့် အခါခါကြားသိရလေသည်။

မိန်းမများဖောက်ပြန်သည်မှာ အခါခပ်သိမ်း ၎င်းတို့၏ အပြစ်သက်သက်မဟုတ်၊ လင်ယောက်ျားများ၏ အပြစ်ကြောင့်



လည်း ဖြစ်တတ်လေသည်။ လင်ဖြစ်သူသည် ညည့်အခါ အိမ်ကို မပြန်သဖြင့် မသင်္ကာသောမိန်းမသည် ယောက်ျားပျိုအဖော်များနှင့် လိုက်လံရှာဖွေစုံစမ်းရင်းလည်း မှားယွင်းတတ်ကြလေသည်။

အချို့ယောက်ျားများမှာ အဟုတ်တကယ် မယားငယ် ထားငယ်နေသောကြောင့် မိန်းမဖြစ်သူမှာ စိတ်နာပြီး ကလဲ့စား ချေတတ်ကြလေသည်။ အချို့မိန်းမများမှာ လွန်စွာရိုးဖြောင့်လျက် အသောက်အစား အပျော်အပါးကို မုန်းတီးတတ်ကြ၏။ ထိုမိန်းမမျိုးများသည် အမြဲမူးယစ်သောက်စား ပျော်ပါးပြီး အိမ်ကိုပြန်ရာ၌ အကြိမ် လင်နှင့်မယားဟူ၍ ကောင်းစွာ စကားပြောဆိုခွင့်မရ၊ မူးမူးယစ်ယစ် အိပ်ရာထဲသို့ ဝင်လေ့ရှိကြသောကြောင့် စိတ်ပျက်ပြီး ကွက်ပြေးတတ်ကြလေသည်။ ကြောက်တတ်သော မိန်းမဖြစ်ချေက သာ၍ပင် ပြေးလွယ်လေသည်။

ကျွန်ုပ်မှာ နမတစ်ယောက်ရှိ၏။ ၎င်း၏ယောက်ျားမှာ အင်္ဂလိပ်ကျောင်းဆရာဖြစ်၏။ ညားပြီး၍ အခါလယ်မျှ မကြာမီ ကွဲပုံမှာ လင်ဖြစ်သူမူးယစ်ပြီး သေနတ်နှင့်လိုက်သော ကြောင့်ဖြစ်လေသည်။

ထိုအခါ ပထမအမြဲကွဲခြင်းပင် ဖြစ်လေသည်။ ထို့နောက် ယောက်ျားသည် နောင်တရသဖြင့် အတန်တန် လာ၍ ခေါ်၏။ နှိုး၏။ သို့သော်လည်း မရတော့ပေ။ ထို့နောက် ယောက်ျားမှာ မယားစိတ်နှင့် လေလွင့်ခါ အလုပ်ကို မလုပ်နိုင်အောင် ပျက်စီး၍ သေဆုံးရှာလေ၏။ မယားဖြစ်သူမှာကား ယောက်ျားမယူ၊ တကိုယ်တည်း ကျောင်းဆရာမအလုပ်နှင့် ယခုတိုင် လွတ်လပ်စွာ မိန်းသူငယ်ချင်းများကို အဖော်လုပ်၍သာ နေလေတော့၏။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

## ၂၉

## ယောကျ်ားဝတ္တရား

ကျွန်ုပ်တို့လူမျိုးသည် မိန်းကိုရှုတ်ချသော လူမျိုးဖြစ်၏။ မယားဂုဏ်၊ လင့်ဝတ်ဟူ၍ရှိသော်လည်း လင့်ဝတ်အကြောင်းကို များစွာပြောလေ့မရှိ။ လင်ယောကျ်ားများသည်လည်း မယားဝတ်ကျေသည် မကျေသည်ကိုသာ ဂရုစိုက်တတ်ကြ၏။ မိမိတို့၏ ဝတ္တရားကျေ-မကျေဟူမှုကား သတိမထား အမှတ်မဲ့နေတတ်ကြလေသည်။

"နွားနှင့်မယား" ဟူသော စကားသည် လွန်စွာဆိုးသော စကားဖြစ်ရာ အထူးသဖြင့် တောသူတောသားများမှာ သာ၍ မယားကို နှိပ်ကြလေသည်။ အာဖရိက၊ ဩစတြေးလီးယား လူရိုင်းများမှာကား မယားကို ဝန်တင်နွားများလို သဘောထားကြလေသည်။ မြန်မာပြည် တောနယ်များ၌လည်း လင်မယား သွားလာကြသည့်အခါ လေးလံသော ဝန်ထုပ်၊ ဝန်ပိုးကို မယားက ရွက်ကာ လင်၏နောက်မှလိုက်ရ၏။ လင်ဖြစ်သူမှာ ဓားမကို ထမ်းလျက် ရှေ့က သွားလေသည်။

မိန်းမသည် အနုမျိုးဖြစ်၏။ ယောကျ်ားကို အားကိုးပြုရ၏။ ယောကျ်ားဖြစ်သူ ညှာတာကြာနာမှသာ ၎င်းတို့မှာ ချမ်းသာနိုင်လေရာ မိဘကို ကလေး အားကိုးရသလို လင်ကို မယားက အားကိုးရလေသည်။



တရုတ်လူမျိုးများသည် အများအားဖြင့် မိမိဘာသာဘာဝ အဘယ်မျှပင် ကြမ်းကြုတ်ကြစေကာမူ သားမယားအပေါ်၌ ကြည်နူးခြင်းမှာ မြန်မာလူမျိုးများထက် သာလေသည်။ တရုတ်လူမျိုးသည် အလုပ်အကိုင်မှ ပြန်လာသည့်အခါ သားစာ၊ မယားစာ တစ်ခုခုကို လက်စွဲယူဆောင်လာမြဲ ဖြစ်လေသည်။ မြန်မာလူမျိုးများမှာ ထိုအလေ့များမရှိပေ။ အလုပ်အကိုင်၌ ပြန်လာသည့်ခါ သားမယားအတွက် စားဖွယ်သောက်ဖွယ်တစ်ခုခု ပါလာမြဲဖြစ်သော လင်ယောကျ်ားမှာ မျှော်၍နေသော သားမယားသည် အဝေးမှ မြင်သည့်အခါ အဘယ်မျှ အားရှိ၍ သွားပါသနည်း။ အဘယ်မျှ နှစ်သိမ့်ချမ်းမြေ့ခြင်း ဖြစ်ပါသနည်း။ ထိုလင်ယောကျ်ားမျိုးကို မြင်ရသည့်အခါတိုင်း မြင်းမိုရ်တောင်ကြီးမှာ ထင်ရသဖြင့် အနှစ်သာရ ကျက်သရေထင်ပေါ်မြဲ ဖြစ်လေသည်။

ဥရောပတိုင်းသားများသည် သားမယားအတွက် သားမယားနှစ်သက်တတ်သော လက်ဆောင်ကလေးများကို အခါအားလျော်စွာ ပေးလေ့ရှိကြလေသည်။ ကျွန်ုပ်တို့လူမျိုးမှာ ထိုအလေ့မရှိရုံမက အချို့လင်ယောကျ်ားများမှာ အိမ်ကို မာန်ခြင်း၊ ချွင်း အာဏာပါဝါပြခြင်းများကြောင့် သားမယားများမှာ ချမ်းချမ်းသာသာခြင်းမရှိ။ အားကိုးရာလည်းမမည်။ ၎င်းတို့ကို မြင်ရသော်လည်း အားမရှိသဖြင့် လင့်ကွယ်ရာမှာ လင်၏ အတင်းသိုင်း ပြောကြလေသည်။

လင်၏အတင်းကိုပြောသော မိန်းမသည် မကောင်းမှုတ်သည့်ကား မှန်၏။ သို့သော်လည်း အတင်းမပြောဘဲ မနေနိုင်အောင်ကျင့်သော လင်များလည်း ရှိကြလေသည်။

အချို့သော လင်များမှာ ရှာဖွေ၍ရသော ငွေကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ အကုန်အစင်မသိစေရ၊ ၎င်းတို့ပေးသမျှကို မယားဖြစ်သူ ယူရလေသည်။ ရှာဖွေ၍ရသမျှကို ရမည်။ အကုန်အစင် ဂဏန်းတွက်စာရင်းပြုရပါမည်ဟု မဆိုလို။ လှို့ဝှက်စွာ အလွဲသုံးစားလိုသော မရိုးသားသောအကျင့်မျိုးကိုကား အပြစ် ဆိုထိုက်လှပေသည်။

စာရင်းအင်းနှင့် အလုပ်ကြီးလုပ်နေသူသည် မယားဖြစ်သူအား ယုံနေ၊ ဘယ်လောက်ရှာသည်ဟု မပြနိုင်ပေ။ သို့သော်လည်း ရိုးရိုးသားသား သဘောထား၍ ရိုးသားစွာ ကျင့်အပ်လေသည်။ လင်ဖြစ်သူမရိုးက မယားဖြစ်သူမှာလည်း မရိုးသောစိတ်ပေါ်ပေါက်တတ်လေသည်။ လင်ဖြစ်သူက အခြားမှာ သုံးစားလှို့ဝှက်၏။ မယားဖြစ်သူကလည်း အိမ်ကနေ၍ အနည်းနည်း ဉာဏ်ရှိသလောက် လမ်းအခွင့်ရသလောက် လှို့ဝှက်ခါ အခြားသူများကို အပ်နှံ၍ထားသဖြင့် ဆုံးပါးကြသည့်အကြောင်းများကို ကြားသိရဖူးလေသည်။

မိန်းမသည် ကလေးနှင့်တူ၏။ ယောကျ်ားကစ၍ ဝတ္တရားကျေပွန်က ၎င်းတို့လည်း ဝတ္တရားကျေပွန်မြဲဖြစ်လေသည်။ ယောကျ်ားဝတ္တရားကျေပွန်လျက် ဆိုးသွမ်း ဖောက်ပြန်ကာ မရိုးမသား ကျင့်ကြံသော မိန်းမကား များစွာမရှိ၊ ခြွင်းချက် အချို့လည်း ရှိကြပေမည်။ အစကနဦးကပင် သတိနှင့် ရွေးချယ်၍ ယူသော မိန်းမဖြစ်က ထိုခြွင်းချက်မျိုးမှာ ပါဝင်မည် မဟုတ်ပေ။

❖ ❖ ❖ ❖ ❖



## လင်နိုင်မိန်းမ

အချို့သော မိန်းမများလည်း လင်ကို နိုင်တတ်၏။ လောက၌ မယားကိုကြောက်ရသော ယောကျ်ားထက် ကျက်သရေယုတ်သူမရှိပေ၊ နည်းလမ်းကျသော အရာတစ်ခုကို မိမိသဘောအတိုင်း မပြုလုပ်နိုင်အောင် မယားကိုကြောက်ရခြင်းထက် ရှက်ဖွယ်သောအရာ လောကမှာ မရှိပေ။

သို့လင်ကိုနိုင်ခြင်းသည် အများအားဖြင့် လင်၏အပြစ်ဖြစ်လေသည်။ ချစ်စ, ခင်စမှာ မယားဖြစ်သူပြောသမျှ လုပ်သမျှ ကောင်းချည်းမှတ်ထင်ကာ နေတတ်ကြသောကြောင့် တစ်စတစ်စကဲပြီး အနိုင်ယူခြင်းဖြစ်ရလေသည်။

သို့ဖြစ်လေရာ ချစ်စ ခင်စ, ကြင်နာစ, အခါမှာပင် လင်ကို နိုင်ချင်သည့်အမူအရာ လက္ခဏာကလေးများ ပေါ်ပေါက်၍လာသည့်အခါတိုင်း မချိုးနှိမ်ဘဲလွှတ်၍ထားကာ နောက်အနိုင်ခံရမည့်သာတည်း။ မယားကိုကြောက်ရသော လင်အဖြစ်မျိုးသို့ မရောက်အောင် ကာကွယ်နည်းမှာ အခြားမရှိ ဤနည်းသည်သာဖြစ်ကြောင်း မြဲမြဲကြီး မှတ်ထားကြစေကုန်သတည်း။

ပီမိုးနင်း

www.burmeseclassic.com